ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၄ ခုနှစ်

တရားရုံးနှစ်စဉ်အစီရင်ခံစာ





၂၀၂၄ ခုနှစ်
တရားရုံးနှစ်စဉ်အစီရင်ခံစာ

သင်သိပါသလား?

တစ်နိုင်ငံလုံးတရားရုံးစုစုပေါင်း ၄၉၂ ရုံး





တစ်နိုင်ငံလုံးတရားသူကြီး/
တရားရေးအရာရှိ စုစုပေါင်း ၁၅၂၁ ဦး



တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်း ၁၀၃%





တိုင်ကြားစာ ၁၄၃၆ စောင်အနက် ၁၄၁၃
စောင်အား စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး
၂၃ စောင်အား စိစစ်ဆဲဖြစ်

သီးသန့်တရားရုံးများတွင်
စစ်ဆေးခဲ့သည့်အမှု
၂၄၆၀ မှ
ရုံးထိုင်စစ်ဆေးခဲ့သည့်
တရားသူကြီး ၄၀၇ ဦး



အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့် အချုပ်ခန်း
၂၆၉ ခုသို့ သွားရောက်စစ်ဆေးခဲ့



ရုံးခွန် ကျပ်သန်း ၅၂၂၂ ကျော်နှင့်
ဒဏ်ငွေကျပ်သန်း ၆၃၃၀ ကျော်
ကောက်ခံရရှိခဲ့



ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း၊
လူကိုယ်တိုင် တက်ရောက်ခြင်းဖြင့်
လည်းကောင်း ပြည်တွင်း/ ပြည်ပ ညီလာခံ၊
သင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ ၂၂ ခု
သို့ တရားသူကြီးနှင့်
တရားရေးအရာရှိ ၃၄ ဦး

စေ့စပ်ဖြေရှင်းရေးဌာန
အသီးသီးတွင် ၁-၁-၂၀၂၄
မှ ၃၁-၁၂-၂၀၂၄ ထိ
စေ့စပ်ဖြေရှင်းရေး
ဆောင်ရွက်သော
အမှုစုစုပေါင်း ၁၆၇၄ မှု၊
အောင်မြင်မှု ၃၄.၆%



ပြည်တွင်း/ပြည်ပတက္ကသိုလ်များ၌
တရားသူကြီး/တရားရေးအရာရှိ ၄၃ ဦး
ဘွဲ့လွန်သင်တန်းများ
တက်ရောက်လျက်ရှိ

အလုပ်သင်ရှေ့နေ ၇၈၄ ဦးအား
စာရင်းတင်သွင်းခွင့်ပြု၍
အထက်တန်းရှေ့နေ ၆၃၇ ဦး
လက်မှတ်ထုတ်ပေးပြီး၊
တရားလွှတ်တော်ရှေ့နေ ၆၂၇ ဦး
အား ဗီဒီယိုကွန်ဖရင့်ဖြင့် ဖြစ်စေ၊
လူကိုယ်တိုင် ဖြစ်စေ
တရားလွှတ်တော်ရှေ့နေလိုင်စင်
အပ်နှင်းခဲ့

မာတိကာ

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ် i
ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တရားရုံး၏တန်ဖိုးများ iii
တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက် iv

အပိုင်း (၁)

တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု ၁

၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ (၃) ရပ် ၃
၁.၂ တရားစီရင်ရေးဆိုင်ရာမူများ ၃
၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာ ၄
၁.၄ တရားရုံးများဖွဲ့စည်းပုံ ၄
၁.၄.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၅
၁.၄.၁.၁ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ၅
၁.၄.၁.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ ၆
၁.၄.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ ၁၀
၁.၄.၂.၁ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ၁၀
၁.၄.၂.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့် အာဏာများ ၁၂
၁.၄.၃ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ ၁၃
၁.၄.၃.၁ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့် အာဏာများ ၁၄
၁.၄.၃.၂ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့် အာဏာများ ၁၅

၁.၄.၄ မြို့နယ်တရားရုံးများ ၁၆
၁.၄.၄.၁ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ ၁၇
၁.၄.၄.၂ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ ၁၇
၁.၄.၅ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ ၁၈
၁.၄.၅.၁ ကလေးသူငယ်တရားရုံးများ ၁၈
၁.၄.၅.၂ စည်ပင်သာယာတရားရုံးများ ၁၉
၁.၄.၅.၃ မော်တော်ယာဉ်တရားရုံးများ ၁၉
၁.၄.၅.၄ မူပိုင်ခွင့်တရားရုံးများ ၂၀
၁.၅ တရားရုံးစီမံခန့်ခွဲမှု ၂၀
၁.၅.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများနှင့် အဖွဲ့များ ၂၀
၁.၅.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံ ၂၂
၁.၅.၂.၁ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ၂၃
၁.၅.၂.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ၂၃
၁.၅.၂.၃ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ၂၅
၁.၅.၃ ရသုံးမှန်းခြေငွေစာရင်းများနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၂၆
၁.၅.၃.၁ ဘဏ္ဍာငွေခွဲဝေရရှိမှု ၂၇
၁.၅.၃.၂ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးခြင်း ၂၈

အပိုင်း (၂)

၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ ၂၉
၂.၁ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း ၃၁
၂.၂ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် မူပိုင်ခွင့်တရားရုံးများ ၃၁
၂.၂.၁ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ၃၂
၂.၂.၁.၁ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၃၂

၂.၂.၁.၂ အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေး ဌာနသို့ လွှဲအပ်ပေးပို့ဆောင်ရွက်ခြင်း ၂၄
၂.၂.၁.၃ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ သင်တန်းများ ၂၅
၂.၂.၁.၄ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း ၂၆
၂.၂.၁.၅ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးသော အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ ၂၆
၂.၂.၂ မူပိုင်ခွင့်တရားရုံး ၂၇
၂.၂.၂.၁ မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးအာဏာများ အပ်နှင်းခြင်း ၂၇
၂.၂.၂.၂ မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ၂၈
(က) စာတမ်းပြုစုဆောင်ရွက်ချက်များ ၂၈
(ခ) မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း ၂၈
၂.၂.၂.၃ မူပိုင်ခွင့်ဥပဒေများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ခြင်း ၄၀
၂.၂.၂.၄ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ၄၁
၂.၃ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း ၄၁
၂.၃.၁ လူစွမ်းအားအရင်းအမြစ်များ ၄၁
၂.၃.၂ လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ၄၂
၂.၃.၃ အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း ၄၄
၂.၃.၄ ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက် သင်ကြားစေခြင်း ၄၄
၂.၄ တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေး အဆင်ပြေစေရန် ဆောင်ရွက်ခြင်း ၄၅
၂.၄.၁ တရားရုံးအသစ်များဆောက်လုပ်ခြင်း ၄၅
၂.၄.၂ ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း ၄၆

၂.၅ တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း ၅၀
၂.၅.၁ ဝန်ထမ်းရေးရာ ကိစ္စရပ်များ ၅၀
၂.၅.၂ ရှေ့နေရှေ့ရပ်ဆိုင်ရာ ကိစ္စရပ်များ ၅၁
၂.၅.၂.၁ ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲ အရေးယူခြင်း ၅၂
၂.၅.၂.၂ တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်း ၅၃
၂.၅.၂.၃ ကြီးကြပ်ရေးအာဏာပိုင်အဖြစ်ဆောင်ရွက်ခြင်း ၅၄
၂.၅.၂.၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းအတွက် ထောက်ခံချက်ပေးခြင်း ၅၆
၂.၅.၃ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး ဆောင်ရွက်ခြင်း ၅၇
၂.၅.၄ ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံခြင်း ၅၈
၂.၅.၄.၁ ရုံးခွန် ၅၈
၂.၅.၄.၂ ဒဏ်ငွေ ၅၈
၂.၆ တရားစီရင်ရေးဆိုင်ရာအသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ချက်များ ၅၉
၂.၆.၁ တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း ၆၀
၂.၆.၂ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များ ထုတ်ပြန်ခြင်း (CJS) ၆၁
၂.၆.၃ တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS) ၆၁
၂.၆.၄ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း ၆၂
၂.၆.၅ မြန်မာနိုင်ငံတရားစီရင်ထုံးနှင့် တရားရေးဂျာနယ် ထုတ်ဝေခြင်း ၆၂
၂.၆.၆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာမှုများ ၆၃
၂.၇ နိုင်ငံတော်၏ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း ၆၄
၂.၇.၁ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ် စီမံကိန်း (၂၀၂၂-၂၀၂၆) ၆၅
၂.၇.၂ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ၆၅
၂.၇.၃ အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ (၂၀၂၃-၂၀၂၈) ၆၅

၂.၇.၄ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသား မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၆၆
၂.၈ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း ၆၆
၂.၈.၁ ဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း ၆၆
၂.၈.၂ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များ ချုပ်ဆိုခြင်း ၆၉

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ ၇၁
၂၀၂၄ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ ၇၃
၃.၁ မှုခင်းများစစ်ဆေးစီရင်ခြင်း ၇၃
၃.၂ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၇၄
၃.၂.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၇၅
၃.၂.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၇၇
၃.၂.၃ ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၈၀
၃.၂.၄ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၈၃
၃.၂.၅ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၈၆
၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း ၈၈
၃.၃.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၈၈
၃.၃.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း ၉၂
၃.၃.၃ ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၉၆
၃.၃.၄ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၁၀၀
၃.၄ စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၁၀၃
၃.၄.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၀၃

၃.၄.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများ သက်တမ်း ၁၀၈

၃.၄.၃ ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၁၁

၃.၄.၄ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၁၄

၃.၅ အမှုရုံးချိန်းသေချာစေမှု ၁၁၇

၃.၆ အယူခံတက်ရောက်မှုနှုန်း ၁၁၈

၃.၆.၁ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း ၁၁၈

၃.၆.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း ၁၂၀

၃.၆.၃ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ် တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း ၁၂၂

၃.၇ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှုရာခိုင်နှုန်း ၁၂၃

၃.၈ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၁၂၆

၃.၉ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၁၂၈

၃.၁၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများအရ စွဲဆိုမှုများ ၁၃၀

အပိုင်း (၄)

ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၁၃၁

အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ

၄.၁ မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ၁၃၂

၄.၂ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၏ အောင်မြင်မှုများ ၁၃၅

၄.၂.၁ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက် စေခြင်း ၁၃၆

၄.၂.၂ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း ၁၃၇

၄.၂.၃ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စိမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဆောင်ရွက်ခြင်း ၁၃၈

၄.၂.၄ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန် ဆောင်ရွက်ခြင်း ၁၃၉

၄.၂.၅ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်း ကိစ္စရပ်တို့ကို တိုးမြှင့် ဆောင်ရွက်ခြင်း ၁၄၀

၄.၃ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ ၁၄၁

နောက်ဆက်တွဲများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၏ တည်နေရာများ နောက်ဆက်တွဲ (က)

သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့်အမှုအရေအတွက် နောက်ဆက်တွဲ (ခ)

သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ နောက်ဆက်တွဲ (ခ-၁)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း နောက်ဆက်တွဲ (ဃ)

ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ နောက်ဆက်တွဲ (င)

ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည့် ဇယား နောက်ဆက်တွဲ (စ)

နိုတြိုပဗ္ဗလစ်၊ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများ အပေါ် အရေးယူဆောင်ရွက်မှုအခြေအနေပြဇယား နောက်ဆက်တွဲ (စ-၁)

ရှေ့နေများအား ကြီးကြပ်ကွပ်ကဲအရေးယူမှု အခြေပြဇယား နောက်ဆက်တွဲ (စ-၂)

တိုင်ကြားစာနှင့် ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်မှု အစီရင်ခံစာများအရ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်း ရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ နောက်ဆက်တွဲ (စ-၃)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ နောက်ဆက်တွဲ (ဆ)

တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ နောက်ဆက်တွဲ (ဇ)

၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းလျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေပြဇယား နောက်ဆက်တွဲ (ဈ)

တိုင်းဒေသကြီး/ပြည်နယ်အလိုက်အရေးကြီးရာဇဝတ်မှုခင်းအခြေပြဇယား နောက်ဆက်တွဲ (ည)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှုများ နောက်ဆက်တွဲ (ဋ)

မဟာဗျူဟာစီမံကိန်း၊ ဒုတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ရလဒ်များ နောက်ဆက်တွဲ (ဌ)

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍ၏ အောင်မြင်မှုများ အပါအဝင် တရားရုံးများ၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များနှင့် အများပြည်သူများ သိရှိနားလည်နိုင်စေရန် ၉ အုပ်မြောက် အစီရင်ခံစာစာအုပ်အဖြစ် ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအား မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာ ဖြင့် ထုတ်ပြန်လိုက်ပါသည်။

ယခုနှစ်အစီရင်ခံစာစာအုပ်တွင် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၌ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ခဲ့သည့် မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၏ အောင်မြင်မှုများအပါအဝင် တရားစီရင်ရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်တို့ကို တရားစီရင်ရေးရည်မှန်းချက်များအဖြစ် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာစာအုပ်၌ တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် အမှုများ၏ ၁၀၃% ကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇) တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀% ထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရေးနှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍ တိုးမြှင့်မှုအနေဖြင့်

နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာ စီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာစာအုပ်တွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူ ဖတ်ရှုသိရှိနိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများကို တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်များမှတစ်ဆင့် ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိခွင့်ရရှိကြသည်ဖြစ်ရာ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ဖော်ဆောင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမည်ဟု အလေးအနက် ယုံကြည်မိပါသည်။ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အချက်အလက်များ၊ ကိန်းဂဏန်းများသည် ပြည်တွင်း၊ ပြည်ပမှ တရားစီရင်ရေးသုတေသနဆောင်ရွက်နေသူများ၊ ဥပဒေပညာရှင်များနှင့် တရားစီရင်ရေးနှင့် အကျိုးသက်ဆိုင်သူများ အားလုံးအတွက် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။ “တရားမျှတမှုရှိစေရေး အားလုံး ပါဝင်ဆောင်ရွက်ပေး” ဟူသော တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း ဆောင်ပုဒ်နှင့်အညီ ပြည်သူများတရားမျှတမှု လက်လှမ်းမီရရှိစေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ဤအစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသူများအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဦးသာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၅ ခုနှစ်၊ ဧပြီ လ ၃၀ ရက်
နေပြည်တော်

မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ

ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေး စနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှု

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်



အပိုင်း (၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

အပိုင်း (၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ(၃) ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်း လုံး၌ တည်သည်။ ယင်းဥပဒေပုဒ်မ ၁၁(က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။



၁.၂ တရားစီရင်ရေးဆိုင်ရာမူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၉ တွင် တရားစီရင်ရေးဆိုင်ရာအခြေခံမူများအဖြစ် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်လည်း တရားစီရင်ရေးဆိုင်ရာ မူများကို အခန်း (၂) ၊ ပုဒ်မ ၃ ၌ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
- ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊
- ပြည်သူတို့၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊
- ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး၊
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊
- ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်အနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြား ရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၁.၄ တရားရုံးများဖွဲ့စည်းပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ အောက်ဖော်ပြပါတရားရုံးများကို ၃၁-၃-၂၀၁၁ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ
- မြို့နယ်တရားရုံးများ
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးပုံအခြေပြပေယား



၁.၄.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၈ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် တည်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ တည်နေရာကို **နောက်ဆက်တွဲ (က)** တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

၁.၄.၁.၁ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၉၉ (ခ) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးထိ ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးတင်ဟုန်သည် ၉-၈-၂၀၂၄ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူခဲ့ရာ လစ်လပ်သွားသည့်နေရာတွင် ပြည်ထောင်စုတရား

သူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်အား ၁၀-၈-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးခဲ့ပါသည်။ သို့ဖြစ်၍ ၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၁၁ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့တွင် ဖွဲ့စည်းပုံအရ ရာထူးအဆင့်အလိုက် အရာထမ်းအမှုထမ်း စုစုပေါင်း ၁၀၆၆၀ ဦးအထိ ခွင့်ပြုထားပြီး ယခုအစီရင်ခံသည့် ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ၅၇၁၂ ဦး ခန့်ထားပြီးဖြစ်၍ ၄၉၄၈ ဦး လစ်လပ်လျက်ရှိပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



သီရိပျံချီ ဦးသာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
(၃-၈-၂၀၂၃) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးမျိုးတင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၆-၂၀၁၇) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးမျိုးမောင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၄-၂-၂၀၂၁) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးကြည်သိန်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၄-၂-၂၀၂၁) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးခင်မောင်ကြီး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၇-၂-၂၀၂၁) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဒေါ်ခင်မေရီ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၇-၂-၂၀၂၁) မှ (ယနေ့ထိ)



ဧယျကျော်ထင် ဦးသောင်းနိုင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးသိန်းကိုကို
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင်ဒေါ်သင်းသင်းနွဲ့
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဒေါ်ပြုံးပြုံးအေး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၉-၈-၂၀၂၃) မှ(ယနေ့ထိ)



ဒေါက်တာ ကိုကိုနိုင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၀-၈-၂၀၂၄) မှ (ယနေ့ထိ)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ စုပေါင်းဓာတ်ပုံ



ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၏ စုပေါင်းဓာတ်ပုံ



၁.၄.၁.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာနှင့် သေဒဏ်အတည်ပြုခွင့်အာဏာများ ရှိသည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချုန်တော်အမိန့်သဘောမျိုး သက်ရောက်သော အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေဘဲ စာချုန်တော်အမိန့် (၅)ရပ်ကို ထုတ်ပိုင်ခွင့်အာဏာ ရှိသည်။[၁] ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ ကိစ္စရပ်များကိုလည်း သီးသန့် ကြားနာစစ်ဆေးပါသည်-

- ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ
- ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

---

[၁] ၃၁-၁-၂၀၂၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) နှင့် ၃၁-၇-၂၀၂၄ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၄)တို့အရ အရေးပေါ်ကာလကို နောက်ထပ် ၆ လစီ (၂)ကြိမ် ထပ်မံသက်တမ်းတိုးမြှင့်ကြောင်း ဆုံးဖြတ်ထားသည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆(ခ)၊ စာချုန်တော်ဥပဒေပုဒ်မ ၃ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ (ခ) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချုန်တော် လျှောက်ထားချက်များကို ရပ်ဆိုင်းထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန်တာဝန်ရှိသည်။ ထို့ပြင် တရားစီရင်ရေးနှင့်သက်ဆိုင်သော ဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ခွင့်ရှိသည်။

၁.၄.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယအမြင့်ဆုံးတရားရုံးများဖြစ်ကြပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (၇) ခုနှင့် ပြည်နယ်တရားလွှတ်တော် (၇) ခုတည်ထောင် ထားရှိပါသည်။

၁.၄.၂.၁ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ



တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီး (အမျိုးသားနှင့်အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၈ (က)(၂) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တစ်ခုစီတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အပါအဝင် တရားလွှတ်တော်တရားသူကြီးဦးရေ အနည်းဆုံး (၃) ဦးမှ အများဆုံး

(၇) ဦးအထိ ခန့်အပ်နိုင်ပါသည်။ ၃၁-၁၂-၂၀၂၄ ရက်နေ့ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး စုစုပေါင်းမှာ (၅၇) ဦး ဖြစ်ပါသည်။

တိုင်းဒေသကြီးပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့်တရားသူကြီးများ
(၁-၁-၂၀၂၄) ရက်နေ့မှ (၃၁-၁၂-၂၀၂၄) ရက်နေ့အထိ

ကချင်ပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးတူးဂျာ	၃၀.၃.၂၀၁၁ မှ ၂၀.၁၂.၂၀၂၄ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်အေးအေးမော်	၂၀.၁၂.၂၀၂၄ မှ ယနေ့အထိ
	တရားသူကြီး ဦးတူးမော်	၃.၁၀.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်မြင့်	၂၄.၈.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်အေးအေးမော်	၃၁.၇.၂၀၂၄ မှ ၁၉.၁၂.၂၀၂၄ အထိ
	တရားသူကြီး ဒေါ်ပြုံးပြုံးကြည်	၂၀.၁၂.၂၀၂၄ မှ ယနေ့အထိ
ကယားပြည်နယ်	တရားသူကြီးချုပ် ဦးထွန်းထွန်းဦး	၁၃.၃.၂၀၂၃ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ချယ်ရီခင်	၁၃.၃.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်သိန်းသိန်းနွင်း	၇.၇.၂၀၂၃ မှ ယနေ့အထိ
ကရင်ပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ခင်ဆွေထွန်း	၂၃.၃.၂၀၂၂ မှ ၂၉.၁၂.၂၀၂၄ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဦးညွှန့်လင်း	၂၉.၁၂.၂၀၂၄ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စိမ်းဝင်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးညွှန့်လင်း	၂၃.၃.၂၀၂၂ မှ ၂၉.၁၂.၂၀၂၄ အထိ
	တရားသူကြီး ဒေါ်နွဲ့နွဲ့ဦး	၂၉.၁၂.၂၀၂၄ မှ ယနေ့အထိ
ချင်းပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးနေစိုး	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်မန်ဟောက်ချန်	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်ဟန်	၁.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၄ အထိ
စစ်ကိုင်းတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးဇော်ထူး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စုစုဝင်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးဟန်သိန်း	၂၅.၁၀.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိမိစိန်	၃၁.၇.၂၀၂၄ မှ ယနေ့အထိ
တနင်္သာရီတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ပိုက်ပိုက်အေး	၁၈.၅.၂၀၂၀ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်အေးအေးသန်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ရင်ရင်သန်း	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
ပဲခူးတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်လွင်လွင်အေးကျော်	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ခင်မာဆွေ	၁၆.၈.၂၀၁၉ မှ ၈.၂.၂၀၂၄ အထိ
	တရားသူကြီး ဒေါ်အေးအေးသန့်	၁၉.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်စိုး	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်အုန်းတင့်	၈.၂.၂၀၂၄ မှ ယနေ့အထိ
	တရားသူကြီး ဒေါက်တာဇော်ဝင်းထွန်း	၃၁.၇.၂၀၂၄ မှ ယနေ့အထိ

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်မိမိမော်	၁၀.၁၀.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်သင်းသင်းချို	၂၆.၆.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်နှင်းထွဋ်	၁၀.၁၀.၂၀၂၃ မှ ယနေ့အထိ
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ခင်သင်းဝေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်လှမြင့်	၁၅.၇.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်ဆန်း	၂၈.၅.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စန်းမြင့်	၂၇.၇.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ကြည်ကြည်စိန်း	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်သစ်ဆွေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးသန်းထွန်းအောင်	၁၉.၁၀.၂၀၂၃ မှ ယနေ့အထိ
မွန်ပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးညီညီစိုး	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ဌေးမြင့်အေး	၇.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ညိုမိစံ	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါက်တာအောင်သီဟ	၃၁.၇.၂၀၂၄ မှ ယနေ့အထိ
ရခိုင်ပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်မြအေး	၁၇.၆.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်ထွန်းသိန်း	၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စောရွှေ	၁၇.၆.၂၀၂၃ မှ ယနေ့အထိ
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်စန္ဒာသွယ်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စိုးခက်ခက်	၆.၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ချိုမာလာ	၂၁.၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးညီထွန်း	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးကျော်စွာငြိမ်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ထားထား	၁၉.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နုနုခင်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
ရှမ်းပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ် ဦးသန်းဦးလွင်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စန္ဒာအောင်	၃.၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်သိန်း	၃. ၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နန်းမေယဉ်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်	၁၁.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်	၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိုးမိုးအေး	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးဝင်းမြိုင်	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စန်းဝင်း	၁၁.၁.၂၀၂၂ မှ ယနေ့အထိ

*** အစီရင်ခံစာထုတ်ပြန်သည့်နှစ်အတွင်း အကျိုးဝင်သည့် တရားသူကြီးများ နှင့် ခန့်အပ်တာဝန်ပေးသည့် ရက်စွဲများကို ဖော်ပြထားခြင်းဖြစ်ပါသည်။**

၁.၄.၂.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၆ အရ တရားလွှတ်တော်များတွင် မူလမူစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမူစီရင်ပိုင်ခွင့်

အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ၊ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော ကိစ္စရပ်များကို စီရင်ပိုင်ခွင့်အာဏာများ ရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မူလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး အမှုတန်ဖိုးကျပ်သိန်း ၃၀၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့်ရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

၁.၄.၃ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့၏ ကြီးကြပ်မှုအောက်၌ရှိသည်။[၂]

အစီရင်ခံသည့်ကာလအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး (၁)ရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၅) ရုံးအပါအဝင် ခရိုင်အဆင့်တရားရုံး ၁၂၅ ရုံးအထိ ဖွဲ့စည်းထားရှိပါသည်။[၃] ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ကို ခန့်အပ်ထားပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးတို့ ခန့်အပ်ထားပါသည်။

---

[၂] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃(က) နှင့် ၄၂

[၃] ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃(က) နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၂ (ဂ)

ခရိုင်တရားရုံးတွင် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများက ချမှတ်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံမှုနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်း ရှိပါသည်။ ခရိုင်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့်လည်း စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာ တရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ခရိုင်တရားရုံးများတွင် ခရိုင်တရားသူကြီးများ အပါအဝင် ခရိုင်အဆင့်တရားသူကြီးစုစုပေါင်း (၂၉၅) ဦး၊ ခရိုင်တရားသူကြီး၏ကြီးကြပ်မှုအောက်တွင် စီမံတာဝန်ထမ်းဆောင်နေသည့် တရားရေးဝန်ထမ်းအဆင့် (၄) ဒုတိယဦးစီးမှူး (၇၉) ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ခရိုင်တရားသူကြီး(အမျိုးသားနှင့်အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

၁.၄.၃.၁ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့်တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏

ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိကြပါသည်။[၄] ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိကြပါသည်။[၅]



၁.၄.၃.၂ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများသည် ဥပဒေကခွင့်ပြုသော မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့်ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိကြပါသည်။

---

[၄] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၈-၁၂-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၃၀/၂၀၂၀

[၅] ----- ၎င်း -----



၁.၄.၄ မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးသည် မူလရုံးဖြစ်ပါသည်။ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ စာရင်းအရ မြို့နယ်တရားရုံးစုစုပေါင်း (၃၃၀)ရုံးရှိပါသည်။ မြို့နယ်တရားရုံးတိုင်းတွင် မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ကို တရားရုံးဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ထားပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်အာဏာရှိပါသည်။ မြို့နယ်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးတည်းဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

၃၁-၁၂-၂၀၂၄ ရက်နေ့အထိ မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးများအပါအဝင် မြို့နယ်အဆင့်တရားသူကြီး စုစုပေါင်း (၇၇၅)ဦးတို့ တာဝန်ထမ်းဆောင် လျက်ရှိပါသည်။



မြို့နယ်တရားသူကြီး (အမျိုးသား နှင့် အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

၁.၄.၄.၁ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများစီရင်ရန် စီရင်ပိုင်ခွင့် အာဏာကိုလည်းကောင်း[၆]၊ ဒုတိယမြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၂၀၀ ထက်မပို သည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းထားပါသည်[၇]။



၁.၄.၄.၂ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် အထူးအာဏာရ တွဲဖက်မြို့နယ် တရားသူကြီးများအား ထောင်ဒဏ်(၇)နှစ်အထိနှင့် အကန့်အသတ်မရှိ ငွေဒဏ်ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ပထမတန်းအာဏာရတွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၃) နှစ်အထိနှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀/- အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ဒုတိယတန်းအာဏာရ တွဲဖက် မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၁) နှစ်အထိနှင့် ငွေဒဏ်ကျပ် ၅၀၀၀၀/-အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ တတိယ တန်းအာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၃)လအထိနှင့် ငွေဒဏ်ကျပ် ၃၀၀၀၀/- အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းထားပါသည်။

---

[၆] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၄-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၅/၂၀၂၄

[၇] ----- ၎င်း -----



၁.၄.၅ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ သို့သော် မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားသည့် မူလမှုစစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို ခရိုင်အဆင့်တရားရုံးများသို့ အပ်နှင်းထားပါသည်။ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများတွင် အောက်ပါတို့ပါဝင်ပါသည်-

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ
- မူပိုင်ခွင့်တရားရုံးများ

၁.၄.၅.၁ကလေးသူငယ်တရားရုံးများ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) အရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပြီး စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ မြို့နယ် (၂၀) တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေး)သည် မန္တလေး မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင် ဖြစ်ပွားသော ကလေး သူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ထိုတရား ရုံးများတွင် ကလေးသက်သေစစ်မေးခန်းအပါအဝင် တရားရုံးအထောက်အကူပြု ကိရိယာ ပစ္စည်းများနှင့် ကလေးသူငယ်များသက်သောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်တို့ကို ဖန်တီး ပေးထားပါသည်။ ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်တရားရုံးများတွင် ကလေးသူငယ်မှုခင်း များကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးများကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

ထို့အပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၉၆ နှင့် ၉၇ တို့အရ ပြစ်မှုကျူးလွန်ခံရသည့် ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား ကျူးလွန်သူ များ၏ အန္တရာယ်ခြိမ်းခြောက်မှုမှအကာအကွယ်ပေးရန်နှင့် ဥပဒေပါ အခွင့်အရေးများ ရရှိစေ ရန်အတွက် ခရိုင်တရားရုံး ၂၀ တွင် UNICEF(မြန်မာ)၏ အကူအညီဖြင့် အထူးသက်သေ စစ်မေးခန်းများ ထားရှိပါသည်။

၁.၄.၅.၂ စည်ပင်သာယာတရားရုံးများ

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာ တရားရုံးများ တည်ထောင်ထားပြီး၊ နေပြည်တော်စည်ပင်သာယာရေးဥပဒေ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးဥပဒေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတို့နှင့်အညီ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်မြို့၊ မန္တလေး မြို့နှင့် နေပြည်တော်တို့တွင် စည်ပင်သာယာတရားရုံး စုစုပေါင်း ၁၀ ရုံးကို သီးခြားစီ ဖွင့်လှစ် ထားပါသည်။

၁.၄.၅.၃ မော်တော်ယာဉ်တရားရုံးများ

ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများကို အရေးယူနိုင်ရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀) နှင့်အညီ စစ်ဆေးစီရင်ရန် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် မော်တော်ယာဉ်တရားရုံး စုစုပေါင်း ၄ ရုံးကို သီးခြားစီ ဖွင့်လှစ်ထားပါသည်။

၁.၄.၅ မူပိုင်ခွင့်တရားရုံးများ

မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို ထိရောက်စွာ စစ်ဆေးနိုင်ရန် ခရိုင်တရားရုံးများကို အာဏာအပ်နှင်းဆောင်ရွက်လျက်ရှိပါသည်။[၈] မူပိုင်ခွင့်ဆိုင်ရာ တရားမကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် ကျောက်တံတားခရိုင်တရားရုံးသို့လည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်ကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် ခရိုင်တရားရုံးအသီးသီးသို့လည်းကောင်း အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။ ထို့ပြင် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။

၁.၅ တရားရုံးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဌာနတွင်းလုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့် လက်အောက်ခံတရားရုံးများကို ကြီးကြပ်ကွပ်ကဲရန်၊ ဘဏ္ဍာရေးကိစ္စရပ်များကို စီမံခန့်ခွဲရန် တာဝန်ရှိသည်နှင့်အညီ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများနှင့်အဖွဲ့များ၊ ရုံးဌာနများကို ဖွဲ့စည်းထားရှိပါသည်။

၁.၅.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများနှင့် အဖွဲ့များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူပြုသည့် ကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများနှင့် အဖွဲ့များသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ဖွဲ့စည်းထားသည့် ကော်မတီများနှင့် အဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်စီမံခန့်ခွဲရေးကော်မတီ"**

---

၈ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၅/၂၀၂၃ မှ ၂၃၉/၂၀၂၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅၅/၂၀၂၃ မှ ၉၅၉/၂၀၂၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆၁/၂၀၂၃ မှ ၉၆၅/၂၀၂၃

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သည့် **“မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်သင်းသင်းနွဲ့ ဦးဆောင်သည့် **“တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သည့် **“စာချုန်တော်လျှောက်ထားမှုအပြီးသတ်အမိန့်များစိစစ်ရွေးချယ်ရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ခင်မေရီ ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသော ဥပဒေများစိစစ်ရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးမောင် ဦးဆောင်သည့် **“ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များကြီးကြပ်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း ဦးဆောင်သည့် **“တရားရုံးများလက်စွဲ (ပထမတွဲ) ပြုစုထုတ်ဝေရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အရေးယူဆောင်ရွက်ရန် အကြောင်းကြားလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ပြန်ကြားရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြီး ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ် e-Gov လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြီး ဦးဆောင်သည့် **“နည်းပညာအသုံးပြုမှုခင်းသတင်းအချက်အလက်စနစ် အကောင်ထည်ဖော်ဆောင်ရွက်ရေး ကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီ”**

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သည့် **“မြန်မာနိုင်ငံတရားစီရင်ထုံး ပြုစုရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှဖွင့်လှစ်သောသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမှတ်စုများပြုစုရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ပြုံးပြုံးအေး ဦးဆောင်သည့် **“ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ တရားစီရင်ရေးစနစ်များအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“အထူးအယူခံမှုစီရင်ချက်များစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“စာချုန်တော်လျှောက်ထားမှုကနဦးအဓိန့်များ စိစစ်ရွေးချယ်ရေးအဖွဲ့”**

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်းဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အထက်ဖော်ပြပါ ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။

၁.၅.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့က တာဝန်ယူဆောင်ရွက်ပါသည်။



၁.၅.၂.၁ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲနှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။





ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်နှင့် အရာရှိကြီးများ၏ စုပေါင်းဓာတ်ပုံ

၁.၅.၂.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ကြီးကြပ်မှုအောက်တွင် စီမံရေးရာဌာန၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ လေ့ကျင့်ဌာန၊ e-Governmentဌာန၊ သတင်းပြန်ကြားရေးနှင့် ပြည်သူ့

ဆက်ဆံရေးဌာန နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာနဟူ၍ ဌာနကြီး (၆) ခု ဖွဲ့စည်းထားရှိပါသည်။





ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၏ စုပေါင်းဓာတ်ပုံ

၁.၅.၂.၃ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် ပြစ်မှုတရားစီရင်ရေးဌာန၊ တရားမတရားစီရင်ရေးဌာန၊ စာချုန်တော်ဌာန၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနဟူ၍ ဌာနကြီး (၆) ခု ဖွဲ့စည်းထားရှိပါသည်။





ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၏ စုပေါင်းဓာတ်ပုံ

၅.၃ ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ဘဏ္ဍာရေးနှစ်အတွင်းကောက်ခံရမည့် ရငွေများကို ကြိုးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်) တို့ကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လုပ်ပိုင်ခွင့်အပ်နှင်းထားပါသည်။

အမြဲတမ်းအတွင်းဝန်သည် ၎င်းအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများသို့ ထပ်မံ၍လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ရငွေများကို ကြိုးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သို့လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သည် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား ထပ်မံ၍ လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ရငွေများကို ကြိုးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) သို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြိုးကြပ်ရန်အတွက် ဌာနတွင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်သည့် “ဌာနတွင်းစာရင်းစစ်အဖွဲ့”ကို ဖွဲ့စည်းထားရှိပြီး၊ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြိုးကြပ်ပံ့ပိုးကူညီရန် ပြည်ထောင်စု

တရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် “စာရင်းစစ်ကော်မတီ”ကို ဖွဲ့စည်းထားရှိပါသည်။

၁.၅.၃.၁ ဘဏ္ဍာငွေခွဲဝေရရှိမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံး၏ ၀.၂၂၁% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံး၏ ၀.၀၈၅% ကို လည်းကောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံး၏ မူလခန့်မှန်းခြေစာရင်းအရ ၀.၁၆၁၁% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံး၏ မူလခန့်မှန်းခြေစာရင်းအရ ၀.၀၇၈% ကိုလည်းကောင်း ဘဏ္ဍာငွေခွဲဝေရရှိခဲ့ပါသည်။

၂၀၂၃– ၂၀၂၄ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၄ – ၂၀၂၅ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက်ခွင့်ပြုငွေနှင့်သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း		သုံးစွဲမှုအခြေအနေ	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅ (ပြုပြင်ပြီး ခန့်မှန်းခြေ)
		၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅			
၁	၂	၃	၄	၅	၆	၇
၁	ငွေလုံးငွေရင်းအသုံးစရိတ်	၀.၂၂၁%	၀.၁၆၁၁%	ခွင့်ပြုငွေ	၁၈၄၄၀.၆၂၇	၁၂၂၂၇.၂၅၈
				အမှန်သုံးငွေ	၁၈၁၄၄.၀၀၆	
၂	သာမန်အသုံးစရိတ်	၀.၀၈၆%	၀.၀၇၈%	ခွင့်ပြုငွေ	၂၂၃၅.၁၄၅	၂၂၆၅၁.၂၃၇
				အမှန်သုံးငွေ	၂၂၆၄၀.၇၁၈	

၁.၅.၃.၂ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးခြင်း

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခွဲဝေရရှိဘဏ္ဍာငွေများကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ နှစ်စဉ်ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရရှိသည့် ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၀.၁၁၈% ကိုလည်းကောင်း၊ သာမန် အသုံးစရိတ် ၁၅.၂၂၉% ကိုလည်းကောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ၀.၅၁၄% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၁၅.၈၉၁% ကိုလည်းကောင်း ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးခဲ့သည့် ဘဏ္ဍာငွေများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၄– ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးသည့်အခြေအနေ
(ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရရှိသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့်ဘဏ္ဍာငွေ(ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ရာခိုင်နှုန်း	
		၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅
၁။	ငွေလုံးငွေရင်းအသုံးစရိတ်	၁၈၄၄၀.၆၂၇	၁၂၂၉၀.၄၈၃	၂၁.၇၃၂	၆၃.၂၂၅	၀.၁၁၈%	၀.၅၁၄ %
၂။	သာမန်အသုံးစရိတ်	၂၂၃၁၅.၁၄၅	၂၅၅၆၈.၃၈၃	၃၃၉၈.၄၀၃	၄၀၅၂.၈၂၅	၁၅.၂၂၉ %	၁၅.၈၉၁ %

အပိုင်း (၂)

၂၀၂၄ ခုနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
ကြိုးပမ်းဆောင်ရွက်မှုများ

အပိုင်း (၂)

၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ

၂.၁ သီးသန့်တရားရုံးများဖြင့်စစ်ဆေးစီရင်ခြင်း

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ[၁]ကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့် မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေး အဆင်ပြေချောမွေ့စေရန်လည်းကောင်း၊ အမှုများကြန့်ကြာမှုမရှိစေရန်လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများဖွဲ့စည်း၍ စစ်ဆေးစီရင်ရန်တာဝန်ပေးအပ်ခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၌ သီးသန့်တရားရုံးများသို့ စွဲဆိုတင်ပို့ခဲ့သောအမှု ၂၄၁၅ မှုရှိခဲ့ပြီး ယခင်နှစ်လက်ကျန်မှုများ အပါအဝင် ၂၄၆၀ မှု စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် စုစုပေါင်းရာဇဝတ်မှု ၃၄၃၃၄၄ မှု စစ်ဆေးပြီးပြတ်ခဲ့ရာ သီးသန့်တရားရုံးများတွင် စစ်ဆေးပြီးပြတ်မှုမှာ တစ်နိုင်ငံလုံးစစ်ဆေးပြီးပြတ်မှု၏ ၀.၇% ဖြစ်ပါသည်။ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် အမှုအရေအတွက်ကို **နောက်ဆက်တွဲ(ခ)** ဖြင့်လည်းကောင်း၊ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သော တရားသူကြီးဦးရေကို **နောက်ဆက်တွဲ(ခ-၁)** ဖြင့် လည်းကောင်းဖော်ပြပါသည်။

၂.၂ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် မူပိုင်ခွင့်တရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) တွင် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှု နှင့်

---

[၁]ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၁(၁-၂-၂၀၂၁)

တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ရန်ဟု ရည်မှန်းထားသည်နှင့်အညီ နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးလျက်ရှိသည့်အပြင် အထူးမှုခင်းကိစ္စရပ်များအနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကျင့်သုံးခြင်း၊ မူပိုင်ခွင့်တရားရုံးများတည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၂.၂.၁ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀-၇-၂၀၂၂ ရက်စွဲပါစာအမှတ် ၁၆/ ၁၂၉/ ပတခ (၁၆၀၁/ ၂၀၂၂) အရ နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် ၁-၈-၂၀၂၂ ရက်နေ့မှစ၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အစီရင်ခံသည့်ကာလအတွင်း စေ့စပ်ဖြေရှင်းရေးနှင့်ဆိုင်သည့် မှုခင်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၂.၂.၁.၁ စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန အသီးသီးတွင် နှစ်ဖက်အမှုသည်စုံလင်သော တရားမကြီးမှု ၁၆၇၄ မှုကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခဲ့ပြီး ၅၇၉ မှုသည် စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အတွက် အောင်မြင်မှု ရာခိုင်နှုန်းသည် ဆောင်ရွက်သည့် အမှုစုစုပေါင်း၏ ၃၄.၆% ဖြစ်သည်။ အောင်မြင်သည့် အမှုအရေအတွက်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနသည် ၂၅၉ မှုဖြင့် အရေအတွက်အများဆုံးဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန (ပြည်ထောင်စုနယ်မြေအပါအဝင်) သည် ၇၄ မှုဖြင့် ဒုတိယအရေအတွက် အများဆုံး ဖြစ်သည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီး၏ စေ့စပ်ဖြေရှင်းရေးအောင်မြင်မှုအခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် အမှုစုစုပေါင်း ၅၇၉ မှု တွင် ငွေကြေးဆိုင်ရာအမှု ၃၅၈ မှုပါဝင်ပြီး အရေအတွက်အများဆုံးဖြစ်သည်။ ကျန်အမှုအမျိုးအစားများမှာ မိသားစုဆိုင်ရာအမှု ၁၃၄ မှု၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု ၄၀ မှုနှင့် အခြားအမှု ၄၇ မှု တို့ဖြစ်သည်။ အခြားအမှုများတွင် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု၊ စာရင်းရှင်းလင်းပေးစေလိုမှု၊ ကျူးကျော်သူအားဖယ်ရှား၍ မြေကွက်လက်ရောက်ရလိုမှု၊ အခွင့်အမိန့်ဖြင့် ထားသူအားနှင်လိုမှု၊ အပေါင်ပစ္စည်းအားရွေးနုတ်လိုမှု၊ အိမ်ငှားများအားနှင်ထုတ်ပေးစေလိုမှု၊ အပေါင်ဒီကရီရလိုမှု အစရှိသည့်အမှုများ ပါဝင်သည်။



စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုများအား အမှုအမျိုးအစားအလိုက်ခွဲခြားပြပုံ

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးတွင် ယခုနှစ်အတွင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် လက်ခံရရှိသည့်အမှု ၃၉၅၅ မှုနှင့် ယခင်နှစ် လက်ကျန် ၉၆ မှု၊ စုစုပေါင်း ၄၀၅၁ မှုအနက် နှစ်ဖက်အမှုသည်စုံလင်သော ၁၆၇၄ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အမှုသည်လာရောက်ခြင်းမရှိသည့် ၂၃၁၀ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်ခြင်း မရှိပါ။ စေ့စပ်ဖြေရှင်းရန် ကျန်ရှိသည့် အမှု ၆၇ မှု ဖြစ်ပါသည်။ ယင်းကဲ့သို့ စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုသည်များ မလာရောက်နိုင်ရသည့် အဓိက အကြောင်းရင်းများမှာ စေ့စပ်ဖြေရှင်းရေးဌာန တည်ရှိရာနေရာနှင့် အမှုသည်များ တည်ရှိရာ နေရာသည် ခရီးကွာဝေးခြင်း၊ ခရီးစရိတ်ကုန်ကျခြင်းနှင့် အချိန်ကုန်ကျခြင်း တို့ဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်လျက်ရှိသော တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အများပြည်သူ ပိုမိုလက်လှမ်းမီရေးဆိုင်ရာ လုပ်ငန်းများနှင့် ယင်းစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အတွက် အသိပညာပေးရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

၂.၂.၁.၂ အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဘဏ်အပေါင်မှုများအား အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် ၁၅-၈-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများသည် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၈-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆/၁၅၉/ ပတခ (၁၆၈၂/၂၀၂၄) ဖြင့် စစ်ဆေးဆဲဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်း လိုကြောင်း ပဏာမ ဒီကရီမချမှတ်မီ သက်ဆိုင်ရာတရားရုံးသို့ နှစ်ဖက်တင်ပြလျှောက်ထား လာပါက အထူးကိစ္စရပ် အနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးနိုင်ရန် စေ့စပ်ဖြေရှင်း ရေးဌာနသို့ အမှုများကို လွှဲအပ်ပေးပို့ဆောင်ရွက်ရန် ညွှန်ကြား ခဲ့ပါသည်။ ယင်းသို့ ညွှန်ကြားခဲ့ ပြီးနောက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေ

ရှင်းရေးဌာနများမှ ဘဏ်အပေါင်မူစုစုပေါင်း ၂၉ မှု အား အောင်မြင်အောင် စေ့စပ် ဖြေရှင်းပေး နိုင်ခဲ့ပါသည်။ စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် ၂၉ မှုတွင် မြန်မာ့စီးပွားရေးဘဏ်မှ စွဲဆိုသော အမှု ၇ မှုနှင့် အခြားဘဏ်များမှ စွဲဆိုသောအမှု ၂၂ မှုတို့ ပါဝင်သည်။

၂.၂.၁.၃ စေ့စပ်ဖြေရှင်းရေးဆိုင်ရာသင်တန်းများ

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်း ကိစ္စရပ်များဌာနသည် တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စေ့စပ်ဖြေရှင်းရေး နှင့်စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၂) ကြိမ်၊ စေ့စပ်ဖြေရှင်းရေးမွမ်းမံသင်တန်း (၁) ကြိမ်၊ စုစုပေါင်း သင်တန်း (၃) ကြိမ်ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ပို့ချရာ တိုင်းဒေသကြီး နှင့်ပြည်နယ်အသီးသီးမှ သင်တန်းသား စုစုပေါင်း (၁၃၅၅) ဦး တက်ရောက်ခဲ့ကြသည်။ ထို့အပြင် Judicial College တွင် ဖွင့်လှစ်သည့် ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၃၃) မှသင်တန်းသားစုစုပေါင်း (၈၁)ဦးအတွက် တရားမမှုများတွင် စေ့စပ် ဖြေရှင်းခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်းပြီး သင်ခန်းစာပို့ချခြင်း၊ သင်တန်းသားများ ကိုယ်တိုင် ပါဝင် သရုပ်ပြသည့် Mock Mediation အစီအစဉ်ဆောင်ရွက်ခြင်းနှင့် သင်တန်းပြီးဆုံးသည့် အခါ ယင်းသင်တန်းသားများထံမှ နားလည်မှုစစ်တမ်းလွှာ ကောက်ယူအကဲဖြတ်ခြင်းတို့ကို လည်း ဆောင်ရွက်ခဲ့ပါသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်သင်တန်းပို့ချနေစဉ်

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှု ဆင့်ပွားသင်တန်းများကို ကချင်၊ ကယား၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ မန္တလေး၊

ရောဝတီတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်း (၆) ကြိမ် ပို့ချခဲ့ရာ တရားသူကြီးနှင့်တရားရေးအရာရှိ (၅၂၂) ဦးနှင့် တရားရုံးဝန်ထမ်း (၅၁၅) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၂.၂.၁.၄ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်း ကိစ္စရပ်များဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနများ၏ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၂-၃-၂၀၂၄ တွင် (၁) ကြိမ်၊ ၁၄-၅-၂၀၂၄ တွင် (၁) ကြိမ်၊ ၁၈-၉-၂၀၂၄ တွင် (၁) ကြိမ် စုစုပေါင်း (၃) ကြိမ် ကျင်းပခဲ့ပါသည်။

၂.၂.၁.၅ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုပေါင်း ၅၇၉ မှု ရှိသည့်အနက် ၅၃၆ မှုကို တရားရုံးအသီးသီးက အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်မှုအခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် ၅၇၉ မှုတွင် တရားလွှတ်တော်အဆင့်မှ ၅ မှု၊ ခရိုင်အဆင့် တရားရုံးများမှ ၂၆၆ မှု နှင့် မြို့နယ်အဆင့်တရားရုံးများမှ ၃၀၈ မှု တို့ပါဝင်သည်။ တရားလွှတ်တော်အဆင့်မှ အောင်မြင်သည့် ၅ မှု တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှ

၁ မှု (လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု)နှင့် ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်မှ ၄ မှု (ငွေရလိုမှု၊ အပေါင်ဒီကရီရလိုမှု၊ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု)တို့ ဖြစ်ကြသည်။ ယင်းအမှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုပေးပို့သည့်နေ့မှ တရားရုံးက အဓိန့်ချမှတ်သည်အထိ ကြာမြင့်ချိန်မှာ အနည်းဆုံးအချိန် တစ်လခွဲမှ အများဆုံးအချိန် လေးလခန့်သာ ကြာမြင့်ခဲ့ပါသည်။ သို့ဖြစ်၍ တရားမမှုများ မှန်မှန်ကန်ကန် ဖြင့် မြန်ဆန်စွာပြီးပြတ်ရေးအတွက် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်က များစွာအထောက်အကူ ဖြစ်စေခဲ့ပါသည်။

၂.၂.၂ မူပိုင်ခွင့်တရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ချိုးဖောက်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ စစ်ဆေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မူပိုင်ခွင့်တရားရုံးများသို့ အာဏာအပ်နှင်းဆောင်ရွက်စေခဲ့ပါသည်။

၂.၂.၂.၁ မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးအာဏာများ အပ်နှင်းခြင်း

၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့သည် ၂၀၂၃ ခုနှစ်တွင် အာဏာသက်ဝင်ခဲ့ပြီးနောက် တိုထွင်မှုမူပိုင်ခွင့်ဥပဒေသည်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် - ၁၀၆/၂၀၂၄ အရ အာဏာသက်ဝင်ခဲ့ပါသည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေများအရ စွဲဆိုမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ၂၀၂၃ ခုနှစ်အတွင်း တရားရုံး အဆင့်ဆင့်သို့ အပ်နှင်းခဲ့ပြီးလည်း ဖြစ်သည်။[၂]

---

[၂]ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၃၅/၂၀၂၃)၊ (၂၃၆/၂၀၂၃)၊ (၂၃၇/၂၀၂၃)၊ (၂၃၈/၂၀၂၃) နှင့် (၂၃၉/၂၀၂၃)အရလည်းကောင်း၊

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများကိုစစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃)၊ (၉၆၂/၂၀၂၃)၊ (၉၆၃/၂၀၂၃)၊ (၉၆၄/၂၀၂၃)၊ (၉၆၅/၂၀၂၃)အရလည်းကောင်း၊

၂၀၂၄ ခုနှစ်အတွင်း တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ ရာဇဝတ်ကြောင်းဖြင့် လည်းကောင်း၊ တရားမကြောင်းဖြင့်လည်းကောင်း စွဲဆိုသည့် မူလမှုခင်းများအား စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ၊ အယူခံနှင့် ပြင်ဆင်မှုစစ်ဆေးစီရင်ပိုင်ခွင့်အာဏာများနှင့်အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် တရားစီရင်ရေးဆိုင်ရာ ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန်အာဏာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၃-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈၉/ ၂၀၂၄)၊ (၆၉၀/ ၂၀၂၄)၊ (၆၉၁/ ၂၀၂၄)၊ (၆၉၂ / ၂၀၂၄) နှင့် (၆၉၃/ ၂၀၂၄) တို့ဖြင့် တရားရုံးများသို့ အပ်နှင်းခဲ့သည်။

၂.၂.၂.၂ မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်စာတမ်းပြုစုခြင်းနှင့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း တို့ကိုလည်း အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်။

(က) စာတမ်းပြုစုဆောင်ရွက်ချက်များ

အစီရင်ခံသည့် ကာလအတွင်း စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ လေ့ကျင့်သင်ကြား ရေးမှတ်စုဖြစ်သည့် “စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေများ” စာအုပ် ကိုလည်း အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန ညွှန်ကြားရေးမှူးက အဖွဲ့ ခေါင်းဆောင်အဖြစ် ပါဝင်လျက် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

(ခ) မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း

တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အတွေ့အကြုံဗဟုသုတများ မျှဝေနိုင်ရန်ရည်ရွယ်၍ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ၁၇-၈-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြား ရေးမှူးချုပ်အစည်းအဝေးခန်းမတွင် hybrid system ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုတရား

စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ စွဲဆိုမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၅၅/၂၀၂၃)၊ (၉၅၆/၂၀၂၃)၊ (၉၅၇/၂၀၂၃)၊ (၉၅၈/၂၀၂၃)၊ (၉၅၉/၂၀၂၃)အရလည်းကောင်းအပ်နှင်းခဲ့ပါသည်။

လွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံး များမှ တရားသူကြီး နှင့် တရားရေးအရာရှိ စုစုပေါင်း (၈၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင်လည်း မူပိုင်ခွင့်ဥပဒေရေးရာ အသိအမြင် ဆွေးနွေးပွဲကို ၂၈-၄-၂၀၂၄ ရက်နေ့၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်တရားရုံးများမှ တရားရေးအရာရှိ (၃၅) ဦးနှင့် မန္တလေးရှေ့နေအသင်းမှ ရှေ့နေ (၅၄) ဦး၊ စုစုပေါင်း (၈၉) ဦးတက်ရောက်ခဲ့ပါသည်။



ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် မူပိုင်ခွင့်မှုခင်းများ စွဲဆိုခြင်း ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၂-၃-၂၀၂၄ ရက်နေ့၌ ကျင်းပခဲ့ရာ ခရိုင်အဆင့် တရား သူကြီးများ၊ ရှေ့နေကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အပါအဝင် စုစုပေါင်း (၁၈၆) ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။



မူပိုင်ခွင့်မှုခင်းများ ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၇-၁၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အဆင့် တရားသူကြီးများ၊ ရှေ့နေကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအပါအဝင် စုစုပေါင်း ၁၁၉ ဦး တက်ရောက်ခဲ့ပါသည်။



၂.၂.၂.၃ မူပိုင်ခွင့်ဥပဒေများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်း ကိစ္စရပ်များဌာနသည် မူပိုင်ခွင့်ဥပဒေများအရ စွဲဆိုလာသည့် မှုခင်းများကို ကြားနာ စစ်ဆေး စီရင်မည့် မူပိုင်ခွင့်တရားရုံးများအတွက် မူပိုင်ခွင့်ဆိုင်ရာ မှုခင်းအား ကြားနာစစ်ဆေး စီရင်ရာတွင် ထိရောက်မြန်ဆန်စွာစစ်ဆေးစီရင်နိုင်ရန်နှင့် တရားရုံး လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီ ဖြစ်စေရန်အတွက် မူပိုင်ခွင့်ဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ မူပိုင်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ သက်ဆိုင်သည့် ပြည်တွင်း တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိစေမည့် လုပ်ထုံးလုပ်နည်းများကို တာဝန်ခံဌာနအဖြစ် တာဝန်ယူ၍ လုပ်ငန်းအဖွဲ့ဖွဲ့စည်းကာ ရေးဆွဲခဲ့ပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေး စီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ၂၀၂၃ ခုနှစ်အတွင်းက ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၃-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉၄/ ၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂.၂.၂.၄ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်အခွင့်အရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ASEAN Network of IPR Enforcement Experts (ANIEE) ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂.၃ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၂.၃.၁ လူ့စွမ်းအားအရင်းအမြစ်များ

၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိ/ တရားသူကြီး ၁၅၂၁ ဦးနှင့်ရုံးဝန်ထမ်း ၄၁၉၁ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်းကို **နောက်ဆက်တွဲ (ဂ)** အဖြစ်လည်းကောင်း၊ ပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (ဃ)** အဖြစ်လည်းကောင်း ဖော်ပြထားပါသည်။



အမျိုးသားတရားသူကြီး/ တရားရေးအရာရှိ (၆၈၇) ဦး



အမျိုးသမီးတရားသူကြီး/ တရားရေးအရာရှိ (၈၃၄) ဦး



အမျိုးသား/ အမျိုးသမီးတရားသူကြီး/ တရားရေးအရာရှိစုစုပေါင်း(၁၅၂၁) ဦး



၂.၃.၂ လွှဲကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပြည်သူများ ယုံကြည်အားထားရသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာရေးအတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လွှဲကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄)၊ (၂/၂၀၂၄) နှင့် (၃/၂၀၂၄) တို့ကို ဖွင့်လှစ်ခဲ့ကာ အဆိုပါသင်တန်းများသို့ တရားရေးအရာရှိကြီးများ စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့ပါသည်။ ထို့ပြင် အစီရင်ခံသည့်ကာလအတွင်း ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂) နှင့် (၃၃) တို့တွင် စုစုပေါင်း ဒုတိယမြို့နယ်တရားသူကြီး (၁၆၁) ဦးကို လွှဲကျင့်ပေးခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးမှ ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၂) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများမှ ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၃) သင်တန်းဆင်းပွဲနှင့်ကျမ်းသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက်စဉ်

၂.၃.၃ အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တရားရုံးများတွင် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ငွေစာရင်းသင်တန်း၊ သတင်းနည်းပညာနှင့် မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်း၊ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်သင်တန်း၊ တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ ဆင့်ပွားသင်တန်း၊ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု ဆင့်ပွားသင်တန်း၊ ဝန်ထမ်းအရည်အသွေးမြှင့်သင်တန်း၊ အမှုထမ်းအသစ်များ၏ လုပ်ငန်းဝင်သင်တန်းစသည့် သင်တန်းစုစုပေါင်း (၄၀) ခုတွင် တရားရုံးဝန်ထမ်း (၁၃၀၅) ဦးတို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

၂.၃.၄ ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားစေခြင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး (၃) ဦး၊ ပါရဂူအကြိုသင်တန်းသို့ တရားသူကြီး(၂) ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၃၅) ဦး၊ အွန်လိုင်းမဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၁၁) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၁) ဦးတို့ တက်ရောက်ခဲ့ပြီး တရားသူကြီး (၁) ဦးမှာ ဥပဒေပါရဂူဘွဲ့ကို လည်းကောင်း၊ တရားသူကြီး(၈)ဦးမှာ မဟာဥပဒေဘွဲ့ကို လည်းကောင်း ရရှိခဲ့ပါသည်။



ပြည်တွင်း/ ပြည်ပ တက္ကသိုလ်များတွင် ဥပဒေပါရဂူနှင့် မဟာဥပဒေသင်တန်းတက်ရောက်လျက်ရှိသော တရားရေးအရာရှိ အရေအတွက်ပြပုံ

၂.၄ တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူစွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တရားရုံးအဆောက်အဦများကို အဆင့်မြှင့်တင်ဆောက်လုပ်ခြင်း၊ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ခြင်းတို့ကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါသည်။

၂.၄.၁ တရားရုံးအသစ်များဆောက်လုပ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း Judicial College II (၁၆၄x၁၂၆) ပေ RCC (၃) ထပ် အဆောက်အဦ၊ ဧယျာသီရိခရိုင်တရားရုံး (၂၀၀x၁၄၀) ပေ RCC (၂) ထပ် အဆောက်အဦ၊ ထန်းတပင်မြို့နယ်တရားရုံး (၁၄၇x၅၆) ပေ RCC (၂) ထပ် အဆောက်အဦ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး (၁၉၄x၇၄) ပေ RCC (၂) ထပ် အဆောက်အဦ၊ ကြို့ပင်ကောက်မြို့နယ်တရားရုံး (၁၄၇x၅၆) ပေ RCC (၂) ထပ် အဆောက်အဦ၊ မုဒုံမြို့နယ်တရားရုံး (၁၃၆x၆၂) ပေ RCC (၂) ထပ် အဆောက်အဦ၊ ငပုတောမြို့နယ်တရားရုံး (၁၂၈x၃၈) ပေ RCC (၃) ထပ် အဆောက်အဦ၊ အောင်လံမြို့နယ်တရားရုံး (၉၀x၇၀) ပေ RCC (၄) ထပ် အဆောက်အဦတို့ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ အမှတ် (၁) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်တရားရုံး (၃) ထပ် အဆောက်အဦ အကြီးစားပြုပြင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။



Judicial College အဆောက်အဦ (၂)



ဒေယျာသီရိခရိုင်တရားရုံး



ထန်းတပင်မြို့နယ်တရားရုံး



ကြို့ပင်ကောက်မြို့နယ်တရားရုံး



မုဒုံမြို့နယ်တရားရုံး



ငပုတောမြို့နယ်တရားရုံး



အောင်လံမြို့နယ်တရားရုံး

၂.၄.၂ ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများသက်သာချောင်ချိရေး၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးခဲ့ရာ သဃ်နိုးကျွန်း မြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ (၈) ခန်းတွဲ (၆) ထပ်ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။



သဃ်နိုးကျွန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ

၂.၅ တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရာတွင် ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း၊ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ခံနေရ သူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးရရှိရေး ဆောင်ရွက်ခြင်း၊ ရုံးခွန်နှင့် ဒဏ်ငွေ ကောက်ခံခြင်း တို့ ပါဝင်ပါသည်။

၂.၅.၁ ဝန်ထမ်းရေးရာကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင် ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန် ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှု တို့ကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သော အရေးယူဆောင်ရွက်မှု ပြုလုပ်ပါသည်။

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ရက်နေ့အထိလက်ခံရရှိခဲ့သည့် တိုင်ကြားစာ (၁၄၃၆) စောင်တွင် (၁၄၁၃) စောင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ (၂၃) စောင်မှာ စုံစမ်း စစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် တိုင်ကြားစာ (၉၇၈)စောင် နှင့် တိုင်တန်းမှုမမှန်ကန်သည့် တိုင်ကြားစာ (၄၃၂) စောင်တို့ကို ပိတ်သိမ်းခဲ့ပြီး အရေးယူမှုပြုခဲ့သည့် တိုင်ကြားစာ (၃) စောင် ရှိပါသည်။

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	စုံစမ်းစစ်ဆေးဆောင်ရွက်မှု			
		စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲ	တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် ဝိတ်သိမ်းခြင်း	တိုင်တန်းမှု မမှန်ကန်၍ ဝိတ်သိမ်းခြင်း	အရေးယူ အပြစ်ပေးခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး	၁၇၀	၂	၁၆၇	-	၁
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်	၅၁	၃	-	၄၆	၂
အခြားဝန်ကြီးဌာနများ	၄	-	၄	-	-
ပြည်ထောင်စုတရားသူကြီးချုပ် ထံလိပ်မူ/ မိတ္တူပေးပို့သည့်စာ	၁၂၁၁	၁၈	၈၀၇	၃၈၆	-
စုစုပေါင်း	၁၄၃၆	၂၃	၉၇၈	၄၃၂	၃

ထို့ပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံး အဆင့်ဆင့်ရှိ တရားရေးအရာရှိ/ တရားသူကြီး (၈၄) ဦး၊ ရုံးဝန်ထမ်း (၆၅) ဦး၊ စုစုပေါင်း (၁၄၉) ဦး တို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (c)** တွင် ဖော်ပြထားပါသည်။

၂.၅.၂ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသည် ရှေ့နေလိုင်စင်စိစစ်ထုတ်ပေးခြင်း၊ ရှေ့နေရှေ့ရပ်များအား ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ကျင့်ဝတ်ဖောက်ဖျက်သည့် ရှေ့နေများအား အရေးယူခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်အဖြစ်

ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းအတွက် ထောက်ခံချက်ပေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၂.၅.၂.၁ ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနသည် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ၊ အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာများကို ရှေ့နေရှေ့ရပ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ၂၀၂၄ ခုနှစ်အတွင်း ရှေ့နေအလုပ်သင်အဖြစ် ခွင့်ပြုသူ (၇၈၄) ဦး ရှိပါသည်။ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသူ (၆၃၇) ဦးနှင့် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသူ (၆၂၇) ဦးတို့ကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စိစစ်လက်ခံဆောင်ရွက်ခဲ့ပါသည်။ အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေ လိုင်စင်ရရှိသူများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ https://www.unionsupremecourt.gov.mm Website မှတစ်ဆင့် ကြေညာအသိပေးခဲ့ပါသည်။

၂၀၂၄ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူပေးရန် တိုင်စာနှင့် အစီရင်ခံစာ စုစုပေါင်း (၁၈၄) စောင် လက်ခံရရှိခဲ့ပါသည်။ နိုတြီပဗ္ဗလစ်များအပါအဝင် ရှေ့နေရှေ့ရပ်များအား စုံစမ်းမှုပေါ်ပေါက်ချက်၊ တရား လွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအစည်းအဝေးသို့တင်ပြ၍ အစည်းအဝေးဆုံးဖြတ်ချက်များအရ အရေးယူခဲ့ပါသည်။ နိုတြီပဗ္ဗလစ်လုပ်ငန်းကို ပေါ့လျော့စွာဆောင်ရွက်သူ (၁) ဦးကို နိုတြီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၁၃) ဦးနှင့် တရားရုံးများအပေါ် မထီမဲ့မြင်ပြုလုပ်သူ (၁) ဦးတို့ကို နှစ်အကန့်အသတ်ဖြင့် အမှုလိုက်ပါခွင့်ဆိုင်းငံ့ခြင်း၊ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရသူ (၅၄) ဦးတွင် တရားလွှတ်တော်ရှေ့နေ (၇)ဦး၊ အထက်တန်းရှေ့နေ (၂) ဦးတို့ကို အမှုလိုက်ပါခွင့် နှစ်အကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ တရားလွှတ်တော်ရှေ့နေ (၂၉) ဦးကို ထုတ်ပယ်ခြင်း၊ အထက်တန်းရှေ့နေ (၁၅) ဦးကို ထုတ်ပစ်ခြင်းနှင့် တရားလွှတ်တော်ရှေ့နေ (၁) ဦးကို သတိပေးခြင်း အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည့် ဇယားကို **နောက်ဆက်တွဲ (စ)** ဖြင့် လည်းကောင်း၊ နိုတြီပဗ္ဗလစ်၊ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေအား **နောက်ဆက်တွဲ (စ-၁)** ဖြင့် လည်းကောင်း၊ ရှေ့နေများအပေါ် ကြီးကြပ်ကွပ်ကဲအရေးယူမှုအခြေပြဇယားကို **နောက်ဆက်တွဲ (စ-၂)** ဖြင့် လည်းကောင်း၊ ရှေ့နေများအပေါ် တိုင်ကြားစာအရေအတွက်နှင့် အရေးယူဆောင်ရွက်မှုအခြေပြဇယားကို **နောက်ဆက်တွဲ (စ-၃)** ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

၂.၅.၂.၂ တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားသူများအနက် ၁၁-၄-၂၀၂၄ ရက်နေ့တွင် (၁၂) ကြိမ်မြောက်အဖြစ် တရားလွှတ်တော်ရှေ့နေ (၂၄၄) ဦး၊ ၂၇-၁၁-၂၀၂၄ ရက်နေ့တွင် (၁၃) ကြိမ်မြောက်အဖြစ် တရားလွှတ်တော်ရှေ့နေ (၂၅၉) ဦး၊ စုစုပေါင်း (၅၀၃) ဦးတို့ကို Hybrid System ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပါသည်။



၁၁-၄-၂၀၂၄ ရက်နေ့တွင် ကျင်းပသော (၁၂) ကြိမ်မြောက် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း



၁၁-၄-၂၀၂၄ ရက်နေ့တွင်ကျင်းပသော (၁၂)ကြိမ်မြောက် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ
အခမ်းအနားမှ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ခင်မေရီက လက်မှတ်ပေးအပ်ခြင်း



၂၇-၁၁-၂၀၂၄ ရက်နေ့တွင်ကျင်းပသော (၁၃) ကြိမ်မြောက် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ
အခမ်းအနားမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြီးက လက်မှတ်ပေးအပ်ခြင်း

၂.၅.၂.၃ ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ဆောင်ရွက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား

အဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)၊ (၂၀၂၄-၂၀၂၈) တို့ကို ချမှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၄-၃-၂၀၂၂ ရက် စွပါ အမိန့်အမှတ် (၁/၂၀၂၂) ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရား စီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနအား ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အရ သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်စေရန် ကြီးကြပ်ရေး အာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

ကြီးကြပ်ရေးအာဏာပိုင် (Competent Authority) သည် လုပ်ငန်းများ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ရှေ့နေရှေ့ရပ် များအား လုပ်ငန်းခွင်ပြင်ပကြီးကြပ်ခြင်းအနေဖြင့် Off-site စစ်တမ်းလွှာများ ဖြေဆိုစေခြင်း၊ လုပ်ငန်းခွင်အတွင်း ကွင်းဆင်း (Onsite) စစ်ဆေးခြင်း၊ တရားရေးအရာရှိများနှင့် ရှေ့နေရှေ့ရပ် များအား (AML/ CFT) ဆိုင်ရာ အသိပညာပေးခြင်းတို့အပြင် လူအများအပြား သေကြေစေသည့် လက်နက်ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူမှု (Targeted Financial Sanctions-TFS), (Proliferation Financing- PF) နှင့်သက်ဆိုင်သည့် ကိစ္စရပ်များအကြောင်း အသိပညာမျှဝေခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တရားလွှတ်တော်ရှေ့နေ (၂၇၅၁)ဦး၊ အထက်တန်း ရှေ့နေ (၇၁၁၄) ဦးတို့၏ (AML/ CFT) ဆိုင်ရာ Off-site စစ်တမ်းလွှာများအား လက်ခံ စိစစ် ခဲ့သည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရည်မှန်းချက် (၃) ပါ သတင်းပို့အဖွဲ့အစည်းများ၏ လွှဲပြောင်း ဆောင်ရွက်မှုများ စောင့်ကြည့်စစ်ဆေးမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုစနစ်များ ပိုမိုတိုးတက်လာ စေရန် အစီအစဉ်အရ ကြီးကြပ်ရေးအာဏာပိုင်၏ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် AML/ CFT ဆိုင်ရာ လိုက်နာဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီနယ်မြေမှ ရှေ့နေ လုပ်ငန်းခွင် (၃) ခု၊ ရန်ကုန်မြို့မှ ရှေ့နေလုပ်ငန်းခွင် (၈) ခု၊ မန္တလေးမြို့မှ ရှေ့နေလုပ်ငန်းခွင် (၆) ခု တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တရားရေးအရာရှိများနှင့် သတင်းပို့အဖွဲ့အစည်းများအတွက် အသိပညာပေးဆွေးနွေးပွဲများကို ၂၈-၁-၂၀၂၄ တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အစည်းအဝေးခန်းမတွင် လည်းကောင်း၊ ၃၀-၃-၂၀၂၄ တွင် ပျဉ်းမနားခရိုင်တရားရုံးတွင် လည်းကောင်း ၂၇-၇-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့တွင် Hybrid System ဖြင့် လည်းကောင်း၊ ၂၁-၁၂-၂၀၂၄ တွင် မဟာအောင်မြေခရိုင်တရားရုံးတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

၂.၅.၂.၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းအတွက် ထောက်ခံချက်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေအမှတ် (၄၆/၂၀၂၂) ဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ၂၈-၁၀-၂၀၂၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ရာ မှတ်ပုံတင်လျှောက်ထားမည့် ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များသည် ဥပဒေပုဒ်မ ၇ (ဆ) သို့မဟုတ် ပုဒ်မ ၁၇ (ဏ) နှင့်အညီ မိမိတို့ အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက် ရယူရန် လိုအပ်ပါသည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်မည့် ဥပဒေဆိုင်ရာဝန်ဆောင်မှုပေးလိုသော အသင်းအဖွဲ့များက ယင်းဥပဒေနှင့်အညီထောက်ခံချက် ထုတ်ပေးပါရန် လျှောက်ထားလာလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စိစစ်၍ ထောက်ခံချက်ထုတ်ပေးပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါ အသင်းအဖွဲ့ (၄) ခုတို့ကို ထောက်ခံချက် ထုတ်ပေးထားပါသည်-

(က) မန္တလေးရှေ့နေအသင်း

(ခ) ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)

(ဂ) မုံရွာခရိုင်ရှေ့နေအသင်း

(ဃ) မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း

AML/CFT ဆိုင်ရာ အသိပညာဆွေးနွေးပွဲ ကျင်းပခြင်း





၂.၅.၃ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင်ကြန့်ကြာမှုမရှိစေရေးတို့အတွက် အစီရင်ခံသည့် ကာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများသည် အကျဉ်းထောင် (၁၅) ခု၊ ရဲဘက်စခန်း (၆) ခုနှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၃၀)ခု တို့အား လည်းကောင်း၊ ခရိုင်အဆင့်တရားသူကြီးများသည် အကျဉ်းထောင်(၇)ခု၊ ရဲဘက်စခန်း

(၁) ခုနှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၂၁၀) ခုတို့သို့ လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့် အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

၂.၅.၄ ရုံးခွန်နှင့် ဒဏ်ငွေ ကောက်ခံခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရငွေများဖြစ်သော ရုံးခွန်နှင့် ဒဏ်ငွေများကို အလေအလွင့် မရှိအောင် ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာသို့ နှစ်စဉ် ပေးသွင်းလျက် ရှိပါသည်။

၂.၅.၄.၁ ရုံးခွန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှ လည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင်ရှေ့နေများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၄ ခုနှစ် အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ ၅၂၂၂၄၉၈၅၉၀.၁၇ ကျပ် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ကောက်ခံရရှိသည့် ရုံးခွန်အခြေပြဇယား

တရားရုံးများ	ရုံးခွန်ရရှိငွေ(ကျပ်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်	၂၅၀၇၁၂၀၀၆.၆၀
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ	၆၆၆၂၈၃၂၃၀.၈၃
ခရိုင်တရားရုံးများ	၃၈၉၆၂၁၈၅၉၁.၃၉
မြို့နယ်တရားရုံးများ	၄၀၉၂၈၄၇၆၁.၃၅
စုစုပေါင်း	**၅၂၂၂၄၉၈၅၉၀.၁၇**

၂.၅.၄.၂ ဒဏ်ငွေ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်က တပ်ရိုက်ခဲ့သော ဒဏ်ငွေ စုစုပေါင်းမှာ **၆၃၃၄၅၅၀** ကျပ် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ဒဏ်ငွေရရှိမှုအခြေပြဇယား

တရားရုံးများ	**တပ်ရိုက်ဒဏ်ငွေ (ကျပ်)**	**ကောက်ခံရဒဏ်ငွေ (ကျပ်)**	**ယခင်ကာလအပါအဝင်ကြွေးကျန်(ကျပ်)**
တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ	၁၀၀၀၀၀	၁၀၀၀၀၀	မရှိပါ
ခရိုင်တရားရုံးများ	၄၄၅၃၀၀၀	၄၄၅၃၀၀၀	မရှိပါ
မြို့နယ်တရားရုံးများ	၆၃၈၈၉၂၆၀၅၀	၆၂၈၉၉၂၆၀၅၀	၁၁၉၆၇၀၀၀
စုစုပေါင်း	**၆၄၃၃၅၅၀**	**၆၃၃၄၅၅၀**	**၁၁၉၆၇၀၀၀၀**

၂.၆ တရားစီရင်ရေးဆိုင်ရာ အသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အများပြည်သူသို့ အသိပညာပေးအစီအစဉ်များ၊ ပွင့်လင်းမြင်သာမှုရှိစေရေးဆောင်ရွက်ချက်များအနေဖြင့် တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စီရင်ချက်များ ထုတ်ပြန်ခြင်း၊ တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်းစနစ်ဆောင်ရွက်ခြင်း၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ၊ မြန်မာနိုင်ငံတရားစီရင်ထုံးနှင့် တရားရေးဂျာနယ်ထုတ်ဝေခြင်းတို့ ဖြစ်ပါသည်။

၂.၆.၁ တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “e-Office စနစ် ကျင့်သုံးနိုင်ရေး၊ e-Court များ တည်ဆောက်နိုင်ရေး၊ e-Litigation စနစ်ဖော်ဆောင်ရေး” စသည့် e-Government ဆိုင်ရာဦးတည်ချက်များဖြင့် တရားရုံးနည်းပညာအသုံးပြုလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော “e-Government လုပ်ငန်းစဉ်များအကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ” နှင့် “နည်းပညာအသုံးပြု မှုခင်းသတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီ” တို့က ၂၀၂၄ ခုနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Government ဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပထမလုပ်ငန်းစဉ်အနေဖြင့် နည်းပညာအသုံးပြု မှုခင်းစီမံခန့်ခွဲမှုစနစ် (CMS) ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်သာမက တရားလွှတ်တော်များ၊ ခရိုင်အဆင့်တရားရုံးများ၊ မြို့နယ်အဆင့်တရားရုံးများက အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။

ဒုတိယလုပ်ငန်းစဉ်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနအသီးသီးတွင် စာရွက်အသုံးပြုမှုကို လျော့ချနိုင်ရန်အတွက် စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ် (DMS) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တတိယလုပ်ငန်းစဉ်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Library စနစ်တွင် တရားစီရင်ရေးအတွက် အကျိုးပြုနိုင်မည့် စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များကို တိုးမြှင့်လွှင့်တင်ခြင်း၊ တရားရေးအရာရှိများ အရည်အသွေးမြှင့်တင်ရေးနှင့် လေ့လာဖတ်ရှုနိုင်ရေးအတွက် စာမေးပွဲမေးခွန်းနမူနာများလွှင့်တင်ခြင်းစသည်တို့ကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တရားရုံးအသီးသီးအနေဖြင့် နိုင်ငံတော်ပြန်တမ်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြန်တမ်းများကို e-Library စနစ်မှတစ်ဆင့် ရယူအသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

စတုတ္ထလုပ်ငန်းစဉ်အနေဖြင့် တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေများ၏ အချက်အလက်များ၊ ၎င်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် လျင်မြန်လွယ်ကူစွာ စီမံခန့်ခွဲနိုင်ရန်အတွက် ရှေ့နေရှေ့ရပ် စီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပဉ္စမလုပ်ငန်းစဉ်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက် တရားရုံးများရှိ ဦးစီးအရာရှိများနှင့် အမှုထမ်းများအတွက် ကွန်ပျူတာအသုံးပြုနည်းသင်တန်း များ ဖွင့်လှစ်ခြင်း၊ Online မှတစ်ဆင့် ရှင်းလင်းဟောပြောပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ခြင်း၊ လုပ်ငန်းဝင်သင်တန်းများနှင့် မွမ်းမံသင်တန်းများတွင် ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာ သင်ခန်းစာများ ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းစဉ် (၅) ရပ်အပြင် တရားရေးအရာရှိများ၏ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် e-Learning System ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သင်တန်း ရေးရာကိစ္စရပ်များ ကို Online မှတစ်ဆင့် ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Mini Data Center ၌ Solar စနစ်ဖြင့် Power Redundancy Source တပ်ဆင်ခြင်း၊ ဆိုလာဓာတ်အားပေး စနစ်တပ်ဆင်ခြင်း၊ Data Backup စနစ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂.၆.၂ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်း

တရားရုံးဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို အများပြည်သူ လက်လှမ်းမီမှုနှင့် အများပြည်သူ၏အသိအမြင်ကို မြှင့်တင်နိုင်ရန်၊ တရားရုံးနှင့်ပြည်သူတို့ကြား ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများတွင် ဥပဒေအနက်အဓိပ္ပါယ် ကောက်ယူသုံးသပ်မှုများ ညီညွတ်မှုရှိစေရန်တို့ကို ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှု စီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် ၂၀၁၈ ခုနှစ်မှစ၍ လွှင့်တင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက် (၃၇) ခုကို လွှင့်တင်နိုင်ခဲ့ပြီး လက်ရှိအချိန်ထိ cjs.usc.gov.mm တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစုစုပေါင်း (၂၈၈) မှုအား လွှင့်တင်ဖော်ပြထားပြီး ဖြစ်ပါသည်။

၂.၆.၃ တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာနိုင်ငံ တရားစီရင်ထုံးများကို လွယ်ကူလျင်မြန်စွာ ရှာဖွေအသုံးပြုနိုင်ရန်အတွက် တရားစီရင်ထုံး အကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS) ကို ဆက်လက်အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိပါသည်။ ၁၉၂၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စီရင်ထုံးများကို https://rcms.usc.gov.mm/precedents တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

၂.၆.၄ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ပြည်တွင်းပြည်ပမှ သိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးနှစ်စဉ်အစီရင်ခံစာ (၂၀၂၃ ခုနှစ်) ကို ၁၀-၄-၂၀၂၄ ရက်နေ့တွင် မြန်မာနှင့်အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။





၂.၆.၅ မြန်မာနိုင်ငံတရားစီရင်ထုံးနှင့် တရားရေးဂျာနယ်ထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်ခဲ့သည့် စီရင်ချက်များအနက် ဥပဒေပြဿနာ၊ အကြောင်းခြင်းရာပြဿနာများနှင့်စပ်လျဉ်း၍ စံပြုထိုက်သော စီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံးများအဖြစ် နှစ်စဉ်ထုတ်ဝေလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးကို ၂၀၂၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့ပါသည်။

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသော ရှေ့နေရှေ့ရပ်များသာမက ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဥပဒေဆောင်းပါးများ၊ သုတရသဆောင်းပါးများ၊ အများသိရှိသင့်သော ကြေညာချက်များနှင့် မှတ်သားဖွယ် အထူး

အယူခံစီရင်ချက်များပါဝင်သည့် တရားရေးဂျာနယ် အတွဲ(၄)၊ အမှတ် (၂) နှင့် ၂၀၂၃ ခုနှစ် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် အမှာစာများစာအုပ် တို့ကို ထုတ်ဝေခဲ့ပါသည်။









၂.၆.၆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာမှုများ

ဥပဒေရေးရာဝန်ကြီးဌာနမှ ကြီးကြပ်သူ (၄) ဦးက ဦးစီး၍ Naypyitaw State Academy သင်တန်းအမှတ်စဉ် (၁) မှ ဥပဒေအထူးပြုသင်တန်းသား (၉) ဦးတို့သည် ၆-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာခဲ့ပါသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထွေးက တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ၊ တရားရုံးဖွဲ့စည်းပုံများ၊ တရားသူကြီးများ၏ ဝတ်စားဆင်ယင်မှုများ၊ ရာဇဝတ်မှု၊ တရားမမှုစွဲဆိုပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လေ့လာရေးအဖွဲ့က သိလိုသည်များကို ရှင်းလင်းဖြေကြားခဲ့ပါသည်။



Naypyitaw State Academy သင်တန်းအမှတ်စဉ် (၁) မှ ဥပဒေအထူးပြုသင်တန်းသူများနှင့် ကြီးကြပ်သူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာစဉ်



၂.၇ နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များ တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂.၇.၁ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (National Task Force) တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ National Task Force သည် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း၏ နှစ်အလိုက်လုပ်ငန်းစီမံချက်များအရ လူကုန်ကူးခံရသူများက တရားရုံးတွင် သက်သေခံရာ၌ လုံခြုံရေးနှင့်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

၂.၇.၂ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ၏ ငွေကြေးမဟုတ်သောစီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၏ ကြိုတင်ကာကွယ်ရေးအစီအစဉ်၊ တရားစီရင်ရေးအဖွဲ့များ၏ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

၂.၇.၃ အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ (၂၀၂၃-၂၀၂၈)

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဗဟိုကော်မတီသည် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ၏ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ရန်လိုအပ်သည့် တရားရုံးလုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း၊ မူပိုင်ခွင့်ဆိုင်ရာအသိပညာ ပြန့်ပွား

စေခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးနှင့် ညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

၂.၇.၄ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းကော်မတီသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာစီမံကိန်း၏ အမျိုးသမီးများတရားမျှတမှုလက်လှမ်းမီစေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

၂.၈ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂.၈.၁ ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း

၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားသူကြီးချုပ်သည် ဒေသတွင်းဆွေးနွေးပွဲ (၁) ခုနှင့် ညီလာခံ (၁) ခုသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး တရားရုံးအဆင့်ဆင့်မှ တရားသူကြီးနှင့် တရားရေးအရာရှိ စုစုပေါင်း (၃၃) ဦးတို့သည် ပြည်ပသင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး (၂၀) ခုသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း၊ လူကိုယ်တိုင် လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။ ထို့ကြောင့် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကိုယ်စားလှယ် စုစုပေါင်း (၃၄) ဦးတို့သည် တရားစီရင်ရေးနှင့် သက်ဆိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု (၂၂) ခုတွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ တရားရုံးချုပ်က ကြီးမှူး၍ ၁၁-၁၀-၂၀၂၄ ရက်နေ့မှ ၁၃-၁၀-၂၀၂၄ ရက်နေ့အထိ ကျင်းပသည့် "(၁၉) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာတရားသူကြီးချုပ်များညီလာခံ" သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံ၌ လျင်မြန်စွာပြောင်းလဲလျက်ရှိပြီး လုံခြုံမှု

အားနည်းလာသည့် ကမ္ဘာကြီးတွင် ယုံကြည်မှုထိန်းသိမ်းခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်း၊ တရားစီရင်ရေးကောင်းမွန်ကြံ့ခိုင်စေခြင်း၊ တရားရုံးများအတွက် ဉာဏ်ရည်တုနည်းပညာအကျိုးကျေးဇူးများ၊ ဉာဏ်ရည်တုနည်းပညာကြောင့် တရားရုံးများတွင် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများ၊ ဉာဏ်ရည်တုနည်းပညာ ထွန်းကားသည့်ခေတ်၌ ဥပဒေဖြင့် အသက်မွေးသူများအတွက် စည်းမျဉ်းစည်းကမ်းများနှင့် ရှေ့နေများအား သင်ကြားလေ့ကျင့်ပေးခြင်းတွင် တရားရုံးများ၏အခန်းကဏ္ဍ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဖြတ်ကျော်ခြင်းဆိုင်ရာ ပြဿနာများ၊ တရားရုံးများနှင့်မီဒီယာ (ဆိုရှယ်မီဒီယာအပါအဝင်) စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့
(၁၉) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံသို့ တက်ရောက်စဉ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့တွင် ဖိလစ်ပိုင်နိုင်ငံတရားရုံးချုပ်က ကြီးမှူး၍ ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၁-၁၁-၂၀၂၄ ရက်နေ့အထိ ကျင်းပသည့် "(၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး" သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်သည် အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်

မှုအခြေအနေများ၊ လုပ်ငန်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တရားစီရင်ရေးကဏ္ဍမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်၏ ပြည်ပခရီးစဉ်များကို **နောက်ဆက်တွဲ (ဆ)** ဖြင့် ဖော်ပြထားပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ “(၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး”သို့ တက်ရောက်စဉ်



စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားလွှတ်တော်တရားသူကြီး ဒေါ်စုစုဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ၊ လပ်ခနောင်းမြို့တွင် ၂၀-၁၁-၂၀၂၄ ရက်နေ့မှ ၂၄-၁၁-၂၀၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် "(၂၅) ကြိမ်မြောက် တရားသူကြီးချုပ်များ၏ အပြည်ပြည်ဆိုင်ရာညီလာခံ" သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံသို့ တက်ရောက်လာသော တရားသူကြီးများက လူငယ်နှင့်အနာဂတ်မျိုးဆက်သစ်များအတွက် အရေးပါသော ပြောင်းလဲနေသည့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပုံစံများ၊ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုများ ပြောင်းလဲလာသည့်အပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာပူးပေါင်းဆောင်ရွက်မှု စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၏ ပြည်ပခရီးစဉ်ကို **နောက်ဆက်တွဲ (၉)** ဖြင့် ဖော်ပြထားပါသည်။



စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်စုစုဝင်း
"(၂၅) ကြိမ်မြောက် တရားသူကြီးချုပ်များ၏ အပြည်ပြည်ဆိုင်ရာညီလာခံ"သို့တက်ရောက်စဉ်

၂.၈.၂ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များ ချုပ်ဆိုခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံအမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် "မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" သည် သက်တမ်းကုန်ဆုံးသွားသဖြင့် သတ်မှတ်ထားသည့်သင်တန်းသား အရေ

အတွက် (၄၀၀) ဦး ပြည့်မြောက်သည်အထိစေလွှတ်နိုင်ရန် နားလည်မှုစာချွန်လွှာအား ပြင်ဆင်ပြောင်းလဲမှုမပြုလုပ်ဘဲ နောက်ထပ်သက်တမ်း (၃) နှစ် တိုးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းနားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၊ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် သင်တန်းတက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတရားသူကြီးများနှင့် တရားရေးအရာရှိများကို ၂၀၁၉ ခုနှစ်မှစ၍ စေလွှတ်လျက်ရှိပြီး၊ ၂၀၂၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်နေရသည့်အတွက် သင်တန်းသား စေလွှတ်ခဲ့ခြင်းမရှိပါ။

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

၂၀၂၄ ခုနှစ် မူခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ

၂၀၂၄ ခုနှစ် မှုခင်းစာရင်းများအရ တစ်နိုင်ငံလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုစွဲဆိုမှုမှာ ယခင်နှစ် အမှုစွဲဆိုမှုထက် ၂% လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ရာဇဝတ်မှုနှင့် တရားမမှုများ တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်း ၁၀၃% စစ်ဆေးပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇) တွင် လျာထားသည့် တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်းစုစုပေါင်း ၁၀၀% ထက် ကျော်လွန်ပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃.၁ မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ တရားရုံး၏ ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များ ပြည့်မီနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှု အတိုင်းအတာများကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများ စစ်ဆေးစီရင်မှုအခြေအနေကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) ပါ အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များဖြစ်သည့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အမှုရုံးချိန်းသေချာစေမှု၊ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှု စသည့်အချက်များဖြင့် တိုင်းတာပါသည်။ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း နှစ်အလိုက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို **ဇယား (က)** တွင် ဖော်ပြထားပါသည်။ ထို့အပြင် အယူခံတက်ရောက်မှုနှုန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှုအမျိုးအစား အလိုက် ခွဲခြားခြင်းစသည့် စံနှုန်းများ ပေါ်မူတည်၍လည်း နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား (က) ၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက် အခြေပြဇယား

အဓိကဆောင်ရွက်မှု အတိုင်းအတာ	အခြေခံမျဉ်း အချက်အလက် အရင်းအမြစ်	တိုင်းတာမှု	အခြေခံ မျဉ်း	လုပ်ငန်းလျာထားသတ်မှတ်ချက်		
				၂၀၂၃	၂၀၂၄-၂၅	၂၀၂၆-၂၇
ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း	တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်း	ရာဇဝတ်မှုပြီးပြတ်နှုန်း	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%
		တရားမမှုပြီးပြတ်နှုန်း	၉၅%	၉၈%	၁၀၀%	၁၀၀%
		စုစုပေါင်းပြီးပြတ်မှုနှုန်း	၉၈%	၉၉%	၁၀၀%	၁၀၀%
စစ်ဆေးဆဲ အမှုများ၏ သက်တမ်း	တစ်နိုင်ငံလုံး စစ်ဆေးဆဲ အမှုများ၏ သက်တမ်း	၁၂လအထက် စစ်ဆေးဆဲ ရာဇဝတ်မှု	၂၃%	၆%	၅%	၅%
		၃၆လအထက်စစ်ဆေးဆဲ တရားမမှု	၁၁%	၃%	၂%	၂%
တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု	တရားရုံးများ၏ မေးခွန်း ၁၀ ခု ပါ စစ်တမ်း	တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု	၇၈%	၇၅%	၇၇%	၈၀%
အမှုရွှေ့ဆိုင်းသည့် နှုန်း	တရားရုံးများ	ရာဇဝတ်မှုရွှေ့ဆိုင်းမှုနှုန်း	၅၀%	၂၅%	၂၀%	၂၀%
		တရားမမှုရွှေ့ဆိုင်းမှုနှုန်း	၄၁%	၂၅%	၂၀%	၂၀%
အမှုအလိုက် ကြားနာရန် ချိန်းဆိုသော ပျမ်းမျှရုံးချိန်း အရေအတွက်	တရားရုံးများ	ရာဇဝတ်မှု	၂၂	၈	၈	၈
		တရားမမှု	၂၇	၁၈	၁၄	၁၂

၃.၂ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အဓိကလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အမှုပြီးပြတ်နှုန်းကို တွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့စွဲဆိုတင်ပို့သော အမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့် ယခုနှစ်အတွင်း စွဲဆိုတင်ပို့သော အမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်း အမှုအရေအတွက် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ရန် ရည်မှန်းထားခဲ့ပါသည်-

- ရာဇဝတ်မှုပြီးပြတ်နှုန်း ၁၀၀%
- တရားမမှုပြီးပြတ်နှုန်း ၁၀၀%
- စုစုပေါင်းပြီးပြတ်နှုန်း ၁၀၀%

၃.၂.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား (၁)** တွင် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၄၃၈၃ မှုရှိပြီး၊ ပြီးပြတ်မှုသည် ၄၈၁၆ မှု ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၁၄ % ပိုများသည်ကို တွေ့ရှိရပါသည်။

ဇယား (၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
စွဲတင်	ရာဇဝတ်	၁၄၈၃	၅၆၆	၁၀၇၆	၁၅၁၄	၁၄၅၃
	တရားမ	၂၁၆၁	၁၁၀၇	၁၈၄၄	၂၂၃၃	၂၉၃၀
	စာချွန်	၂၄၃	၇၂	၀	၀	၀
	စုစုပေါင်း	၃၈၈၇	၁၇၄၅	၂၉၂၀	၃၇၄၇	၄၃၈၃
ပြီးပြတ်	ရာဇဝတ်	၁၂၆၇	၁၀၅၁	၉၃၆	၁၄၂၅	၁၅၂၁
	တရားမ	၁၇၃၅	၁၄၉၇	၁၉၉၇	၂၁၆၇	၃၂၉၅
	စာချွန်	၂၂၉	၁	၀	၀	၀
	စုစုပေါင်း	၃၂၃၁	၂၅၄၉	၂၉၃၃	၃၅၈၂	၄၈၁၆
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၈၅%	၁၈၆%	၈၇%	၉၄%	၁၀၅%
	တရားမ	၈၀%	၁၃၅%	၁၀၈%	၉၇%	၁၁၂%
	စာချွန်	၉၄%	၁%	၀%	၀%	၀%
	စုစုပေါင်း	**၈၃%**	**၁၄၆%**	**၁၀၀%**	**၉၆%**	**၁၁၀%**

*** စာချွန်တော်လျှောက်ထားမှုများအပေါ် ပြီးပြတ်မှုရာခိုင်နှုန်း ၀ % ရရှိခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ ပြဋ္ဌာန်းချက်နှင့်အညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားမှုများနှင့်ကြားနာမှုများအား ရပ်ဆိုင်းထားခြင်းကြောင့် ဖြစ်ပါသည်။**



ပုံ (၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၃.၂.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၂)** တွင် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့် အမှုပေါင်း ၁၁၈၅၂ မှုရှိပြီး ပြီးပြတ်မှုသည် ၁၁၅၀၄ မှု ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်အောက် ၆% လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
စွဲတင်	ရာဇဝတ်	၆၀၅၄	၂၁၃၇	၄၅၀၅	၅၄၆၅	၄၉၇၉
	တရားမ	၅၄၇၇	၁၆၈၉	၄၃၅၅	၅၄၇၂	၆၈၇၃
	စုစုပေါင်း	**၁၁၅၃၁**	**၃၈၂၆**	**၈၈၆၀**	**၁၀၉၃၇**	**၁၁၈၅၂**
ပြီးပြတ်	ရာဇဝတ်	၅၇၁၈	၃၉၃၅	၄၆၆၂	၅၄၇၉	၅၀၀၄
	တရားမ	၄၉၈၆	၃၈၇၅	၅၀၃၂	၅၈၀၀	၆၅၀၀
	စုစုပေါင်း	**၁၀၇၀၄**	**၇၈၁၀**	**၉၆၉၄**	**၁၁၂၇၉**	**၁၁၅၀၄**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၄%	၁၈၄%	၁၀၃%	၁၀၀%	၁၀၁%
	တရားမ	၉၁%	၂၂၉%	၁၁၆%	၁၀၆%	၉၅%
	စုစုပေါင်း	**၉၃%**	**၂၀၄%**	**၁၀၉%**	**၁၀၃%**	**၉၇%**



ပုံ (၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၃)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်သည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင် ကယားပြည်နယ်တရားလွှတ်တော်သည် အမှုပြီးပြတ်မှုနှုန်းအမြင့်ဆုံး ဖြစ်ပါသည်။

ဇယား (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
		စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
၁	ကချင်	၂၃၄	၂၀၀	၁၃၆	၁၃၉	၈၅%	၁၀၂%
၂	ကယား	၆	၆	၂	၇	၁၀၀%	၃၅၀%
၃	ကရင်	၁၇၈	၁၉၆	၁၂၄	၁၁၁	၁၁၀%	၉၀%
၄	ချင်း	၀	၀	၀	၀	၀%	၀%
၅	စစ်ကိုင်း	၂၄၈	၂၃၅	၁၆၆	၁၆၂	၉၅%	၉၈%
၆	တနင်္သာရီ	၁၆၂	၁၆၅	၁၁၈	၁၂၉	၁၀၂%	၁၀၉%
၇	ပဲခူး	၄၄၂	၃၉၉	၆၀၃	၄၈၇	၉၀%	၈၁%
၈	မကွေး	၃၀၃	၃၆၁	၃၉၄	၄၅၈	၁၁၉%	၁၁၆%
၉	မန္တလေး	၁၀၃၁	၁၀၆၃	၁၅၅၁	၁၃၆၈	၁၀၃%	၈၈%
၁၀	မွန်	၃၂၆	၃၆၄	၃၈၄	၄၂၀	၁၁၂%	၁၀၉%
၁၁	ရခိုင်	၃၉	၄၁	၂၇	၂၉	၁၀၅%	၁၀၇%
၁၂	ရန်ကုန်	၁၁၂၄	၁၀၉၁	၂၄၄၀	၂၂၅၂	၉၇%	၉၂%
၁၃	ရှမ်း	၃၅၆	၃၇၀	၄၀၄	၃၉၅	၁၀၄%	၉၈%
၁၄	ဧရာဝတီ	၅၃၀	၅၁၃	၅၂၄	၅၄၃	၉၇%	၁၀၄%



ပုံ (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ ၂၀၂၄ ခုနှစ်အတွင်း အမှုပြီးပြတ်မှုနှုန်း နိုင်းယှဉ်ချက်

၃.၂.၃ ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၄)** တွင် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်တွင် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၀၈၃၇ မှုရှိပြီး ပြီးပြတ်မှုသည် ၃၆၇၈၅ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၂% ပိုမိုခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
စွဲဆို	ရာဇဝတ်	၂၀၅၄၀	၁၂၉၂၁	၂၈၂၇၂	၂၂၄၆၁	၁၇၅၁၈
	တရားမ	၁၄၀၃၁	၇၂၄၃	၂၇၄၂၈	၁၅၆၀၉	၁၃၃၁၉
	စုစုပေါင်း	၃၄၅၇၁	၂၀၁၆၄	**၅၅၇၀၀**	**၃၈၀၇၀**	**၃၀၈၃၇**
ပြီးပြတ်	ရာဇဝတ်	၁၇၅၉၅	၁၃၅၄၅	၂၉၃၂၁	၂၆၃၄၄	၁၈၇၅၉
	တရားမ	၁၀၆၄၈	၆၃၅၀	၂၇၈၆၆	၁၈၂၉၉	၁၈၀၂၆
	စုစုပေါင်း	**၂၈၂၄၃**	**၁၉၈၉၅**	**၅၇၁၈၇**	**၄၆၆၄၃**	**၃၆၇၈၅**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၈၆%	၁၀၅%	၁၀၄%	၁၁၇%	၁၀၇%
	တရားမ	၇၆%	၈၈%	၁၀၂%	၁၁၇%	၁၃၅%
	စုစုပေါင်း	**၈၂%**	**၉၉%**	**၁၀၃%**	**၁၁၇%**	**၁၁၉%**

ပုံ (၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ခရိုင်အဆင့်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၅)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကိုကြည့်လျှင် ရာဇဝတ်မှုများတွင် ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများသည် အမှုပြီးပြတ်နှုန်း အမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့်တရားရုံးများသည် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးဖြစ်ပါသည်။

ဇယား(၅) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၅၂၆	၅၄၂	၂၄၇	၃၂၆	၁၀၃%	၁၃၂%
ကယား	၅၁	၆၈	၁၅	၁၁	၁၃၃%	၇၃%
ကရင်	၅၁၉	၅၅၂	၁၀၆	၁၇၈	၁၀၆%	၁၆၈%
ချင်း	၁၃	၁၅	၈	၈	၁၁၅%	၁၀၀%
စစ်ကိုင်း	၁၂၉၉	၁၆၉၀	၂၉၆	၅၂၂	၁၃၀%	၁၇၆%
တနင်္သာရီ	၅၆၈	၆၇၈	၁၇၇	၂၃၂	၁၁၉%	၁၃၁%
ပဲခူး	၁၄၉၇	၁၅၇၉	၁၃၇၇	၁၇၈၁	၁၀၅%	၁၂၉%
မကွေး	၁၁၉၁	၁၂၃၃	၇၂၅	၉၂၈	၁၀၄%	၁၂၈%
မန္တလေး	၃၆၁၀	၃၈၉၀	၃၂၂၃	၄၃၇၆	၁၀၈%	၁၃၆%
မွန်	၁၀၆၉	၁၁၄၅	၆၃၈	၇၇၄	၁၀၇%	၁၂၁%
ရခိုင်	၁၄၂	၁၅၂	၆၁	၇၁	၁၀၇%	၁၁၆%
ရန်ကုန်	၃၅၇၁	၃၆၆၆	၄၇၅၆	၆၆၅၁	၁၀၃%	၁၄၀%
ရှမ်း	၁၉၇၂	၂၀၄၉	၅၈၅	၇၈၂	၁၀၄%	၁၃၄%
ဧရာဝတီ	၁၄၉၀	၁၅၀၀	၁၁၀၅	၁၃၈၆	၁၀၁%	၁၂၅%



ပုံ (၅) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နိုင်းယှဉ်ချက်

၃.၂.၄ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၆)** တွင် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်တွင် မြို့နယ်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၂၂၀၆၇၅ မှုတွင် ပြီးပြတ်မှုသည် ၂၂၇၄၁၉ မှုဖြစ်၍ အမှုပြီးပြတ်နှုန်းမှာ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက် ကျော်လွန်အောင် စစ်ဆေးစီရင်နိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား(၆) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၀	၂၀၂၁	၂၀၂၂*	၂၀၂၃*	၂၀၂၄*
စွဲဆို	ရာဇဝတ်	၃၀၇၀၂၁	၁၁၅၇၉၈	၁၆၉၄၂၁	၂၂၄၂၆၅	၂၀၅၅၄၃
	တရားမ	၂၆၈၈၂	၁၃၀၁၉	၁၉၅၁၄	၁၆၂၂၀	၁၅၁၃၂
	စုစုပေါင်း	**၃၃၅၉၀၃**	**၁၂၈၈၁၇**	**၁၈၈၉၃၅**	**၂၄၀၄၈၅**	**၂၂၀၆၇၅**
ပြီးပြတ်	ရာဇဝတ်	၂၈၃၀၈၇	၁၃၅၈၄၄	၁၈၉၉၁၀	၂၃၇၅၈၆	၂၀၉၁၈၆
	စုစုပေါင်း	**၃၀၅၀၆၉**	**၁၅၀၃၇၅**	**၂၁၅၆၂၄**	**၂၆၀၃၀၀**	**၂၂၇၄၁၉**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၂%	၁၁၇%	၁၁၂%	၁၀၆%	၁၀၂%
	တရားမ	၈၂%	၁၁၂%	၁၃၂%	၁၄၀%	၁၂၀%
	စုစုပေါင်း	**၉၁%**	**၁၁၇%**	**၁၁၄%**	**၁၀၈%**	**၁၀၃%**

*မြို့နယ်တရားရုံးများ၏ ရာဇဝတ်မှုစွဲဆို/ပြီးပြတ်မှုများတွင် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ ပါဝင်ခြင်းမရှိပါ။ အဆိုပါတရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကို ဇယား (၈) တွင် သီးခြားဖော်ပြထားပါသည်။



ပုံ (၆) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့်တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား(၇)** တွင် ဖော်ပြထားပါသည်။ ရာဇဝတ်မှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများသည် ပြီးပြတ်မှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ပြီး၊ တရားမမှုပြီးပြတ်မှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများသည် ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၇) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၁၉၆၃	၁၉၇၉	၁၅၀	၁၈၇	၁၀၁%	၁၂၅%
ကယား	၁၇၂	၁၉၁	၃	၄	၁၁၁%	၁၃၃%
ကရင်	၄၁၉၅	၄၂၀၉	၄၄	၄၈	၁၀၀%	၁၀၉%
ချင်း	၉၈	၉၇	၀	၀	၉၉%	၀%
စစ်ကိုင်း	၅၈၃၁	၆၅၇၁	၁၇၅	၃၈၄	၁၁၃%	၂၁၉%
တနင်္သာရီ	၇၂၃၆	၇၃၁၁	၁၁၃	၁၄၂	၁၀၁%	၁၂၆%
ပဲခူး	၂၈၅၀၉	၂၉၃၀၁	၂၂၂၈	၂၉၁၀	၁၀၃%	၁၃၁%
မကွေး	၇၄၇၃	၇၉၇၉	၁၃၂၀	၁၇၇၂	၁၀၇%	၁၃၄%
မန္တလေး	၂၁၂၀၀	၂၁၇၉၀	၃၇၀၄	၃၉၉၁	၁၀၃%	၁၀၈%
မွန်	၁၀၁၂၇	၁၀၅၆၃	၅၇၃	၇၈၉	၁၀၄%	၁၃၈%
ရခိုင်	၂၁၁၀	၂၀၄၃	၁၂၈	၂၂၃	၉၇%	၁၇၄%
ရန်ကုန်	၃၂၂၈၈	၃၂၁၀၃	၃၃၅၇	၃၄၃၅	၉၉%	၁၀၂%
ရှမ်း	၁၁၈၆၅	၁၂၀၁၃	၅၂၇	၅၂၃	၁၀၁%	၉၉%
ဧရာဝတီ	၇၂၄၇၆	၇၃၀၃၆	၂၈၁၀	၃၈၂၅	၁၀၁%	၁၃၆%



ပုံ (၇) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နိုင်းယှဉ်ချက်

၃.၂.၅ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား (၈)** တွင် ဖော်ပြထားပါသည်။ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများနှင့် ကလေးသူငယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်းသည် ၁၀၀% ဖြစ်ပါသည်။

ဇယား(၈) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
စွဲတင်	မော်တော်ယာဉ်တရားရုံး	၇၉၇၂၃	၂၉၃၇၉	၄၅၅၄၇	၈၅၆၃၆	၁၀၃၂၀၇
	စည်ပင်သာယာတရားရုံး	၅၂၇၁	၁၇၉၀	၅၆၈၂	၄၀၄၄	၅၃၅၇
	ကလေးသူငယ်တရားရုံး	၄၂၆	၂၉၀	၃၈၅	၄၅၇	၃၄၇
	စုစုပေါင်း	**၈၅၄၂၀**	**၃၁၄၅၉**	**၅၁၈၇၄**	**၉၀၅၀၁**	**၁၀၈၉၁၁**
ပြီးပြတ်	မော်တော်ယာဉ်တရားရုံး	၇၉၇၂၃	၂၉၃၇၉	၄၅၅၄၇	၈၅၆၃၆	၁၀၃၂၀၇
	စည်ပင်သာယာတရားရုံး	၅၂၂၉	၁၈၅၉	၆၁၇၅	၅၄၄၉	၅၁၁၈
	ကလေးသူငယ်တရားရုံး	၄၂၇	၃၈၈	၃၉၅	၄၈၀	၃၄၉
	စုစုပေါင်း	**၈၅၃၇၉**	**၃၁၆၂၆**	**၅၂၁၁၇**	**၉၀၄၆၅**	**၁၀၈၈၇၄**
အမှုပြီးပြတ်နှုန်း	မော်တော်ယာဉ်တရားရုံး	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%
	စည်ပင်သာယာတရားရုံး	၉၉%	၁၀၄%	၁၀၄%	၉၉%	၉၉%
	ကလေးသူငယ်တရားရုံး	၁၀၀%	၁၃၄%	၁၀၃%	၁၀၅%	၁၀၁%
	စုစုပေါင်း	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**



ပုံ (၈) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက်ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆) လအထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

၃.၃.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်နှင့်တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချွန်တော်လျှောက်ထားမှုတို့ကို စစ်ဆေးပါသည်။ **ဇယား (၉) နှင့် (၁၀)** တို့တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့် လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၅၄% သည် (၃)လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၃၈% သည် (၃)လမှ(၆)လအတွင်း၊ ၇% သည် (၆) လမှ (၁၂) လအတွင်း၊ ၁% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၉)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် ယခင်နှစ်က (၁၂) လအထက်ကြာမြင့်သည့်အမှု ၃% ရှိပြီး ယခုနှစ်တွင် ၁% သာရှိသဖြင့် ကြန့်ကြာမှုခင်းများ ပိုမိုလျော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၉) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လအောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၆၄၇	၅၁၃	၁၀၇	၀	၁၂၆၇
	ရာခိုင်နှုန်း	၅၁%	၄၀.၅%	၈.၅%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၃၁၈	၁၆၂	၃၅၂	၂၁၉	၁၀၅၁
	ရာခိုင်နှုန်း	၃၀.၃%	၁၅.၄%	၃၃.၅%	၂၀.၈%	၁၀၀%
၂၀၂၂	အရေအတွက်	၅၃၄	၂၉၉	၇၇	၂၆	၉၃၆
	ရာခိုင်နှုန်း	၅၇%	၃၂%	၈%	၃%	၁၀၀%
၂၀၂၃	အရေအတွက်	၈၃၈	၃၅၅	၁၈၉	၄၃	၁၄၂၅
	ရာခိုင်နှုန်း	၅၉%	၂၅%	၁၃%	၃%	၁၀၀%
၂၀၂၄	အရေအတွက်	၈၂၅	၅၇၈	၁၀၃	၁၅	၁၅၂၁
	ရာခိုင်နှုန်း	၅၄%	၃၈%	၇%	၁%	၁၀၀%



ပုံ(၉) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၅၅% သည် (၃) လအောက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပြီး၊ ၃၁% သည် (၃) လမှ (၆) လအတွင်း၊ ၁၁% သည် (၆) လမှ (၁၂) လ အတွင်း၊ ၃% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၀)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့် တရားမမှုများအနက် ယခင်နှစ်က (၁၂) လအထက်ကြာမြင့်သည့်အမှု ၉% ရှိခဲ့သော်လည်း ယခုနှစ်တွင် ၃% သာရှိသဖြင့် ကြန့်ကြာတရားမမှုများ သိသာစွာလျော့ချနိုင်ခဲ့သည်ကို တွေ့ရှိ ရပါသည်။

ဇယား (၁၀) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လအောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၂၁၁	၅၀၀	၁၀၂၄	၀	၁၇၃၅
	ရာခိုင်နှုန်း	၁၂%	၂၉%	၅၉%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၁၇၈	၄၇၇	၂၈၆	၅၅၆	၁၄၆၇
	ရာခိုင်နှုန်း	၁၂%	၃၂%	၁၉%	၃၇%	၁၀၀%
၂၀၂၂	အရေအတွက်	၅	၉၁၄	၆၄၉	၄၂၉	၁၉၆၅
	ရာခိုင်နှုန်း	၀%	၄၆%	၃၂%	၂၁%	၁၀၀%
၂၀၂၃	အရေအတွက်	၇၆၇	၃၁၁	၈၉၉	၁၉၀	၂၁၆၇
	ရာခိုင်နှုန်း	၃၅%	၁၄%	၄၁%	၉%	၁၀၀%
၂၀၂၄	အရေအတွက်	၁၈၁၈	၁၀၁၇	၃၄၉	၁၁၁	၄၂၉၅
	ရာခိုင်နှုန်း	၅၅%	၃၁%	၁၁%	၃%	၁၀၀%



ပုံ (၁၀) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းနှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း စာရွက်တော် လျှောက်ထားမှုများအပေါ် ဆုံးဖြတ်ခဲ့ခြင်း မရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို တစ်နှစ်သတ်မှတ်ကြေညာထားသည့် ကာလ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၂)၊ ၃၁-၇-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၂)၊ ၁-၂-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၃)၊ ၃၁-၇-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ ၃၁-၁-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) နှင့် ၃၁-၇-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄) တို့၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် (၆) လ တိုးမြှင့်သတ်မှတ်သည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာရွက်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာရွက်တော် လျှောက်ထားမှုများနှင့်ကြားနာမှုများအား ရပ်ဆိုင်းထားပါသည်။

၃.၃.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၁)**နှင့် **(၁၂)** တို့တွင် ၂၀၂၀ ခုနှစ် မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ ၄၆% သည် (၃) လအောက်ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပြီး ၂၅% သည် (၃) လမှ (၆) လအတွင်း၊ ၁၅% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၁၄% သည် (၁၂) လ အထက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၁)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက် ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၀% ရှိခဲ့ပြီး ယခုနှစ်တွင် ၁၄% ရှိသဖြင့် ယခင်နှစ်ထက် ပိုမိုစစ်ဆေးပြီးပြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၁၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃-လအောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လအထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၁၉၇၄	၁၆၈၂	၁၂၁၄	၈၄၈	၅၇၁၈
	ရာခိုင်နှုန်း	၃၅%	၂၉%	၂၁%	၁၅%	၁၀၀%
၂၀၂၁	အရေအတွက်	၈၁၈	၁၁၀၄	၁၀၇၉	၉၃၄	၃၉၃၅
	ရာခိုင်နှုန်း	၂၁%	၂၈%	၂၇%	၂၄%	၁၀၀%
၂၀၂၂	အရေအတွက်	၂၀၀၀	၁၀၅၅	၇၁၈	၈၈၉	၄၆၆၂
	ရာခိုင်နှုန်း	၄၃%	၂၃%	၁၅%	၁၉%	၁၀၀%
၂၀၂၃	အရေအတွက်	၂၉၉၆	၁၂၉၈	၆၂၉	၅၄၉	၅၄၇၂
	ရာခိုင်နှုန်း	၅၅%	၂၄%	၁၁%	၁၀%	၁၀၀%
၂၀၂၄	အရေအတွက်	၂၃၁၇	၁၂၃၉	၇၅၀	၆၉၈	၅၀၀၄
	ရာခိုင်နှုန်း	၄၆%	၂၅%	၁၅%	၁၄%	၁၀၀%



ပုံ (၁၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နိဒါန်းယှဉ်ချက်

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး တရားမမှုများ၏ ၃၄% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၁% သည် (၃) လမှ (၆) လအတွင်း၊ ၂၂% သည် (၆) လမှ (၁၂) လအတွင်း၊ ၁၉% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၄% သည် (၃၆) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၂)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်သည့် တရားမမှုများအနက် (၃၆) လအထက် ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၄% သာရှိသဖြင့် ကြန့်ကြာတရားမမှုများ သိသာစွာလျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၁၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၁၂၀၀	၉၁၃	၁၀၂၈	၁၀၆၂	၈၃	၄၉၈၆
	ရာခိုင်နှုန်း	၂၄%	၁၈%	၂၁%	၂၅%	၂%	၁၀၀%
၂၀၂၁	အရေအတွက်	၃၉၅	၆၉၂	၁၂၃၃	၁၁၉၃	၃၆၂	၃၈၇၅
	ရာခိုင်နှုန်း	၁၀%	၁၈%	၃၂%	၃၀%	၉%	၁၀၀%
၂၀၂၂	အရေအတွက်	၁၂၈၇	၁၁၃၈	၁၁၁၁	၁၂၅၃	၂၄၃	၅၂၀၂
	ရာခိုင်နှုန်း	၂၆%	၂၃%	၂၂%	၂၄%	၅%	၁၀၀%
၂၀၂၃	အရေအတွက်	၁၁၁၂	၁၀၁၆	၁၃၈၀	၁၃၆၂	၈၉၆	၅၇၉၆
	ရာခိုင်နှုန်း	၁၉%	၁၈%	၂၄%	၂၄%	၁၅%	၁၀၀%
၂၀၂၄	အရေအတွက်	၂၂၃၃	၁၃၆၀	၁၄၄၉	၁၂၃၂	၂၂၆	၆၅၀၀
	ရာခိုင်နှုန်း	၃၄%	၂၀%	၂၂%	၁၉%	၃%	၁၀၀%

ပုံ (၁၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၃.၃ ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်အဆင့်တရားရုံးများသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၃)** နှင့် **(၁၄)** တို့တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၆၆% သည် (၃) လအောက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၁၉% သည် (၃) လမှ (၆) လအတွင်း၊ ၁၁% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၄% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၃)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်အဆင့်တရားရုံးများတွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၉% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၄% သာ ရှိသဖြင့် ကြန့်ကြာရာဇဝတ်မှုများ လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၃) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၈၅၄၆	၅၂၀၆	၂၉၀၆	၉၃၇	၁၇၅၉၅
	ရာခိုင်နှုန်း	၄၉%	၃၀%	၁၆%	၅%	၁၀၀%
၂၀၂၁	အရေအတွက်	၃၆၀၆	၂၂၄၆	၃၀၈၈	၁၀၃၀	၁၃၅၄၅
	ရာခိုင်နှုန်း	၂၆%	၂၄%	၂၅%	၈%	၁၀၀%
၂၀၂၂	အရေအတွက်	၅၂၆၈၄	၆၃၀၃	၄၃၄၆	၂၄၁၀	၂၆၀၄၃
	ရာခိုင်နှုန်း	၅၀%	၂၄%	၁၇%	၆%	၁၀၀%
၂၀၂၃	အရေအတွက်	၁၀၅၆၉	၆၀၄၅	၆၁၂၅	၅၃၀၃	၂၈၀၇၂
	ရာခိုင်နှုန်း	၃၈%	၂၂%	၂၂%	၁၉%	၁၀၀%
၂၀၂၄	အရေအတွက်	၁၂၄၅၅	၃၄၄၉	၂၄၄၉	၆၅၀	၃၆၅၃၉
	ရာခိုင်နှုန်း	၃၆%	၁၉%	၁၃%	၄%	၁၀၀%

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၉% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၃၃% သည် (၃) လမှ (၆) လအတွင်း၊ ၁၈% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၃% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၁၇% သည် (၃၆) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၄)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်အဆင့်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် တရားမမှုများအနက် (၃၆) လအထက် ကြန့်ကြာခဲ့သည့် အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီး အမှုများ၏ ၂၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၁၇% ရှိသဖြင့် ကြန့်ကြာတရားမမှုများ လျော့ကျအောင် စစ်ဆေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၂၄၆၀	၃၀၇၂	၁၉၇၇	၂၂၉၆	၈၄၃	၁၀၆၄၈
	ရာခိုင်နှုန်း	၂၃%	၂၉%	၁၉%	၂၂%	၈%	၁၀၀%
၂၀၂၁	အရေအတွက်	၅၆၂	၁၃၀၆	၁၄၄၂	၂၁၉၈	၈၄၂	၆၃၅၀
	ရာခိုင်နှုန်း	၈.၉%	၂၀.၆%	၂၂.၇%	၃၄.၆%	၁၃.၃%	၁၀၀%
၂၀၂၂	အရေအတွက်	၁၇၃၀	၅၂၇၁	၆၄၆၅	၇၆၆၅	၂၈၆၆	၂၈၆၆၆
	ရာခိုင်နှုန်း	၆%	၁၉%	၁၆%	၂၇%	၉၂%	၁၀၀%
၂၀၂၃	အရေအတွက်	၁၇၈၀	၅၁၁၆	၃၂၂၈	၃၀၁၀	၆၅၅၂	၁၈၂၇၇
	ရာခိုင်နှုန်း	၁၀%	၂၈%	၁၈%	၂၀%	၂၃%	၁၀၀%
၂၀၂၄	အရေအတွက်	၁၆၁၈	၅၉၂၈	၃၂၆၂	၄၂၂၆	၂၀၆၂	၁၈၀၂၆
	ရာခိုင်နှုန်း	၉%	၂၃%	၁၈%	၂၄%	၁၇%	၁၀၀%

ပုံ (၁၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်

၃.၃.၄ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၅)** နှင့် **(၁၆)** တို့တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၇၂% သည် နေ့ချင်းပြီးအမှုများဖြစ်ပြီး ၁၆% သည် (၃) လအောက်၊ ၅% သည် (၃) လမှ (၆) လ အတွင်း၊ ၄% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၃% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့်ရာဇဝတ်မှုများ အနက် (၁၂) လအထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှု များ၏ ၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၃% ရှိသဖြင့် ကြန့်ကြာ ရာဇဝတ်မှုများ လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။



ပုံ (၁၅) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ဇယား (၁၅) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		နေ့ချင်း	၃ လ အောက်	၃-၆လ	၆-၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၁၉၁၉၅၅	၄၄၅၄၉	၂၁၀၅၉	၁၅၄၀၇	၁၀၁၁၇	၂၈၃၀၈၇
	ရာခိုင်နှုန်း	၆၈%	၁၆%	၇%	၅%	၄%	၁၀၀%
၂၀၂၁	အရေအတွက်	၅၁၂၉၃	၂၂၅၈၉	၁၄၅၉၈	၂၃၅၆၀	၂၃၈၀၄	၁၃၅၈၄၄
	ရာခိုင်နှုန်း	၃၇.၈%	၁၆.၆%	၁၀.၇%	၁၇.၃%	၁၇.၅%	၁၀၀%
၂၀၂၂	အရေအတွက်	၁၄၈၉၉၈	၃၄၇၈၀	၁၇၄၇၁	၁၈၁၈၈	၂၂၅၉၀	၂၄၂၀၂၇
	ရာခိုင်နှုန်း	၆၂%	၁၄%	၇%	၈%	၉%	၁၀၀%
၂၀၂၃	အရေအတွက်	၂၄၇၆၉၈	၃၉၂၈၃	၁၃၀၀၁	၁၁၈၉၄	၁၆၀၄၆	၃၂၇၉၂၂
	ရာခိုင်နှုန်း	၇၆%	၁၂%	၄%	၄%	၅%	၁၀၀%
၂၀၂၄	အရေအတွက်	၁၅၀၃၃၉	၃၂၇၇၈	၁၀၉၇၅	၈၄၀၄	၆၇၁၀	၂၀၉၁၈၆
	ရာခိုင်နှုန်း	၇၂%	၁၆%	၅%	၄%	၃%	၁၀၀%

မြို့နယ်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၄၄% သည် (၆) လအောက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၂၁% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၅% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၁၀% သည် (၃၆) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၆)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် တရားမမှုများအနက် (၃၆) လအထက် ကြန့်ကြာခဲ့သည့် အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၇% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၀% သာ ရှိသဖြင့် ကြန့်ကြာတရားမမှုများ လျော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၆) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၆-လ အောက်	၆-၁၂ လ	၁၂-၃၆ လ	၃၆ လအထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၉၃၈၂	၆၂၃၂	၅၃၅၀	၁၀၁၈	၂၁၉၈၂
	ရာခိုင်နှုန်း	၄၃%	၂၈%	၂၄%	၅%	၁၀၀%
၂၀၂၁	အရေအတွက်	၄၆၁၆	၃၆၀၁	၅၂၂၂	၁၀၉၂	၁၄၅၃၁
	ရာခိုင်နှုန်း	၃၁.၈%	၂၄.၈%	၃၅.၉%	၇.၅%	၁၀၀%
၂၀၂၂	အရေအတွက်	၇၉၈၅	၄၉၀၄	၉၃၃၀	၃၄၉၅	၂၅၇၁၄
	ရာခိုင်နှုန်း	၃၁%	၁၉%	၃၆%	၁၄%	၁၀၀%
၂၀၂၃	အရေအတွက်	၇၈၁၀	၅၀၈၀	၆၀၄၃	၃၇၆၃	၂၂၆၉၆
	ရာခိုင်နှုန်း	၃၄%	၂၂%	၂၇%	၁၇%	၁၀၀%
၂၀၂၄	အရေအတွက်	၈၀၇၄	၃၈၆၇	၄၅၃၉	၁၇၅၃	၁၈၂၃၃
	ရာခိုင်နှုန်း	၄၄%	၂၁%	၂၅%	၁၀%	၁၀၀%



ပုံ (၁၆) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၄ စစ်ဆေးဆဲအမှုများ၏သက်တမ်း

တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန်အတွက် စစ်ဆေးဆဲအမှုများ၏သက်တမ်းကို တွက်ချက်ခြင်း ဖြစ်ပါသည်။ စစ်ဆေးဆဲအမှုများ၏ သက်တမ်းမှာ ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်နှင့် စစ်ဆေးဆဲအမှုအရေအတွက်စုစုပေါင်းတို့၏အချိုး ဖြစ်ပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆) လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွက် တရားရုံးများ၏ စစ်ဆေးဆဲအမှုများအနက် ကြန့်ကြာမှုခင်းများကို အောက်ပါအတိုင်း လျှော့ချနိုင်ရန် ရည်မှန်းထားပါသည်-

- ၁၂ လအထက် စစ်ဆေးဆဲ ရာဇဝတ်မှုများကို ၅% ထိ လျှော့ချရန်
- ၃၆ လအထက် စစ်ဆေးဆဲ တရားမမှုများကို ၂% ထိ လျှော့ချရန်

၃.၄.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း

ဇယား (၁၇) (၁၈) (၁၉) တို့တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ ၇၁% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၁၄% သည် (၃) လမှ (၆) လအတွင်း၊ ၉% သည် (၆) လမှ (၁၂) လအတွင်း၊ ၆% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၇)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ယခင်နှစ်က (၁၂) လ အထက် ကြန့်ကြာခဲ့သည့် စစ်ဆေးဆဲရာဇဝတ်မှုများသည် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၆% ရှိပါသည်။

ဇယား (၁၇) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂- ၂၄လ	စုစုပေါင်း
၂၀၂၀	အရေအတွက်	၁၈၄	၂၄၉	၂၄၀	၀	၆၇၃
	ရာခိုင်နှုန်း	၂၇%	၃၇%	၃၆%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၁၁၀	၃၇	၂၄	၁၇	၁၈၈
	ရာခိုင်နှုန်း	၅၈.၅%	၁၉.၇%	၁၂.၈%	၉.၀%	၁၀၀%
၂၀၂၂	အရေအတွက်	၂၁၈	၈၆	၁၆	၈	၃၂၈
	ရာခိုင်နှုန်း	၆၆%	၂၆%	၅%	၂%	၁၀၀%
၂၀၂၃	အရေအတွက်	၂၆၄	၉၆	၃၈	၁၉	၄၁၇
	ရာခိုင်နှုန်း	၆၃%	၂၃%	၉%	၅%	၁၀၀%
၂၀၂၄	အရေအတွက်	၂၄၇	၅၁	၃၁	၂၀	၃၄၉
	ရာခိုင်နှုန်း	၇၁%	၁၄%	၉%	၆%	၁၀၀%



ပုံ (၁၇) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှု များ၏ ၇၅% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၁၆% သည် (၃) လမှ (၆) လအတွင်း၊ ၇% သည် (၆) လမှ (၁၂) လအတွင်း၊ ၂% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၈)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် (၁၂) လအထက် ကြန့်ကြာ သည့် တရားမမှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၄% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၂% ရှိသဖြင့် လျာထားချက်ကျော်လွန်အောင် ဆောင်ရွက် နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ဇယား (၁၈) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-၂၄ လ	စုစုပေါင်း
၂၀၂၀	အရေအတွက်	၃၈၅	၅၃၇	၄၃၉	၃၇	၁၃၉၈
	ရာခိုင်နှုန်း	၂၈%	၃၈%	၃၁%	၃%	၁၀၀%
၂၀၂၁	အရေအတွက်	၂၅၄	၁၀၄	၂၈၈	၃၆၂	၁၀၀၈
	ရာခိုင်နှုန်း	၂၅%	၁၀%	၂၉%	၃၆%	၁၀၀%
၂၀၂၂	အရေအတွက်	၃၉၀	၂၅၆	၁၄၅	၆၄	၈၅၅
	ရာခိုင်နှုန်း	၄၆%	၃၀%	၁၇%	၇%	၁၀၀%
၂၀၂၃	အရေအတွက်	၃၅၁	၂၄၀	၂၉၆	၃၄	၉၂၁
	ရာခိုင်နှုန်း	၃၈%	၂၆%	၃၂%	၄%	၁၀၀%
၂၀၂၄	အရေအတွက်	၄၁၉	၈၈	၄၀	၉	၅၅၆
	ရာခိုင်နှုန်း	၇၅%	၁၆%	၇%	၂%	၁၀၀%



ပုံ (၁၈) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲစာရွက်တော်မှုများအနက် (၃)လအောက်နှင့် (၃) လမှ (၆) လအတွင်း၊ (၆) လမှ (၁၂) လအတွင်း၊ (၁၂) လမှ (၂၄) လအတွင်း ကြာမြင့်မှုများမရှိပါ။ စစ်ဆေးဆဲအမှုများ၏၁၀၀% မှာ(၂၄)လအထက် ကြာမြင့်နေသည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၉)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ စာရွက်တော်မှုများတွင် (၂၄) လအထက် ကြန့်ကြာသည့် စစ်ဆေးဆဲအမှု (၂၁၇) မှုရှိရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅ နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာရွက်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများကို ရပ်ဆိုင်းထားခြင်းကြောင့် ဖြစ်ပါသည်။

ဇယား (၁၉) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာရွက်တော်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၂၀	၇၆	၄၈	၂	၀	၁၄၆
	ရာခိုင်နှုန်း	၁၄%	၅၂%	၃၃%	၁%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၀	၀	၇၂	၁၄၅	၀	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၃၃%	၆၇%	၀%	၁၀၀%
၂၀၂၂	အရေအတွက်	၀	၀	၀	၇၂	၁၄၅	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၃၃%	၆၇%	၁၀၀%
၂၀၂၃	အရေအတွက်	၀	၀	၀	၀	၂၁၇	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၀%	၁၀၀%	၁၀၀%
၂၀၂၄	အရေအတွက်	၀	၀	၀	၀	၂၁၇	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၀%	၁၀၀%	၁၀၀%



ပုံ (၁၉) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချုန်တော်မှုများ သက်တမ်းနှိုင်းယှဉ်ချက်

၃.၄.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ် အတွင်း စစ်ဆေးဆဲအမှုများသက်တမ်းကို **ဇယား (၂၀)** နှင့် **(၂၁)** တို့တွင် အမှုအရေအတွက် ဖြင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၃၃% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၃% သည် (၃) လမှ (၆) လ အတွင်း၊ ၂၅% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၁၉% သည် (၁၂) လအထက် ကြာမြင့်နေ သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၀)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၁၂) လ အထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၇% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၉% ရှိသဖြင့် (၁၂) လအထက် အမှုများ မှာ ယခင်နှစ်ထက် ၂ % ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၀) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၁၀၀၇	၉၆၃	၁၂၂၆	၇၆၈	၃၉၆၄
	ရာခိုင်နှုန်း	၂၅%	၂၄%	၃၁%	၂၀%	၁၀၀%
၂၀၂၁	အရေအတွက်	၃၉၄	၂၂၂	၃၉၃	၁၁၅၇	၂၁၆၆
	ရာခိုင်နှုန်း	၁၈.၁၉%	၁၀.၂၅%	၁၈.၁၄%	၅၃.၄၂%	၁၀၀%
၂၀၂၂	အရေအတွက်	၈၃၅	၅၆၁	၃၆၉	၂၄၄	၂၀၀၉
	ရာခိုင်နှုန်း	၄၂%	၂၈%	၁၈%	၁၂%	၁၀၀%
၂၀၂၃	အရေအတွက်	၈၅၀	၄၂၃	၃၇၀	၃၄၈	၁၉၉၁
	ရာခိုင်နှုန်း	၄၃%	၂၁%	၁၉%	၁၇%	၁၀၀%
၂၀၂၄	အရေအတွက်	၆၆၁	၄၅၄	၄၈၉	၃၆၆	၁၉၇၀
	ရာခိုင်နှုန်း	၃၃%	၂၃%	၂၅%	၁၉%	၁၀၀%



ပုံ (၂၀) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲ တရားမမှုများ၏ ၂၀% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၈% သည် (၃) လမှ (၆) လအတွင်း၊ ၃၅% သည် (၆) လမှ (၁၂) လအတွင်း၊ ၁၅% သည် (၁၂) လမှ (၃၆) လ အတွင်းနှင့် ၂% သည် (၃၆) လအထက် ကြာမြင့်နေသည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၁)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၃၆) လ အထက် ကြန့်ကြာသည့် စစ်ဆေးဆဲတရားမမှုများမှာ ယခင်နှစ်က စုစုပေါင်း စစ်ဆေးဆဲအမှု များ၏ ၆% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၂% ရှိသဖြင့် ၄% လျော့နည်း ခဲ့ပါသည်။

ဇယား (၂၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၇၇၇	၁၅၃၄	၁၅၇၈	၂၇၇၇	၂၄၇	၆၉၁၃
	ရာခိုင်နှုန်း	၁၁%	၂၂%	၂၃%	၄၀%	၄%	၁၀၀%
၂၀၂၁	အရေအတွက်	၄၂၉	၃၅၃	၁၀၁၄	၂၆၄၂	၂၈၉	၄၇၂၇
	ရာခိုင်နှုန်း	၉.၁%	၇.၅%	၂၁.၅%	၅၅.၉%	၆.၁%	၁၀၀%
၂၀၂၂	အရေအတွက်	၇၁၆	၉၇၇	၅၇၉	၁၃၁၄	၄၄၄	၄၀၅၀
	ရာခိုင်နှုန်း	၁၈%	၂၄%	၁၄%	၃၃%	၁၁%	၁၀၀%
၂၀၂၃	အရေအတွက်	၁၀၉၉	၁၁၁၈	၇၅၈	၅၂၄	၂၁၇	၃၇၁၆
	ရာခိုင်နှုန်း	၃၀%	၃၀%	၂၀%	၁၄%	၆%	၁၀၀%
၂၀၂၄	အရေအတွက်	၈၂၂	၁၁၅၉	၁၄၂၆	၅၉၀	၉၈	၄၀၉၅
	ရာခိုင်နှုန်း	၂၀%	၂၈%	၃၅%	၁၅%	၂%	၁၀၀%



ပုံ (၂၁) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၄.၃ ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

ခရိုင်အဆင့်တရားရုံးများ၏ ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား (၂၂)** နှင့် **(၂၃)** တို့တွင် အမှုအရေအတွက်ဖြင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၅၅% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၁၈% သည် (၃) လမှ (၆) လအတွင်း၊ ၁၃% သည် (၆)လမှ (၁၂) လအတွင်းနှင့် ၁၄% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၂)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင် အဆင့်တရားရုံးများတွင် (၁၂) လအထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၁၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၁၄% ရှိသဖြင့် စစ်ဆေးဆဲရာဇဝတ်မှု ၂ % ပိုမိုလာသည်ကို တွေ့ရှိရပါသည်။

ဇယား (၂၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၃၅၉၇	၃၀၄၀	၂၃၈၉	၁၁၃၇	၁၀၁၆၃
	ရာခိုင်နှုန်း	၃၅%	၃၀%	၂၄%	၁၁%	၁၀၀%
၂၀၂၁	အရေအတွက်	၃၃၅၄	၁၈၃၃	၂၂၃၃	၂၁၁၉	၉၅၃၉
	ရာခိုင်နှုန်း	၃၅.၁၆%	၁၉.၂၂%	၂၃.၄၁%	၂၂.၂၁%	၁၀၀%
၂၀၂၂	အရေအတွက်	၃၅၅၃	၁၈၇၆	၁၆၅၈	၁၃၇၃	၈၄၉၀
	ရာခိုင်နှုန်း	၄၂%	၂၂%	၂၀%	၁၆%	၁၀၀%
၂၀၂၃	အရေအတွက်	၂၄၅၁	၉၆၉	၆၂၉	၅၃၀	၄၅၇၉
	ရာခိုင်နှုန်း	၅၄%	၂၁%	၁၄%	၁၂%	၁၀၀%
၂၀၂၄	အရေအတွက်	၁၈၃၉	၅၉၄	၄၅၀	၄၃၄	၃၃၆၆
	ရာခိုင်နှုန်း	၅၅%	၁၈%	၁၃%	၁၄%	၁၀၀%



ပုံ (၂၂) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၂% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၇% သည် (၃) လမှ (၆) လအတွင်း၊ ၁၈% သည် (၆) လမှ (၁၂) လအတွင်း၊ ၃၂% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၂၁% သည် (၃၆) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၃)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ (၃၆) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၆% ဖြစ်ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၁% ဖြစ်သဖြင့် ယခင်နှစ်ထက် ၅% လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၃) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၄၄၁	၄၇၉၂	၄၉၆၈	၇၆၀၁	၂၇၆၃	၂၀၅၆၅
	ရာခိုင်နှုန်း	၂%	၂၄%	၂၄%	၃၇%	၁၃%	၁၀၀%
၂၀၂၁	အရေအတွက်	၂၃၂	၃၂၅၂	၃၃၆၃	၉၆၉၆	၄၉၁၅	၂၁၄၅၈
	ရာခိုင်နှုန်း	၁%	၁၅%	၁၆%	၄၅%	၂၃%	၁၀၀%
၂၀၂၂	အရေအတွက်	၄၀၁	၄၄၁၂	၃၃၅၂	၅၉၃၀	၆၉၂၅	၂၁၀၂၀
	ရာခိုင်နှုန်း	၂%	၂၁%	၁၆%	၂၈%	၃၃%	၁၀၀%
၂၀၂၃	အရေအတွက်	၃၇၇	၄၆၃၉	၃၅၄၈	၄၉၄၂	၄၇၉၀	၁၈၂၉၆
	ရာခိုင်နှုန်း	၂%	၂၅%	၁၉%	၂၇%	၂၆%	၁၀၀%
၂၀၂၄	အရေအတွက်	၂၀၁	၃၆၁၆	၂၅၁၂	၄၄၂၀	၂၈၇၄	၁၃၆၂၃
	ရာခိုင်နှုန်း	၂%	၂၇%	၁၈%	၃၂%	၂၁%	၁၀၀%



ပုံ (၂၃) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၄.၄ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

မြို့နယ်တရားရုံးများ၏ ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား (၂၄)** နှင့် **(၂၅)** တို့တွင် အမှုအရေအတွက်ဖြင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၃၇% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၀% သည် (၃) လမှ (၆) လအတွင်း၊ ၂၀% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၂၃% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၄)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၁၂) လအထက် ကြာမြင့်နေသည့် ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲ အမှုများ၏ ၂၃% ရှိသဖြင့် ယခင်နှစ်ထက် ၂% လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လအောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၂၀၅၂၇	၁၉၃၇၂	၁၈၆၆၅	၁၈၀၄၄	၇၆၆၀၈
	ရာခိုင်နှုန်း	၂၇%	၂၅%	၂၄%	၂၄%	၁၀၀%
၂၀၂၁	အရေအတွက်	၁၀၁၁၉	၆၁၇၁	၀၁၄၁	၁၂၄၇၈	၃၆၁၆၉
	ရာခိုင်နှုန်း	၂၈%	၁၇%	၂၀%	၃၄%	၁၀၀%
၂၀၂၂	အရေအတွက်	၈၁၈၂	၄၇၄၄	၄၁၆၀	၅၇၃၀	၂၂၈၁၆
	ရာခိုင်နှုန်း	၃၆%	၂၁%	၁၈%	၂၅%	၁၀၀%
၂၀၂၃	အရေအတွက်	၁၃၄၁၁	၆၆၁၉	၁၂၂၁၅	၂၃၃၁၇	၅၅၅၂၂
	ရာခိုင်နှုန်း	၂၄%	၁၂%	၂၃%	၄၁%	၁၀၀%
၂၀၂၄	အရေအတွက်	၁၀၁၁၀	၄၁၀၇	၁၀၆၁၉	၁၉၀၄၄	၄၁၂၀၀
	ရာခိုင်နှုန်း	၂၄%	၁၀%	၂၆%	၄၆%	၁၀၀%

ပုံ (၂၄) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများတွင် ၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၃၈% သည် (၆) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၄% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၆% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၁၂% သည် (၃၆) လအထက် ကြာမြင့်သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၂၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၃၆)လအထက် ကြာမြင့်လျက်ရှိသည့် တရားမမှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၆% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၁၂% ရှိသဖြင့် ယခင်နှစ်အောက် ၄% လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၅) ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၆-လအောက်	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၉၂၉၄	၇၇၃၄	၉၀၁၂	၂၂၉၂	၂၈၃၃၂
	ရာခိုင်နှုန်း	၃၃%	၂၇%	၃၂%	၈%	၁၀၀%
၂၀၂၁	အရေအတွက်	၄၃၈၅	၅၀၆၆	၁၃၈၀၁	၃၅၆၈	၂၆၈၂၀
	ရာခိုင်နှုန်း	၁၆.၃%	၁၈.၉%	၅၁.၅%	၁၃.၃%	၁၀၀%
၂၀၂၂	အရေအတွက်	၆၅၃၀	၄၂၄၇	၆၂၇၉	၃၅၆၄	၂၀၆၂၀
	ရာခိုင်နှုန်း	၃၂%	၂၁%	၃၀%	၁၇%	၁၀၀%
၂၀၂၃	အရေအတွက်	၄၅၅၄	၃၂၀၄	၄၀၅၁	၂၂၈၉	၁၄၀၉၈
	ရာခိုင်နှုန်း	၃၂%	၂၃%	၂၉%	၁၆%	၁၀၀%
၂၀၂၄	အရေအတွက်	၄၂၅၃	၂၆၄၄	၂၈၄၄	၁၂၈၄	၁၁၀၂၅
	ရာခိုင်နှုန်း	၃၈%	၂၄%	၂၆%	၁၂%	၁၀၀%



ပုံ (၂၅) ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်

၃.၅ အမှုရုံးချိန်းသေချာစေမှု

အမှုများစစ်ဆေးဆုံးဖြတ်ရာတွင် အမှုရုံးချိန်းသေချာစေမှုရှိစေရန်ရည်ရွယ်၍ အမှုရွှေ့ဆိုင်းနှုန်း၊ ပျမ်းမျှရုံးချိန်းနှင့် စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုတို့ကို လျာထားချက် သတ်မှတ်ထားပါသည်။

အမှုရွှေ့ဆိုင်းသည့်နှုန်း - ရုံးချိန်းချိန်းဆိုမှုနှင့် အမှုရွှေ့ဆိုင်းမှုအချိုးဖြစ်သည်။ တရားရုံးတွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး တရားရုံး၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွက် တရားရုံးများ၏ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည်-

- ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းကို ၂၀ % ထိ လျှော့ချရန်
- တရားမမှုရွှေ့ဆိုင်းနှုန်းကို ၂၀ % ထိ လျှော့ချရန်

ပျမ်းမျှရုံးချိန်း - အမှုစွဲဆိုသည်မှပြီးပြတ်သည်ထိ ကြားနာသည့်ရုံးချိန်းအရေအတွက် ဖြစ်သည်။ အမှုကြားနာရန် ချိန်းဆိုမှုလျှော့ချရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွက် တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်မှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည်-

- ရာဇဝတ်မှုများ ၈ ချိန်းထိ လျှော့ချရန်
- တရားမမှုများ ၁၄ ချိန်းထိ လျှော့ချရန်

စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှု - မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများတွင် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးစီရင်နိုင်ရန် ရည်ရွယ်၍ ရိုးရှင်းသော ရာဇဝတ်မှုကို ရက်ပေါင်း ၁၈၀ အတွင်း၊ ရိုးရှင်းသော တရားမမှုကို ၃၆၅ ရက်အတွင်း စစ်ဆေးပြီးပြတ်ရန် အချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ အမှုများ၏ ၉၀% အထိ သတ်မှတ်သည့် အချိန်အတွင်း ဆုံးဖြတ်နိုင်ရန် လျာထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးများက ဆောင်ရွက်နိုင်ခဲ့သည့် အမှုရွှေ့ဆိုင်းနှုန်း၊ ပျမ်းမျှရုံးချိန်း၊ စံသတ်မှတ်ရက်ကာလအတွင်း အမှုဆုံးဖြတ်မှုနှုန်းတို့ကို **နောက်ဆက်တွဲ(၈၂)** ဖြင့် ဖော်ပြထားပါသည်။

၃.၆ အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

၃.၆.၁ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်းအယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၀.၃% ရှိပြီး၊ တရားမမှုများတွင် ၇.၁% ရှိပါသည်။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၆)** တွင် ဖော်ပြထားပါသည်။

ဇယား (၂၆) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ရာဇဝတ်	တရားမ
၁	ကချင်	၁၉၇၉	၄၆	၁၈၇	၁၆	၂.၃%	၈.၆%
၂	ကယား	၁၉၁	၀	၄	၀	၀%	၀%
၃	ကရင်	၄၂၀၉	၂၃	၄၈	၃	၀.၅%	၆.၃%
၄	ချင်း	၉၇	၀	၀	၀	၀%	၀%
၅	စစ်ကိုင်း	၆၅၇၁	၈၆	၃၈၄	၃၇	၁.၃%	၉.၆%
၆	တနင်္သာရီ	၇၃၁၁	၂၉	၁၄၂	၁၁	၀.၄%	၇.၇%
၇	ပဲခူး	၂၉၃၀၁	၈၉	၂၉၁၀	၂၃၅	၀.၃%	၈.၁%
၈	မကွေး	၇၉၇၉	၈၇	၁၇၇၂	၁၉၇	၁.၁%	၁၁.၁%
၉	မန္တလေး	၆၇၆၁၇	၂၆၂	၃၉၉၁	၂၆၀	၀.၄%	၆.၅%
၁၀	မွန်	၁၀၅၆၃	၈၀	၇၈၉	၇၂	၀.၈%	၉.၁%
၁၁	ရခိုင်	၂၀၄၃	၁၂	၂၂၃	၂၁	၀.၆%	၉.၄%
၁၂	ရန်ကုန်	၉၅၁၅၀	၂၀၃	၃၄၃၅	၁၇၁	၀.၂%	၅.၀%
၁၃	ရှမ်း	၁၂၀၁၃	၇၆	၅၂၃	၃၄	၀.၆%	၆.၅%
၁၄	ဧရာဝတီ	၇၃၀၃၆	၇၅	၃၈၂၅	၂၄၃	၀.၁%	၆.၄%
စုစုပေါင်း		၃၁၈၀၆၀	၁၀၆၈	၁၈၂၃၃	၁၃၀၀	၀.၃%	၇.၁%



ပုံ (၂၆) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်အဆင့်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

၃.၆.၂ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း

ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၄ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၁၃% ရှိပြီး တရားမမှုများတွင် ၁၈% ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၇)** တွင် ဖော်ပြထားပါသည်။

ဇယား (၂၇) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (ခရိုင်)	အယူခံမှု (တရားလွှတ်တော်)	ဆုံးဖြတ်ပြီးအမှု (ခရိုင်)	အယူခံမှု (တရားလွှတ်တော်)	ရာဇဝတ်	တရားမ
၁	ကချင်	၅၄၂	၁၅၇	၃၂၆	၆၆	၂၉%	၂၀%
၂	ကယား	၆၈	၃	၁၁	၀	၄%	၀%
၃	ကရင်	၅၅၂	၉၆	၁၇၈	၅၄	၁၇%	၃၀%
၄	ချင်း	၁၅	၀	၈	၀	၀%	၀%
၅	စစ်ကိုင်း	၁၆၉၀	၁၁၄	၅၂၂	၇၅	၇%	၁၄%
၆	တနင်္သာရီ	၆၇၈	၁၀၉	၂၃၂	၆၃	၁၆%	၂၇%
၇	ပဲခူး	၁၅၇၉	၂၁၇	၁၇၈၁	၃၃၄	၁၄%	၁၉%
၈	မကွေး	၁၂၃၃	၁၄၆	၉၂၈	၂၁၂	၁၂%	၂၃%
၉	မန္တလေး	၃၈၉၀	၄၇၃	၄၃၇၆	၇၄၅	၁၂%	၁၇%
၁၀	မွန်	၁၁၄၅	၁၉၀	၇၇၄	၁၈၄	၁၇%	၂၄%
၁၁	ရခိုင်	၁၅၂	၁၉	၇၁	၁၆	၁၃%	၂၃%
၁၂	ရန်ကုန်	၃၆၆၆	၄၄၇	၆၆၅၁	၁၁၀၁	၁၂%	၁၇%
၁၃	ရှမ်း	၂၀၄၉	၂၁၄	၇၈၂	၁၄၂	၁၀%	၁၈%
၁၄	ဧရာဝတီ	၁၅၀၀	၂၇၀	၁၃၈၆	၃၀၄	၁၈%	၂၂%
စုစုပေါင်း		၁၈၇၅၉	၂၄၅၅	၁၈၀၂၆	၃၂၉၆	၁၃%	၁၈%



ပုံ (၂၇) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

၃.၆.၃ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုအရေအတွက်တို့ကို အချိုးအစားတွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၄% ရှိပြီး တရားမမှုများတွင် ၁၇% ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၈)** တွင်ဖော်ပြထားပါသည်။

ဇယား (၂၈) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းနှင့်အမှုအရေအတွက်

ရာဇဝတ်		တရားမ		အယူခံနှုန်း	
ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)	ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)	ရာဇဝတ်	တရားမ
၅၀၀၄	၂၀၀	၆၅၀၀	၁၁၀၃	၄%	၁၇%



ပုံ (၂၈) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

၃.၇ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှုရာခိုင်နှုန်း

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းပမာဏကို သိရှိနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုမှုအရေအတွက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စွဲဆိုသောအမှုအရေအတွက်အချိုးအစားကို ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှုနှင့်တရားမမှု စွဲဆိုမှုရာခိုင်နှုန်းများကို **ဇယား (၂၉)** တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ထိုဇယားအရ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄) ခု တွင် စွဲဆိုထားသော ရာဇဝတ်မှုစုစုပေါင်း ၃၃၆၉၁ မှု ရှိပါသည်။ အဆိုပါ စွဲဆိုမှု၏ ၂၉.၆၈%

ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၂၂.၁၁% ကို ဧရာဝတီတိုင်းဒေသကြီး တွင် လည်းကောင်း၊ ၂၁.၂၉% ကို မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း စွဲဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရာဇဝတ်မှုစွဲဆိုမှု အများဆုံးဖြစ်ပြီး စုစုပေါင်း စွဲဆိုမှု၏ ၂၉.၆၈%၊ ဒုတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၂၂.၁၁% နှင့် မန္တလေးတိုင်းဒေသကြီးမှာ ၂၁.၂၉% ဖြစ်ပြီး စွဲဆိုမှုတတိယအများဆုံးဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုတွင် စွဲဆိုထားသော တရားမမှုစုစုပေါင်း ၃၅၃၂၄ မှု ရှိပါသည်။ အဆိုပါ စွဲဆိုမှု၏ ၂၉.၈၇% ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၂၄% ကို မန္တလေးတိုင်းဒေသကြီးနှင့် ၁၂.၅၇% ကို ဧရာဝတီတိုင်းဒေသကြီးတွင် စွဲဆိုခဲ့ကြောင်း တွေ့ရှိရ ပါသည်။

ဇယား (၂၉) ၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံး အဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်နှင့်တရားမမှု စုစုပေါင်းစာရင်းနှင့် စွဲဆိုမှုရာခိုင်နှုန်း

တိုင်းဒေသကြီး / ပြည်နယ်	ရာဇဝတ်မှုစွဲတင် စုစုပေါင်း	တရားမမှုစွဲတင် စုစုပေါင်း	ရာဇဝတ်မှုစွဲတင် ရာခိုင်နှုန်း	တရားမမှုစွဲတင် ရာခိုင်နှုန်း
ကချင်	၂၇၂၃	၅၃၃	၀.၈၁%	၁.၅၁%
ကယား	၂၂၉	၂၀	၀.၀၇%	၀.၀၆%
ကရင်	၄၈၉၂	၂၇၄	၁.၄၅%	၀.၇၈%
ချင်း	၁၁၁	၈	၀.၀၃%	၀.၀၂%
စစ်ကိုင်း	၇၃၇၈	၆၃၇	၂.၁၉%	၁.၈၀%
တနင်္သာရီ	၇၉၆၆	၄၀၈	၂.၃၆%	၁.၁၆%
ပဲခူး	၃၀၄၄၈	၄၂၀၈	၉.၀၄%	၁၁.၉၁%
မကွေး	၈၉၆၇	၂၄၃၉	၂.၆၆%	၆.၉၀%
မန္တလေး	၇၁၇၃၃	၈၄၇၈	၂၁.၂၉%	၂၄.၀၀%
မွန်	၁၁၅၂၂	၁၅၉၅	၃.၄၂%	၄.၅၂%
ရခိုင်	၂၂၉၁	၂၁၆	၀.၆၈%	၀.၆၁%



ပုံ (၂၉) ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှု၊ တရားမမှု စွဲဆိုမှုရာခိုင်နှုန်း

၃.၈ မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့ကို **ဇယား (၃၀)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၃၉၈ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၄၃၈ မှုဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၂၀၄ မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၉၈ မှု ဖြစ်ပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၁၀၅ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၂၅ မှု ဖြစ်ပါသည်။

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၄၂၅ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၄၃၄ မှု ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် ခရိုင်အဆင့်တရားရုံးများ၏ အမှုစစ်ဆေးပြီးပြတ်နိုင်သည့် စွမ်းဆောင်နိုင်မှုသည် အခြေ့မားဆုံးဖြစ်ပါသည်။

ဇယား (၃၀) ၂၀၂၄ ခုနှစ်အတွင်းတရားရုံးအဆင့်ဆင့်အလိုက် တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

	စွဲဆိုမှု (ရာဇဝတ်+ တရားမ+ စာချုန်)	ပြီးပြတ် (ရာဇဝတ်+ တရားမ+ စာချုန်)	တရားသူကြီး အရေအတွက်	မှုခင်း ပမာဏ	ဆောင်ရွက် နိုင်မှု	ဆောင်ရွက်မှု ရာခိုင်နှုန်း
ပြည်ထောင်စုတရား လွှတ်တော်ချုပ်	၄၃၈၃	၄၈၁၆	၁၁	၃၉၈	၄၃၈	၁၁၀%
တရားလွှတ်တော်များ	၁၁၈၅၂	၁၁၅၀၄	၅၈	၂၀၄	၁၉၈	၉၇%
ခရိုင်အဆင့် တရားရုံးများ	၃၀၈၃၇	၃၆၇၈၅	၂၉၅	၁၀၅	၁၂၅	၁၁၉%
မြို့နယ်တရားရုံးများ	၃၂၉၅၈၆	၃၃၆၂၉၃	၇၇၅	၄၂၅	၄၃၄	၁၀၂%



ပုံ (၃၀) ၂၀၂၄ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့်အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏ

၃.၉ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ်ဥပဒေအရစွဲဆိုသည့် မှုခင်းများ၏ စွဲဆိုသည့် ပမာဏအရ ဖြစ်ပွားနေသည့်အခြေအနေကို သိရှိစေရန်ရည်ရွယ်၍ ဖော်ပြခြင်း ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှု စုစုပေါင်း ၃၀၁၄၀၄ မှု ရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှုစုစုပေါင်း ၂၅၅၁၂၅ မှု ရှိပါသည်။

ကျန်ရှိသည့်အမှုပေါင်း ၄၆၂၇၉ မှုတွင် မူးယစ်ဆေးဝါးမှုများသည် ၁၀.၆%၊ လူသတ်မှုများသည် ၁.၈%၊ မုဒိမ်းမှုများသည် ၀.၅%၊ သက်ငယ်မုဒိမ်းမှုများသည် ၀.၇%၊ လူကုန်ကူးမှုများသည် ၀.၁၂% ၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှုသည် ၂.၂% ၊ ကလေးသူငယ်မှုခင်းများသည် ၄.၂% နှင့် အခြားရာဇဝတ်မှုများ ၇၉.၈% စွဲဆိုခဲ့ပါသည်။ အမှုအမျိုးအစား တစ်ခုချင်းအလိုက် အသေးစိတ်စာရင်းကို **ဇယား (၃၁)** တွင် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မူးယစ်ဆေးဝါးမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ်မှုခင်းများ၏ စွဲဆိုမှုအခြေပြဇယားကို **နောက်ဆက်တွဲ (ည)** တွင် ဖော်ပြထားပါသည်။

အရေးကြီးရာဇဝတ်မှုခင်းများအနက် မူးယစ်ဆေးဝါးမှုများသည် စွဲဆိုမှုအများဆုံးဖြစ်ပြီး၊ ကလေးသူငယ်မှုခင်းများနှင့် ယာဉ်မတော်တဆမှုကြောင့်လူသေမှုများသည် ဒုတိယနှင့်တတိယအများဆုံးစွဲဆိုသောအမှုများဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား (၃၁) ၂၀၂၄ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

အမှုအမျိုးအစား		စွဲဆိုသည့်အမှုအရေအတွက်	ရာခိုင်နှုန်း
မူးယစ်ဆေးဝါးမှု		၄၈၉၇	၁၀.၆%
လူသတ်မှု		၈၅၂	၁.၈%
မုဒိမ်းမှု	အရွယ်ရောက်	၂၂၉	၀.၅%
	သက်ငယ်	၃၃၃	၀.၇%
လူကုန်ကူးမှု		၅၅	၀.၁%
ယာဉ်မတော်တဆမှုကြောင့် လူသေမှု		၁၀၁၃	၂.၂%
ကလေးသူငယ်ဥပဒေအရ စွဲဆိုသည့်မှုခင်းများ		၁၉၅၃	၄.၂%
အခြား		၃၆၉၄၇	၇၉.၈%
စုစုပေါင်း		**၄၆၂၇၉**	**၁၀၀%**

တစ်နိုင်ငံလုံးရှိ မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှုအရေအတွက်မှ နေ့ချင်းပြီးစစ်ဆေး ပြီးပြတ်သည့်အမှုများကို နုတ်၍ ကျန်ရှိသည့်အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစားတစ်ခု ချင်းအလိုက် စွဲဆိုသည့်အမှုအရေအတွက်ကို အချိုးယူ တွက်ချက်ထားခြင်းဖြစ်ပါသည်။



ပုံ (၃၁) ၂၀၂၄ ခုနှစ်အတွင်း အရေးကြီး ရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

၃.၁၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှုများ

၂၀၂၄ ခုနှစ်အတွင်း ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှု ၅၆ မှုရှိပြီး၊ ယခင်နှစ်လက်ကျန် ၁၃ မှုရှိပါသည်။ ၎င်းတို့အနက်မှ စုစုပေါင်း ၃၈ မှု စစ်ဆေးပြီးပြတ်ပါသည်။ ၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှုများအတွက် အခြေပြဇယားကို **နောက်ဆက်တွဲ (၄)** တွင် ဖော်ပြထားပါသည်။

အပိုင်း (၄)

ဒုတိယနှစ် မဟာဗျူဟာ
လုပ်ငန်းအစီအစဉ် (၂၀၂၄)
အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်
တတိယနှစ် မဟာဗျူဟာ
လုပ်ငန်းအစီအစဉ် (၂၀၂၅)တွင်
ဆောင်ရွက်ရန် လျာထားချက်များ

အပိုင်း (၄)

ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တတိယနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ

၄.၁ မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)နှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)တို့၏ အောင်မြင်မှုနှင့်အတွေ့အကြုံများကိုအခြေခံ၍ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ချမှတ်ခဲ့သည်။ တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် နယ်ပယ် (၅) ရပ်အဖြစ် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိပညာကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် စသည်ဖြင့် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တိုင်းတာနိုင်သည့် လုပ်ငန်းလျာထားချက်များ သတ်မှတ်ထားရှိရာ အမှုပြီးပြတ်မှုနှုန်းကို ၁၀၀% သို့ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုကို ၈၀% ရရှိနိုင်ရန် ရည်မှန်းချက်များ ပါဝင်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင် သည့် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ စီမံကိန်းတိုးတက်မှုအစီရင်ခံစာ တင်ပြခြင်းနှင့် နှစ်စဉ်ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် မဟာဗျူဟာစီမံကိန်းစာအုပ်များ







၄.၂ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၏ အောင်မြင်မှုများ

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ ပထမနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) တွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်းမှာ ၉၁% ဖြစ်ပါသည်။

ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) တွင် မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၊ မဟာဗျူဟာအစီအစဉ် (၄၇) ရပ်၊ ဆောင်ရွက်ရန်လျာထားချက် (၁၁၄) ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်လုံး၌ နယ်မြေဒေသအခက်အခဲ၊ ဘဏ္ဍာရေးအခက်အခဲ၊ နည်းပညာဆိုင်ရာအခက်အခဲများကြောင့် လျာထားချက်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိသော်လည်း ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ကို ၈၃% အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ထင်ရှားသော အောင်မြင်မှုများမှာ-

- တစ်နိုင်ငံလုံးအမှုပြီးပြတ်မှု ၁၀၃ % ဆောင်ရွက်နိုင်ခဲ့ခြင်း
- တရားရေးကောလိပ် ဖွင့်လှစ်နိုင်ခဲ့ခြင်း
- Lawyer Management System အကောင်အထည်ဖော်နိုင်ခဲ့ခြင်း
- e-Learning System အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။

ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်နိုင်မှုနှင့် ရလဒ်များကို **နောက်ဆက်တွဲ (၄)** တွင် အသေးစိတ် ဖော်ပြထားပါသည်။ ထို့ပြင် ပထမနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်နိုင်မှုတို့ကို အောက်ပါဇယားတွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) နှင့် ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) တို့ကို အကောင်အထည်ဖော်နိုင်မှု နှိုင်းယှဉ်အခြေပြဇယား

မဟာဗျူဟာ လုပ်ငန်း နယ်ပယ်	မဟာဗျူဟာ ရည်မှန်းချက်များ		မဟာဗျူဟာ အစီအစဉ်များ		ဆောင်ရွက်ရန် လျာထား ချက်များ		ရလဒ်		ပျမ်းမျှ ပြီးမြောက်မှု ရာခိုင်နှုန်း	
	၂၀၂၃	၂၀၂၄	၂၀၂၃	၂၀၂၄	၂၀၂၃	၂၀၂၄	၂၀၂၃	၂၀၂၄	၂၀၂၃	၂၀၂၄
နယ်ပယ်- ၁	၄	၄	၇	၇	၁၉	၁၇	၁၇	၁၆	၈၉%	၉၄%
နယ်ပယ်- ၂	၂	၂	၅	၅	၁၂	၁၂	၁၂	၁၁	၁၀၀%	၉၂%
နယ်ပယ်- ၃	၃	၃	၁၂	၁၂	၂၇	၂၇	၂၃	၂၆	၈၅%	၉၆%
နယ်ပယ်- ၄	၅	၅	၁၇	၁၇	၄၀	၄၀	၃၆	၃၆	၉၀%	၉၀%
နယ်ပယ်- ၅	၃	၃	၆	၆	၂၄	၁၈	၂၃	၈	၉၆%	၄၄%
စုစုပေါင်း	**၁၇**	**၁၇**	**၄၇**	**၄၇**	**၁၂၂**	**၁၁၄**	**၁၁၁**	**၉၇**	**၉၁%**	**၈၃%**

၄.၂.၁ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေခြင်း

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၁) သည် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၄ ခုနှစ်အတွင်း တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှု လွယ်ကူတိုးတက်စေရန်အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များ၏ လုပ်ငန်းများအောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ ခရိုင်နှင့် မြို့နယ် တရားရုံး (၇) ရုံး ဆောက်လုပ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ကို မှုခင်း စီမံခန့်ခွဲမှုစနစ် (CMS) နှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များ၏ website များတွင် သတင်းအချက်အလက်များကို လွှင့်တင်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက် (၃၇) ခု တိုးမြှင့်လွှင့်တင်၍ စီရင်ချက် စုစုပေါင်း (၂၈၈) ခုကို www.cjs.usc.gov.mm တွင် လွှင့်တင်ဖော်ပြခြင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော် (၃) ခုတွင် Court Information System

ဆောင်ရွက်ခြင်း၊ မွန်ပြည်နယ်တရားလွှတ်တော်တွင် Touch Screen Kiosk (၁) လုံး တပ်ဆင်ခြင်း၊ တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်းစနစ် (RCMS) နှင့်စပ်လျဉ်းသည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် QR Code များ ထားရှိပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားရုံးဝန်ဆောင်မှုဆရာဖြစ်သင်တန်း (၁) ကြိမ်ဖွင့်လှစ်ပြီး သင်တန်းသား (၁၁၁) ဦး ကို လေ့ကျင့်ပေးခြင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် တရားရုံးဝန်ဆောင်မှုဆင့်ပွားသင်တန်း (၆) ကြိမ် ပို့ချခြင်း၊ သဃ်နိုးကျွန်းတရားရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၁)တွင် ဆောင်ရွက်ရန် လျာထားချက် (၁၇) ရပ်အနက် (၁၆) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၄% ဖြစ်ပါသည်။

၄.၂.၂ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၂) သည် အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်အတွက် သင်တန်းသား(၄၇၅)ဦးအား မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုဆင့်ပွားသင်တန်း (၁၁) ကြိမ် ပို့ချခြင်း၊ သတင်းမီဒီယာနှင့် (၅) ကြိမ် တွေ့ဆုံမှုပြုခဲ့ခြင်း၊ တရားရေးဂျာနယ်အတွဲ (၄) အမှတ် (၂)၊ ၂၀၂၃ ခုနှစ် မြန်မာ နိုင်ငံတရားစီရင်ထုံးများစာအုပ်၊ ၂၀၂၃ ခုနှစ် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် အမှာစာများစာအုပ်၊ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်များကို ရိုက်နှိပ်ထုတ်ဝေခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင် ရှေ့နေရှေ့ရပ်ဆိုင်ရာ သတင်းအချက်အလက် (၂၄) ကြိမ် လွှင့်တင်ခြင်း၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိထားသူ (၂၃) ဦး၏ စာရင်းကို Website လွှင့်တင်ခြင်း၊ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ချမှတ်သော အထူးအယူခံမှုစီရင်ချက်များ (ဒုတိယတွဲ) စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်း မရှိပါ။ မဟာဗျူဟာလုပ်ငန်း နယ်ပယ် (၂) တွင်

ဆောင်ရွက်ရန် လျာထားချက် (၁၂) ရပ်အနက် (၁၁) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၂% ဖြစ်ပါသည်။

၄.၂.၃ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၃) သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို လေ့လာသည့် စာတမ်းပြုစုခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT ဆိုင်ရာ ဆွေးနွေးပွဲ (၄) ကြိမ် ကျင်းပခြင်း၊ ရှေ့နေများပါဝင်သည့် မူပိုင်ခွင့်ဥပဒေဆိုင်ရာဆွေးနွေးပွဲ (၃) ကြိမ် ကျင်းပခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအဖြစ် (၁၉) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာတရားသူကြီးချုပ်များညီလာခံ၊ (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး၊ (၂၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာတရားသူကြီးချုပ်များညီလာခံများသို့ ကိုယ်စားလှယ်များ တက်ရောက်ခြင်းအပြင် အခြား ပြည်ပအစည်းအဝေးများနှင့် ဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံတွင် လေ့ကျင့်သင်ကြားပေးရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် ရှေ့နေရှေ့ရပ်များလိုက်နာရမည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ဘတ်ဂျက်ခွဲဝေမှုများကို မဟာဗျူဟာစီမံကိန်းဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ ငွေစာရင်းသင်တန်း (၉) ကြိမ် ဖွင့်လှစ်ခြင်း၊ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် ရေးဆွဲထုတ်ပြန်ခြင်း၊ နည်းပညာသုံး မှုခင်းသတင်းအချက်အလက်စနစ် (NCIS) ကို တရားလွှတ်တော် (၁၂) ခုတွင် စတင်အသုံးပြုခြင်း၊ ကိုယ်ပိုင် E-mail စနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ရှေ့နေရှေ့ရပ်များ၏ အချက်အလက်များကို Lawyer Database စနစ်တွင် အသေးစိတ် စစ်ဆေးနိုင်ရန် ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့သော် တရားရုံးများလက်စွဲ (ပထမတွဲ) ပြင်ဆင်ခြင်းမှာ ဆက်လက်ဆောင်ရွက်ဆဲသာဖြစ်ပြီး ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၃) တွင် ဆောင်ရွက်ရန်လျာထားချက် (၂၇) ရပ်အနက် (၂၆)

ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၆% ဖြစ်ပါသည်။

၄.၂.၄ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄) သည် တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးပညာရပ်ဆိုင်ရာကျွမ်းကျင်မှု မြှင့်တင်နိုင်ရန် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂) နှင့် (၃၃) တွင် တရားစီရင်ရေးကျင့်ဝတ်ဘာသာရပ်ကို ထည့်သွင်းပို့ချခြင်း၊ တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းများ ပို့ချခြင်း၊ စေ့စပ်ဖြေရှင်းရေးဆင့်ပွားသင်တန်း (၃) ကြိမ်တွင် တရားရေးအရာရှိ နှင့် တရားရုံးဝန်ထမ်း စုစုပေါင်း (၁၉၆) ဦးအား လေ့ကျင့်သင်တန်းပေးခြင်း၊ Judicial College ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ နိုင်ငံတော်ပြန်တမ်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြန်တမ်းများ၊ နေ့စဉ်ထုတ်သတင်းစာများကို တရားရုံးအသီးသီးက Online မှဖတ်ရှုနိုင်ရန် Update လွှင့်တင်ဖော်ပြပေးခြင်း၊ e-Library စနစ်ကို နည်းပညာပိုင်းဆိုင်ရာအပြောင်းအလဲ ပြုလုပ်ခြင်း၊ အရေးကြီးမှုခင်းများနှင့် ဝန်ထမ်းဆိုင်ရာအချက်အလက်များပြုစုခြင်း၊ အာဆီယံတရားသူကြီး ချုပ်များကောင်စီ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးသင်တန်းသို့ သင်တန်းသားများ စေလွှတ်ခြင်း၊ တရားရုံးဝန်ထမ်းအရည်အသွေးမြှင့်သင်တန်းများ ပို့ချခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဖွင့်လှစ်သည့် နည်းပညာဆိုင်ရာသင်တန်းများသို့ သင်တန်းသားများ စေလွှတ်ခြင်း၊ တရားလွှတ်တော် (၂) ခုတွင် Network Infrastructure များ တည်ဆောက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Power Redundancy Source တည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ၂၀၂၂ ခုနှစ် မတိုင်မီက ထုတ်ပြန်ခဲ့သည့် ပြန်တမ်းများကို Digitize ပြုလုပ်၍ e-Library စနစ်သို့ ဖြည့်သွင်းခြင်း၊ သုတေသနစာတမ်း ဖတ်ပွဲများ ကျင်းပခြင်း၊ ဝန်ထမ်းလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်း ပြန်လည် သုံးသပ်ရေးဆွဲခြင်း၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး စုစုပေါင်း (၈၀) တို့တွင် အင်တာနက်ရရှိရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄)

တွင် ဆောင်ရွက်ရန် လျာထားချက် (၄၀) ရပ်အနက် (၃၆) ရပ်ကို အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၀% ဖြစ်ပါသည်။

၄.၂.၅ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)သည် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သည့် အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းများ၌ မှုခင်းစီမံခန့်ခွဲမှုစနစ်များကို ထည့်သွင်းပို့ချခြင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် သင်တန်းများ ဖွင့်လှစ်ခြင်း၊ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းဆောင်ရွက်ချက်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေဆိုင်ရာအမေးအဖြေများ (QA) စာအုပ် ရေးဆွဲခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေစာအုပ် (QA) ရေးဆွဲခြင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာအမေးအဖြေစာအုပ် (QA) ရေးဆွဲခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အများပြည်သူလက်လှမ်းမီမှုရှိစေရန် ဆောင်ရွက်ခြင်းနှင့် အသိပညာပေး အစီအစဉ်များ ပြုလုပ်ခြင်း၊ စေ့စပ်ဖြေရှင်းရေးလက်စွဲကို ပြင်ဆင်ခြင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အငြင်းပွားမှုများကို အခြားနည်းဖြင့် ဖြေရှင်းသည့် နည်းစနစ်များ အပေါ် လေ့လာဆန်းစစ်ခြင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ဆဲဖြစ်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) တွင် ဆောင်ရွက်ရန်လျာထားချက် (၁၈) ရပ်အနက် (၈) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၄% ဖြစ်ပါသည်။

၄.၃ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် ဆောင်ရွက်ရန် လျာထားချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ပါ မဟာဗျူဟာလုပ်ငန်းနယ်ပယ်အလိုက် အောင်မြင်မှုများရရှိစေရန်အတွက် နှစ်စဉ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)အရ ၂၀၂၅ ခုနှစ်တွင်မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်၊ မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၊ မဟာဗျူဟာအစီအစဉ် (၄၇) ရပ်၊ ဆောင်ရွက်ရန်လျာထားချက် (၁၁၄) ရပ်ကို အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။ ၂၀၂၅ ခုနှစ်အတွင်း အဓိကဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များတွင် -

- သင့်လျော်သည့် ခရိုင်တရားရုံးများ၌ တရားရုံးသက်သေအထူးစစ်မေးခန်းများ တိုးချဲ့တည်ဆောက်ခြင်း
- နိုင်ငံပိုင်/ပုံသေပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော်ခြင်း
- တရားရေးသင်တန်းကျောင်း ဖွဲ့စည်းပုံအတည်ပြုရေး ဆောင်ရွက်ခြင်း
- ရှေ့နေရှေ့ရပ်စီမံခန့်ခွဲမှုစနစ် (Lawyer Management System) Mobile Application ကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးက အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သတင်းအချက်အလက်လုံခြုံရေးအရာရှိ ခန့်အပ်ခြင်းနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း စသည်တို့ ပါဝင်ပါသည်။

တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်စာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏Website https://www.unionsupremecourt.gov.mm/strategicplanning တွင် Download ရယူဖတ်ရှုနိုင်ပါသည်။

တတိယနှစ်တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) စာအုပ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တည်နေရာ

ရုံးအမှတ်(၅၄)၊ သီရိမဏ္ဍိုင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ဆက်သွယ်ရန်

အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

စီမံရေးရာကိစ္စ ဆက်သွယ်ရန်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

တရားစီရင်ရေးကိစ္စ ဆက်သွယ်ရန်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

နောက်ဆက်တွဲ (က) အဆက်

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာများ

ကချင်ပြည်နယ်တရားလွှတ်တော်	ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
ကယားပြည်နယ်တရားလွှတ်တော်	သမိန်ထောလမ်းနှင့် လွိုင်ကော်-ရှားတောကားလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့
ကရင်ပြည်နယ်တရားလွှတ်တော်	ခရေလမ်းနှင့်သုဓနုလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ချင်းပြည်နယ်တရားလွှတ်တော်	ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့
မွန်ပြည်နယ်တရားလွှတ်တော်	မန္တလေးရပ်ကွက်၊ တရားလွှတ်တော်လမ်း၊ မော်လမြိုင်မြို့
ရခိုင်ပြည်နယ်တရားလွှတ်တော်	လမ်းမကြီးနှင့်မေယုလမ်းထောင့်၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့
ရှမ်းပြည်နယ်တရားလွှတ်တော်	ဆေးရုံလမ်းနှင့်သပြေလမ်းထောင့်၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်	နန္ဒဝန်ရပ်ကွက်၊ တမာပင်ကုင်း၊ မုံရွာမြို့
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်	ဆားရွေကင်းရပ်ကွက်၊ မကွေးမြို့
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်	၆၈ လမ်း၊ ၁၀၄ နှင့် ၁၀၅ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး (တည်နေရာသစ်)
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်	ရန်ကုန်-မန္တလေးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်	ရေးလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်	အမှတ်(၁၀၁-၁၀၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်	မင်းကြီးရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ ကုန်သည်လမ်းနှင့်မင်းကြီးလမ်းကြား၊ ပုသိမ်မြို့

ခရိုင်တရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံးများ၏ တည်နေရာများ

ကချင်ပြည်နယ်

မြစ်ကြီးနားခရိုင်တရားရုံး	ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
မိုးညှင်းခရိုင်တရားရုံး	အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့
ဗန်းမော်ခရိုင်တရားရုံး	သာစည်ရပ်ကွက်၊ ဗန်းမော်မြို့
ပူတာအိုခရိုင်တရားရုံး	မြို့မရပ်ကွက်၊ ပူတာအိုမြို့
တနိုင်းခရိုင်တရားရုံး	ဇင်ယော်လမ်း၊ ပုန်ခုန်းရပ်ကွက်၊ တနိုင်းမြို့
ချီဖွေခရိုင်	ဘာလဲ့ဒမ်ရပ်ကွက်၊ ချီဖွေမြို့

ကယားပြည်နယ်

လွိုင်ကော်ခရိုင်တရားရုံး	ဖဖော်လမ်းနှင့် ၅ လမ်းထောင့်၊ ဒေါ်ဥသူရပ်ကွက်၊ လွိုင်ကော်မြို့
ဘောလခဲခရိုင်တရားရုံး	လွိုင်ကော်-မော်ချီးလမ်း၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့
ဒီမော့ဆိုခရိုင်	ဦးသီရိလမ်း၊ ခရိုင်စုပေါင်းရုံး၊ ဒေါ်ဥသူရပ်ကွက်၊ လွိုင်ကော်မြို့
မယ်စဲ့ခရိုင်	မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့

ကရင်ပြည်နယ်

ဘားအံခရိုင်တရားရုံး	ခရေလမ်းနှင့်သုခနုလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ကော့ကရိတ်ခရိုင်တရားရုံး	ဗောဓိကျောင်းလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကော့ကရိတ်မြို့
မြဝတီခရိုင်တရားရုံး	မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့
ဖာပွန်ခရိုင်တရားရုံး	ရုံးကုန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဖာပွန်မြို့
ကြာအင်းဆိပ်ကြီးခရိုင်	ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့
သံတောင်ကြီးခရိုင်	ဘုရင်နောင်တပ်မြို့လမ်း၊ အမှတ်(၅)ရပ်ကွက်၊ သံတောင်မြို့

ချင်းပြည်နယ်

ဟားခါးခရိုင်တရားရုံး	ဈေးဟောင်းရပ်ကွက်၊ ဟားခါးမြို့
ဖလမ်းခရိုင်တရားရုံး	ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့
မင်းတပ်ခရိုင်တရားရုံး	စံပြရပ်ကွက်၊ မင်းတပ်မြို့၊ မြို့မရပ်ကွက်၊ ပလက်ဝမြို့ (ပလက်ဝရုံးထိုင်)
မတူပီခရိုင်တရားရုံး	ခိုဘွေရပ်ကွက်၊ မတူပီမြို့
တီးတိန်ခရိုင်	စကောလမ်းရပ်ကွက်၊ တီးတိန်မြို့
ပလက်ဝခရိုင်	မြို့မရပ်ကွက်၊ ပလက်ဝမြို့

မွန်ပြည်နယ်

မော်လမြိုင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့
သထုံခရိုင်တရားရုံး	ရုံးကြီးလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့
ရေးခရိုင်တရားရုံး	သီရိနန္ဒရပ်ကွက်၊ ရေးမြို့
ကျိုက်ထိုခရိုင်တရားရုံး	ရန်ကုန်-မော်လမြိုင်ကားလမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့

ရခိုင်ပြည်နယ်

စစ်တွေခရိုင်တရားရုံး	လမ်းမကြီး၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့
ကျောက်ဖြူခရိုင်တရားရုံး	ဗိုလ်ငမောက်လမ်း၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့
သံတွဲခရိုင်တရားရုံး	ဗိုလ်ချုပ်လမ်းသွယ်၊ အမှတ်(၂)ရပ်ကွက်၊ သံတွဲမြို့
မောင်တောခရိုင်တရားရုံး	ဘူးသီးတောင်-မောင်တောလမ်း၊ မြို့သူကြီးကျေးရွာ၊ သုံးမိုင်၊ မောင်တောမြို့
မြောက်ဦးခရိုင်တရားရုံး	လေးမြို့စားရပ်ကွက်၊ ထမ္မရာဇ်မြို့သစ်၊ မြောက်ဦးမြို့
အမ်းခရိုင်တရားရုံး	ဈေးရပ်ကွက်၊ အမ်းမြို့
တောင်ကုတ်ခရိုင်တရားရုံး	ပန်းတောင်-တောင်ကုတ်လမ်း၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့

ရှမ်းပြည်နယ်

တောင်ကြီးခရိုင်တရားရုံး	ရုံးကြီးလမ်းနှင့် သပြေလမ်းထောင့်၊ သစ်တောရုပ်ကွက်၊ တရားလွှတ်တော်ဝင်း၊ တောင်ကြီးမြို့
လွိုင်လင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လွိုင်လင်မြို့
လင်းခေးခရိုင်တရားရုံး	လင်းခေး-ဝမ်ဟတ်လမ်း၊ ပုန်းထွန်ရပ်ကွက်၊ လင်းခေးမြို့
လားရှိုးခရိုင်တရားရုံး	ဘူတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လားရှိုးမြို့
ကျောက်မဲခရိုင်တရားရုံး	ပင်လုံလမ်း၊အမှတ်(၁)ပေါ်ပင်လေးရပ်ကွက်၊ကျောက်မဲမြို့
မိုးမိတ်ခရိုင်တရားရုံး	ဟော်နန်းရပ်ကွက်၊ မိုးမိတ်မြို့
မူဆယ်ခရိုင်တရားရုံး	ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့
မိုင်းဆတ်ခရိုင်တရားရုံး	အနော်ရထာလမ်း၊ မြို့သစ်ရပ်ကွက်၊ မိုင်းဆတ်မြို့
ကျိုင်းတုံခရိုင်တရားရုံး	စံပြအခါရွာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းတုံမြို့
တာချီလိတ်ခရိုင်တရားရုံး	အနော်ရထာလမ်း၊ ဝမ်ကောက်ရပ်ကွက်၊ တာချီလိတ်မြို့
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	အနော်ရထာလမ်းနှင့်ဆင်ဖြူလမ်းကြား၊ သော်ကလမ်းနှင့် သဇင်လမ်းကြား၊ နုံးစစ်ကန်အရှေ့ရပ်ကွက်၊ ပင်းတယမြို့
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	ကော်မင်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ လောက်ကိုင်မြို့
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	ပြည်ထောင်စုလမ်း၊ မြို့ဦးရပ်ကွက်၊ ဟိုပုံးမြို့
‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး	ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရုံးကုန်းရပ်ကွက်၊ ဟိုပန်မြို့
မိုးမိတ်ခရိုင်တရားရုံး	မိုးမိတ်-မိုင်းငေါ့လမ်းမကြီး၊ သဲနီကျေးရွာ၊ မိုးမိတ်မြို့
နမ့်စန်ခရိုင်တရားရုံး	ပြည်ထောင်စုလမ်းမကြီး၊ ထင်းရှူးမြိုင်လမ်းကျေးရွာ၊ နမ့်စန်မြို့နယ်
ကလောခရိုင်တရားရုံး	မင်းလမ်းနှင့်ထင်းရှူးမြိုင်လမ်းထောင့်၊ (၄)ရပ်ကွက်၊ ကလောမြို့
တန့်ယန်းခရိုင်တရားရုံး	ရုံးကြီးလမ်း၊ အမှတ်(၄)ရပ်ကွက်၊ တန့်ယန်းမြို့
မိုင်းယန်းခရိုင်တရားရုံး	ကျိုင်းတုံ-မိုင်းယန်းလမ်း၊ မြို့မရပ်၊ ဝိန်းလိတ်ရပ်ကွက်၊ မိုင်းယန်းမြို့
မိုင်းတုံခရိုင်တရားရုံး	ကမ္ဘာန်းကျောင်းလမ်း၊ ဝမ်မိုင်ရပ်ကွက်၊ မိုင်းတုံမြို့
ကွတ်ခိုင်ခရိုင်တရားရုံး	ပြည်ထောင်စုလမ်းမကြီး၊ (၂)ရပ်ကွက်၊ ကွတ်ခိုင်မြို့
မိုင်းယောင်းခရိုင်တရားရုံး	ကြောင်ဇလီဘုန်းကြီးကျောင်းလမ်း၊ (၉)ရပ်ကွက်၊ မိုင်းယောင်းမြို့
မိုင်းရှူးခရိုင်တရားရုံး	ဘုရင့်နောင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မိုင်းရှူးမြို့

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့
မုံရွာခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့
ယင်းမာပင်ခရိုင်တရားရုံး	(ဂ)ရပ်ကွက်၊ ယင်းမာပင်မြို့
ရွှေဘိုခရိုင်တရားရုံး	ရုံးကြီးလမ်း၊ စုပေါင်းရုံးဝင်း၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့
ကန့်ဘလူခရိုင်တရားရုံး	ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကန့်ဘလူမြို့
ကသာခရိုင်တရားရုံး	အမှတ်(၆၄)၊ မြို့ပတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကသာမြို့
ကလေးခရိုင်တရားရုံး	အနော်ရထာလမ်း၊ တပ်ဦးသီတာရပ်ကွက်၊ ကလေးမြို့
တမူးခရိုင်တရားရုံး	အလောင်းဘုရားလမ်း၊ ဈေးတန်း(၁)ရပ်ကွက်၊ တမူးမြို့
မော်လိုက်ခရိုင်တရားရုံး	စုပေါင်းရုံးဝင်း၊ အရာရှိရပ်ကွက်၊ မော်လိုက်မြို့
ခန္တီးခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ဇီးဖြူကုန်းရပ်ကွက်၊ ခန္တီးမြို့
ကောလင်းခရိုင်တရားရုံး	ကျော်ဇေယျာရပ်ကွက်၊ ကောလင်းမြို့
ဟုမ္မလင်းခရိုင်တရားရုံး	လေယာဉ်ကွင်းလမ်း၊ နောင်ပကျစ်ရပ်ကွက်၊ ဟုမ္မလင်းမြို့
ရေဦးခရိုင်တရားရုံး	အောင်ဆန်းရပ်ကွက်၊ ရေဦးမြို့

မကွေးတိုင်းဒေသကြီး

မကွေးခရိုင်တရားရုံး	ဆားရွေကင်းရပ်ကွက်၊ မကွေးမြို့
ပခုက္ကူခရိုင်တရားရုံး	ဗုဒ္ဓကုန်း(၁)ရပ်ကွက်၊ ပခုက္ကူမြို့
သရက်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပြည်တော်အေးရပ်ကွက်၊ သရက်မြို့
မင်းဘူးခရိုင်တရားရုံး	အမှတ်(၁)၊ ဗိုလ်ချုပ်လမ်း၊ မင်းဘူးမြို့
ဂန့်ဂေါခရိုင်တရားရုံး	စည်ပင်ရပ်ကွက်၊ မြောက်ကုန်း(၁)ရပ်ကွက်၊ ဂန့်ဂေါမြို့
အောင်လံခရိုင်တရားရုံး	ပြည်လမ်းနှင့်၁၉လမ်းထောင့်၊ စမ်းချောင်းရပ်ကွက်၊ အောင်လံမြို့
ချောက်ခရိုင်တရားရုံး	ဗိုလ်အိမ်နံပါတ်(နက-၃၉)ယာတောရပ်၊ (၁၄)ရပ်ကွက်၊ ချောက်မြို့

မန္တလေးတိုင်းဒေသကြီး

မဟာအောင်မြေခရိုင်တရားရုံး	ဖ၅ လမ်း၊ ၃၄ နှင့် ၃၅ လမ်းကြား၊ ပြည်ကြီးမျက်ရှုခင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
အမရပူရခရိုင်တရားရုံး	နန်းတော်ရာ၊ စံပြကွက်သစ်၊ ဈေးအနောက်ဘက်၊ မှန်တမ်းရပ်ကွက်၊ အမရပူရမြို့
အောင်မြေသာစံခရိုင်တရားရုံး	ဖ၅ လမ်း၊ ၃၄ နှင့် ၃၅ လမ်းကြား၊ ပြည်ကြီးမျက်ရှုခင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
တံတားဦးခရိုင်တရားရုံး	ဘူတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ တံတားဦးမြို့
သပိတ်ကျင်းခရိုင်တရားရုံး	ကမ္ဘာအေးကွက်သစ်စုပေါင်းရုံး၊ သပိတ်ကျင်းမြို့
ပြင်ဦးလွင်ခရိုင်တရားရုံး	အမှတ်(၁၅၁-ခ)၊ မြို့ပတ်လမ်း၊ သီရိမင်္ဂလာရပ်ကွက်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့
ကျောက်ဆည်ခရိုင်တရားရုံး	အိမ်တော်လမ်း၊ ဆူးကုန်းရပ်ကွက်၊ ကျောက်ဆည်မြို့
မိတ္ထီလာခရိုင်တရားရုံး	ရုံးကြီးလမ်းထိပ်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့
မြင်းခြံခရိုင်တရားရုံး	(၃)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့
ညောင်ဦးခရိုင်တရားရုံး	အမှတ်(၅)၊ ညောင်ဦး-ချောက်လမ်း၊ စည်ပင်သာယာရပ်ကွက်၊ ညောင်ဦးမြို့
ရမည်းသင်းခရိုင်တရားရုံး	စီဗီလိုင်းရပ်ကွက်၊ ရမည်းသင်းမြို့
လယ်ဝေးခရိုင်တရားရုံး	နေပြည်တော်ကောင်စီလမ်း၊ ပုဗ္ဗသီရိမြို့
ပျဉ်းမနားခရိုင်တရားရုံး	နေပြည်တော်ကောင်စီလမ်း၊ ပုဗ္ဗသီရိမြို့
ဥတ္တရခရိုင်တရားရုံး	မန္တလေးလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ ဥတ္တရသီရိမြို့
ဇေယျာသီရိခရိုင်	နှင်းဆီလမ်းနှင့်ချင်းတွင်းလမ်းထောင့်၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ ပုဗ္ဗသီရိမြို့

ပဲခူးတိုင်းဒေသကြီး

ပဲခူးခရိုင်တရားရုံး	တရားလွှတ်တော်ဝင်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
တောင်ငူခရိုင်တရားရုံး	စက်ရှင်လမ်း၊ အမှတ်(၂၀)ရပ်ကွက်၊ တောင်ငူမြို့
သာယာဝတီခရိုင်တရားရုံး	ရာပြည့်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့
ပြည်ခရိုင်တရားရုံး	ကမ်းနားလမ်းနှင့်ယက္ကန်းစင်လမ်းထောင့်၊ ပြည်မြို့
ညောင်လေးပင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ မြို့မ(၃)ရပ်ကွက်၊ ညောင်လေးပင်မြို့
နတ်တလင်းခရိုင်တရားရုံး	တံခွန်တိုင်ရွာ၊ နတ်တလင်းမြို့

တနင်္သာရီတိုင်းဒေသကြီး

ထားဝယ်ခရိုင်တရားရုံး	သုခလမ်းသွယ်၊ ဆန်းချီရပ်ကွက်၊ ဆန်းချီမြို့သစ်၊ ထားဝယ်မြို့
မြိတ်ခရိုင်တရားရုံး	ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့
ကော့သောင်းခရိုင်တရားရုံး	ဗိုလ်ချုပ်လမ်း၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့
ဘုတ်ပြင်းခရိုင်တရားရုံး	သမာဓိလမ်း၊ ရွှေဘုံသာရပ်ကွက်၊ ဘုတ်ပြင်းမြို့

ရန်ကုန်တိုင်းဒေသကြီး

တိုက်ကြီးခရိုင်တရားရုံး	မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၊ ဗောဓိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့
လှည်းကူးခရိုင်တရားရုံး	အမှတ် ၈/၃၊ နိဗ္ဗာန်လမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့
မှော်ဘီခရိုင်တရားရုံး	ဆန်စပါးနှင့်စိုက်ပျိုးရေးသုတေသနဌာနဝန်းအတွင်း၊ ရန်ကုန်-ပြည်လမ်းမကြီးဘေး၊ အမှတ်(၁)ရပ်ကွက်၊ မှော်ဘီမြို့
မင်္ဂလာဒုံခရိုင်တရားရုံး	အမှတ် (၁၀)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် စုပေါင်းရုံးအဆောက်အဦမြေညီထပ်၊ ဗဟိုလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့
အင်းစိန်ခရိုင်တရားရုံး	အမှတ် (၁၀)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် စုပေါင်းရုံးအဆောက်အဦမြေညီထပ်၊ ဗဟိုလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့

သဃ်နိုးကျွန်းခရိုင်တရားရုံး	အမှတ် ၂၅၈-က၊ လေးထောင့်ကန်လမ်း၊ ၈/မြောက်ရပ်ကွက်၊ သဃ်နိုးကျွန်းမြို့ (အမှတ်-၁အေ/က၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့တွင် ယာယီဖွင့်လှစ်ထားသည်)
ဗိုလ်တထောင်ခရိုင်တရားရုံး	အမှတ် (၁အေ/က)၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့
ဒဂုံမြို့သစ်ခရိုင်တရားရုံး	အမှတ် ၄၇၆၊ မိုးကုတ်လမ်းမကြီး၊ (၂၃)ရပ်ကွက်၊ စက်မှုဇုံ (၁)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့
သန်လျင်ခရိုင်တရားရုံး	အောင်သိဒ္ဓိလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့
တွံတေးခရိုင်တရားရုံး	အောင်သိဒ္ဓိလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့
ကမာရွတ်ခရိုင်တရားရုံး	အမှတ် ၂၀(အေ)/၄၃၁၊ ခရေပင်လမ်း၊ (၉) ရပ်ကွက်၊ လမ်းမတော်မြို့
ကျောက်တံတားခရိုင်တရားရုံး	အမှတ် ၂၀(အေ)/၄၃၁၊ ခရေပင်လမ်း၊ (၉) ရပ်ကွက်၊ လမ်းမတော်မြို့
အလုံခရိုင်တရားရုံး	အလုံလမ်းနှင့်သိပ္ပံလမ်းထောင့်၊ ဌာနာရပ်ကွက်၊ အလုံမြို့
မရမ်းကုန်းခရိုင်တရားရုံး	အမှတ် (၁၁၀)၊ ပြည်လမ်း(၈)မိုင်၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့

ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်ခရိုင်တရားရုံး	မဟာစေတီလမ်းမကြီး၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့
ဟသ်ာတခရိုင်တရားရုံး	ရုံးကြီးလမ်း၊ တာငါးဆယ်တောင်ရပ်ကွက်၊ ဟသ်ာတမြို့
မြောင်းမြခရိုင်တရားရုံး	မြဂုဏ်ရည်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့
လပွတ္တာခရိုင်တရားရုံး	သပြေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ၃-မိုင်မြို့သစ်၊ လပွတ္တာမြို့
မအူပင်ခရိုင်တရားရုံး	မင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မအူပင်မြို့
ဖျာပုံခရိုင်တရားရုံး	ဒုတိယလမ်းနှင့်မာလာမြိုင်လမ်းထောင့်၊ အမှတ်(၁၂)ရပ်ကွက်၊ ဖျာပုံမြို့
ကျုံပျော်ခရိုင်တရားရုံး	သောင်ရွာလမ်း၊ တေဇရပ်ကွက်၊ ကျုံပျော်မြို့
မြန်အောင်ခရိုင်တရားရုံး	ဝေဠုဝန်ဘုတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြန်အောင်မြို့

နောက်ဆက်တွဲ (ခ)

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ အတွင်း သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် အမှုအရေအတွက်

စဉ်	တရားရုံးများ	အမှုအရေအတွက်			
		လက်ကျန်	စွဲတင်	ပြီးပြတ်	လက်ကျန်
၁။	**ကချင်ပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	-	-	-	-
၂။	**ကယားပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	-	-	-	-
၃။	**ကရင်ပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	-	-	-	-
၄။	**ချင်းပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	-	-	-	-
၅။	**မွန်ပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	၉	၈	၁
	မြို့နယ်တရားရုံးများ	၄	၈၆	၈၅	၅
၆။	**ရခိုင်ပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	-	၂၈	၂၈	-
၇။	**ရှမ်းပြည်နယ်**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ	-	-	-	-
	ခရိုင်တရားရုံးများ	၁	၁	၂	-
	မြို့နယ်တရားရုံးများ	၁၂	၃၂	၄၂	၂

၈။	**စစ်ကိုင်းတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ	-	-	-	-
	ခရိုင်တရားရုံးများ	၁၂၆	၁၉၆	၂၈၂	၄၀
	မြို့နယ်တရားရုံးများ	၈၀	၄၂၀	၄၅၈	၄၂
၉။	**မကွေးတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	၂	-	-	၂
	မြို့နယ်တရားရုံးများ	-	၁	၁	-
၁၀။	**မန္တလေးတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	၇	၁၇	၂၄	-
	ခရိုင်တရားရုံးများ	၁၁၄	၃၃၆	၃၃၈	၁၁၂
	မြို့နယ်တရားရုံးများ	၃၂	၄၄၈	၄၃၂	၄၈
၁၁။	**ပဲခူးတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	၁၆	၁၀၈	၁၀၃	၂၁
	မြို့နယ်တရားရုံးများ	၂၃	၁၇၆	၁၆၃	၃၆
၁၂။	**တနင်္သာရီတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	-	-	-	-
	မြို့နယ်တရားရုံးများ	၂	၃၀	၂၉	၃
၁၃။	**ရန်ကုန်တိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	၁၄	၅	၉
	ခရိုင်တရားရုံးများ	၉	၅၄	၅၅	၈
	မြို့နယ်တရားရုံးများ	၄၇	၂၆၉	၂၄၃	၇၃
၁၄။	**ဧရာဝတီတိုင်းဒေသကြီး**				
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-	-	-	-
	ခရိုင်တရားရုံးများ	၁၅	၈၃	၇၅	၂၃
	မြို့နယ်တရားရုံးများ	၂၆	၁၀၇	၈၇	၄၆
စုစုပေါင်း		**၅၁၆**	**၂၄၁၅**	**၂၄၆၀**	**၄၇၁**

နောက်ဆက်တွဲ (ခ-၁)

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ အတွင်း သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ

စဉ်	တရားရုံးများ	တရားသူကြီးဦးရေ
၁။	**ကချင်ပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	-
	မြို့နယ်တရားရုံးများ	၁၈
၂။	**ကယားပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၂
	မြို့နယ်တရားရုံးများ	၂
၃။	**ကရင်ပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၂
	မြို့နယ်တရားရုံးများ	၁
၄။	**ချင်းပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	-
	မြို့နယ်တရားရုံးများ	-
၅။	**မွန်ပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၃
	မြို့နယ်တရားရုံးများ	၁၀
၆။	**ရခိုင်ပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၃
	မြို့နယ်တရားရုံးများ	၄
၇။	**ရှမ်းပြည်နယ်**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ	-
	ခရိုင်တရားရုံးများ	၃
	မြို့နယ်တရားရုံးများ	၅၀

နောက်ဆက်တွဲ (ခ-၁) အဆုံး

၈။	**စစ်ကိုင်းတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ	-
	ခရိုင်တရားရုံးများ	၁၅
	မြို့နယ်တရားရုံးများ	၃၁
၉။	**မကွေးတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	-
	မြို့နယ်တရားရုံးများ	၂၄
၁၀။	**မန္တလေးတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	၂
	ခရိုင်တရားရုံးများ	၂၆
	မြို့နယ်တရားရုံးများ	၄၁
၁၁။	**ပဲခူးတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၁၅
	မြို့နယ်တရားရုံးများ	၃၁
၁၂။	**တနင်္သာရီတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	-
	မြို့နယ်တရားရုံးများ	၁၁
၁၃။	**ရန်ကုန်တိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	၃
	ခရိုင်တရားရုံးများ	၁၈
	မြို့နယ်တရားရုံးများ	၄၈
၁၄။	**ဧရာဝတီတိုင်းဒေသကြီး**	
	တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်	-
	ခရိုင်တရားရုံးများ	၁၆
	မြို့နယ်တရားရုံးများ	၂၈
စုစုပေါင်း		၄၀၇

နောက်ဆက်တွဲ (ဂ)

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း

စဉ်	ရာထူးအမည်	လစာနှုန်း	ခွင့်ပြု	လက်ရှိ			လစ်လပ်
				ကျား	မ	ပေါင်း	
၁။	အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်	၅၅၀၀၀+၂၀၀၀၀	၁	၁	-	၁	-
၂။	ညွှန်ကြားရေးမှူးချုပ်	၅၅၀၀၀	၂	၁	၁	၂	-
၃။	ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ်	၄၁၈၀၀-၄၀၀-၄၃၈၀၀	၅	၃	၂	၅	-
၄။	ညွှန်ကြားရေးမှူး	၃၇၄၀၀-၄၀၀-၃၉၄၀၀	၂၇	၁၁	၁၅	၂၆	၁
၅။	တရားရေးဝန်ထမ်းအဆင့် (၁)	၃၄၁၀၀-၄၀၀-၃၆၁၀၀	၂၇၀	၁၀၀	၁၁၈	၂၁၈	၅၂
၆။	တရားရေးဝန်ထမ်းအဆင့် (၂)	၃၀၈၀၀-၄၀၀-၃၂၈၀၀	၄၅၁	၁၀၄	၁၄၈	၂၅၂	၁၉၉
၇။	တရားရေးဝန်ထမ်းအဆင့် (၃)	၂၇၅၀၀-၄၀၀-၂၉၅၀၀	၈၄၂	၂၅၉	၂၈၉	၅၄၈	၂၉၄
၈။	တရားရေးဝန်ထမ်းအဆင့် (၄)	၂၁၆၀၀-၂၀၀-၂၂၆၀၀	၇၄၈	၂၀၈	၂၆၁	၄၆၉	၂၇၉
အရာထမ်းစုစုပေါင်း			**၂၃၄၆**	**၆၈၇**	**၈၃၄**	**၁၅၂၁**	**၈၂၅**
၉။	ရုံးအုပ်	၂၃၄၀၀-၂၀၀-၂၄၄၀၀	၅၀	၅	၄၂	၄၇	၃
၁၀။	ကြီးကြပ်ရေးမှူး(ကွန်ပျူတာ)	၂၃၄၀၀-၂၀၀-၂၄၄၀၀	၁	-	၁	၁	-
၁၁။	ဌာနခွဲစာရေး	၂၁၆၀၀-၂၀၀-၂၂၆၀၀	၃၂၉	၇၃	၂၁၄	၂၈၇	၄၂
၁၂။	စာရင်းကိုင်-၂	၂၁၆၀၀-၂၀၀-၂၂၆၀၀	၂	-	၂	၂	-
၁၃။	စာကြည့်တိုက်လ/ထ (၂)	၂၁၆၀၀-၂၀၀-၂၂၆၀၀	၁	၁	-	၁	-
၁၄။	ကွန်ပျူတာလုပ်ဆောင်ရေးမှူး	၂၁၆၀၀-၂၀၀-၂၂၆၀၀	၁	-	၁	၁	-

နောက်ဆက်တွဲ (ဂ) အဆက်

၁၅။	လုံခြုံရေး-၂	၂၁၆၀၀၀-၂၀၀၀-၂၅၆၀၀၀	၂	၂	-	၂	-
၁၆။	အကြီးတန်းစာရေး	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁၆၇၀	၃၇၇	၇၁၁	၁၀၈၈	၅၈၂
၁၇။	အကြီးတန်းစာရေး (အမှုတွဲထိန်း)	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၂	၁	-	၁	၁
၁၈။	အကြီးတန်းလက်နှိပ်စက်	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၅၆	၆	၁၂	၁၈	၃၈
၁၉။	လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁၀၈	၆	၁၆	၂၂	၈၆
၂၀။	စာရင်းကိုင်-၃	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၂	-	-	-	၂
၂၁။	စာကြည့်တိုက် လ/ထ (၃)	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁	-	-	-	၁
၂၂။	ယာဉ်မောင်း-၃	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၂၅	၁၄	-	၁၄	၁၁
၂၃။	လုံခြုံရေး-၃	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁၇	၄	-	၄	၁၃
၂၄။	အငယ်တန်းစာရေး	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၁၇၄၁	၄၅၅	၇၅၀	၁၂၀၅	၅၃၆
၂၅။	အငယ်တန်းလက်နှိပ်စက်	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၁၀၉၆	၁၇၇	၇၆	၂၅၃	၈၄၃
၂၆။	ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၆၇	၁	၂	၃	၆၄
၂၇။	စာရင်းကိုင်-၄	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၃	၁	၁	၂	၁
၂၈။	လျှပ်စစ်ကျွမ်းကျင်-၄	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၂	၂	-	၂	-
၂၉။	လုံခြုံရေး-၄	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၄၆	၃	-	၃	၄၃
၃၀။	စာကူးစက်လှည့်အကူ	၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	၃	၁	၁	၂	၁
၃၁။	ယာဉ်မောင်း-၅	၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	၆၇	၁၈	-	၁၈	၄၉

နောက်ဆက်တွဲ (ဂ) အဆုံး

၃၂။	လုံခြုံရေး-၅	၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	၇၄	၁၁	-	၁၁	၆၃
၃၃။	စာတွဲချုပ်	၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	၁၄	၃	၁	၄	၁၀
၃၄။	ရုံးအကူ	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၈၇၅	၂၀၀	၁၆၇	၃၆၇	၅၀၈
၃၅။	စာပို့/ ဆင့်စာလုလင်	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၁၃၇၆	၅၂၀	၆၆	၅၈၆	၇၉၀
၃၆။	ရုံးစောင့်	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၅၁၃	၁၉၀	၁၂	၂၀၂	၃၁၁
၃၇။	သန့်ရှင်းရေးအကူ	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၁၂၂	၁၀	၃၀	၄၀	၈၂
၃၈။	လုပ်သား(ဥယျာဉ်)	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၄၈	၄	၁	၅	၄၃
အမှုထမ်းစုစုပေါင်း			**၈၃၁၄**	**၂၀၈၅**	**၂၁၀၆**	**၄၁၉၁**	**၄၁၂၃**
ပေါင်း			**၁၀၆၆၀**	**၂၇၇၂**	**၂၉၄၀**	**၅၇၁၂**	**၄၉၄၈**

နောက်ဆက်တွဲ (ဃ)

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်
တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း

(အရာထမ်း)

စဉ်	ရာထူးအမည်	လစာနှုန်း (ကျပ်)	ပင်စင်		နှုတ်ထွက်		သေဆုံး		မှတ်ချက်
			ကျား	မ	ကျား	မ	ကျား	မ	
၁။	အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်	၅၅၀၀၀၀	၁	-	-	-	-	-	
၂။	ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ်	၄၁၈၀၀၀-၄၀၀၀-၄၃၈၀၀၀	-	၁	-	-	-	-	
၃။	လက်ထောက်အတွင်းဝန် ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူး	၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀	-	၃	-	-	-	-	
၄။	တရားရေးဝန်ထမ်း အဆင့်(၁)	၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀	၈	၁၀	-	၁	-	-	
၅။	တရားရေးဝန်ထမ်း အဆင့်(၂)	၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀	၃	၃	-	၁	၂	-	
၆။	တရားရေးဝန်ထမ်း အဆင့်(၃)	၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀	၅	၄	-	၃	၁	-	
၇။	တရားရေးဝန်ထမ်း အဆင့်(၄)	၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀	-	-	-	-	-	-	
စုစုပေါင်း			၁၇	၂၁	-	၅	၃	-	

နောက်ဆက်တွဲ (ဃ) အဆုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ
ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း

(အမှုထမ်း) ၁-၁-၂၀၂၄မှ ၃၁-၁၂-၂၀၂၄ ထိ

စဉ်	ရာထူးအမည်	လစာနှုန်း (ကျပ်)	ပင်စင်		နှုတ်ထွက်		သေဆုံး		မှတ်ချက်
			ကျား	မ	ကျား	မ	ကျား	မ	
၁။	ရုံးအုပ်	၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀	၁	၁	-	-	-	-	
၂။	ဌာနခွဲစာရေး	၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀	၇	၈	၁	၅	-	၁	
၃။	အကြီးတန်းစာရေး	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁၅	၁၀	၅	၁၀	၄	၂	
၄။	အကြီးတန်း လက်နှိပ်စက်	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	-	-	-	၁	-	-	
၅။	လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	-	-	၁	-	-	၁	
၆။	ယာဉ်မောင်း-၃	၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၁	-	-	-	-	-	
၇။	အငယ်တန်းစာရေး	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၄	၆	၁၁	၉	၂	၁	
၈။	ဒု လ/ထ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	-	-	-	-	-	-	
၉။	အငယ်တန်း လက်နှိပ်စက်	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၁	၁	၂	၂	၁	-	
၁၀။	လုံခြုံရေး-၄	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	-	-	-	-	-	-	
၁၁။	ယာဉ်မောင်း-၅	၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	-	-	-	-	၁	-	
၁၂။	ရုံးအကူ	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၄	၁	၃	၇	၄	-	
၁၃။	စာပို့ /ဆင့်စာ	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၇	-	၄	၁	၄	-	
၁၄။	ရုံးစောင့်/ သန့်ရှင်းရေး	၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၉	၁	၇	-	၆	-	
စုစုပေါင်း			၄၆	၂၈	၃၄	၃၅	၂၂	၅	

နောက်ဆက်တွဲ (c)

ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ

(အရာထမ်း) ၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ

စဉ်	ရာထူး	သတိပေးခြင်း				စစ်တိုးလစာ ရပ်ဆိုင်းခြင်း	ရာထူးတိုးရပ်ဆိုင်းခြင်း	လစာ နှစ်ဆင့်အထိ ဖြတ်တောက်ခြင်း	ရာထူးဆင်းခြင်း	ဆုံးရှုံးစေသော်လည်း စေတနာဖြင့် ပြုမိသည့် အမှားများအတွက် ဌာနဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်ခြင်း	တာဝန်မဲ့လျှော့ရှုပြီး ဆိုင်ရာဥပဒေများ ချိုးဖောက်ခြင်း	ရာထူးမှထုတ်ပယ်ခြင်း	ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း	စုစုပေါင်း
		ဒဏ်ငွေဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း	ဌာနဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခြင်း	စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း	သတိပေးစာ									
၁။	အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်	-	-	-	-	-	-	-	-	-	-	-	-	-
၂။	ဒုတိယညွှန်ကြားရေးမှူးချုပ်	-	-	-	-	-	-	-	-	-	-	-	-	-
၃။	ညွှန်ကြားရေးမှူး/ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူး	-	၁	-	-	-	၁	-	၁	-	-	-	-	၂
၄။	ဒုတိယညွှန်ကြားရေးမှူး	-	၂	-	-	-	၄	-	-	-	-	၁	-	၇
၅။	ခရိုင်တရားသူကြီး	-	၂	-	-	-	၂	-	-	-	-	၃	-	၇
၆။	တွဲဖက်ခရိုင်တရားသူကြီး	-	-	-	-	-	၂	-	-	-	-	-	-	၂
၇။	ဒုတိယခရိုင်တရားသူကြီး	-	၅	-	-	-	၃	-	-	-	-	၄	-	၂
၈။	လ/ထညွှန်ကြားရေးမှူး	-	၆	-	-	-	၁	-	-	-	-	၁	-	၈
၉။	မြို့နယ်တရားသူကြီး	၁	၁၄	-	-	-	၃	-	-	-	၁	၁	-	၂၀
၁၀။	တွဲဖက်မြို့နယ်တရားသူကြီး	-	၁၃	-	-	၁	၃	-	-	-	-	-	-	၁၇
၁၁။	ဦးစီးအရာရှိ	-	-	၂	-	၁	-	-	-	-	-	၁	-	၄
၁၂။	ဒုတိယမြို့နယ်တရားသူကြီး	-	၁	-	-	-	-	-	-	-	-	၂	-	၃
၁၃။	ဒုတိယဦးစီးမှူး	-	-	၁	-	-	-	-	-	-	-	-	-	၁
စုစုပေါင်း		၂	၄၄	၃	-	၂	၁၈	-	၁	-	၁	၁၃	-	၈၄

နောက်ဆက်တွဲ (c) အဆုံး

ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ

(အမှုထမ်း)

စဉ်	ရာထူး	သတိပေးခြင်း	နှစ်တိုးလစာ ရပ်ဆိုင်း ခြင်း	ရာထူးတိုးရပ်ဆိုင်းခြင်း	လစာနှုန်းထားလျှော့ချခြင်း	ဌာနတွင်းပေးလျော်ခြင်း	ထုံးမှုန်ဖွဲ့ပေးလျော်စေခြင်း	ငွေဒဏ်ပေးဆွဲခြင်း	ရာထူးမှထုတ်ပယ်ခြင်း	ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း	စုစုပေါင်း
၁။	ရုံးအုပ်	-	-	-	-	-	-	-	-	-	-
၂။	ဌာနခွဲစာရေး	-	-	-	-	-	-	-	-	-	-
၃။	အကြီးတန်းစာရေး	၁	-	-	-	-	-	-	၁၂	-	၁၃
၄။	အကြီးတန်းလက်နှိပ်စက်	-	-	-	-	-	-	-	-	-	-
၅။	အငယ်တန်းစာရေး	-	-	၁	-	-	-	-	၁၄	၈	၂၃
၆။	စာရင်းကိုင်-၄	-	-	-	-	-	-	-	၁	-	၁
၇။	ဒု-လထ/ကွန်ပျူတာ	-	-	-	-	-	-	-	-	-	-
၈။	အငယ်တန်းလက်နှိပ်စက်	-	-	-	-	-	-	-	၂	၁	၃
၉။	ယာဉ်မောင်း-၃	-	-	-	-	-	-	-	-	-	-
၁၀။	ယာဉ်မောင်း-၅	-	-	-	-	-	-	-	-	-	-
၁၁။	စာတွဲချုပ်	-	-	-	-	-	-	-	-	-	-
၁၂။	ရုံးအကူ	-	-	-	-	-	-	-	၅	၂	၇
၁၃။	ရုံးအကူ/စာပို့	၁	-	-	-	-	၁	-	၆	၂	၁၀
၁၄။	ရုံးစောင့်/သန့်ရှင်းရေး	-	-	-	-	-	-	-	၈	-	၈
စုစုပေါင်း		၂	-	၁	-	-	၁	-	၄၈	၁၃	၆၅

နောက်ဆက်တွဲ (စ)

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အတွင်း ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည့်ဇယား

စဉ်	ရှေ့နေအလုပ်သင်အဖြစ်စာရင်းတင်သွင်းခွင့်ပြုသည့်ဦးရေ	အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်း ခွင့်ပြုသည့်ဦးရေ	တရားလွှတ်တော်ရှေ့နေ အဖြစ်စာရင်းတင်သွင်း ခွင့်ပြုသည့်ဦးရေ
၁။	(၇၈၄) ဦး	(၆၃၇) ဦး	(၆၂၇) ဦး

နောက်ဆက်တွဲ (စ-၁)

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အတွင်း နိုင်ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစီးဌာနများမှ အထက်တန်းရှေ့နေများအပေါ် တိုင်ကြားစာအရေအတွက်နှင့် အရေးယူဆောင်ရွက်မှုအခြေအနေပြဇယား

ပို့သည့်ဌာန	ရရှိသည့် တိုင်စာ	ဆောင်ရွက်ဆဲ		အရေးယူခံရသည့် ပြစ်ဒဏ်အမျိုးအစားနှင့် ရှေ့နေ အရေအတွက်			ဆက်လက် အရေးယူ ဆောင်ရွက် ရန် အကြောင်းမ ပေါ်ပေါက်၍ ပိတ်သိမ်း ခြင်း
		တိုင်စာအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်	ပြစ်မှုကြောင်း အရအရေးယူမှု ဆောင်ရွက်	ထုတ်ပစ်/ ထုတ်ပယ်	ရပ်ဆိုင်း	သတိပေး	
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့သည့်စာ	၃၀	၁၇	-	၁	၁	-	၁၁
ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်/အခြားဌာနများ	၁	၁	-	-	-	-	-
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်	၃	-	-	-	-	-	၃
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်	-	-	-	-	-	-	-
နိုင်ငံတော်သမ္မတရုံး တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ	-	-	-	-	-	-	-
ဥပဒေရေးရာဝန်ကြီးဌာန	၁	-	-	-	-	-	၁
တရားလွှတ်တော်ရှေ့နေများကောင်စီမှ ပေးပို့သည့်စာ	၁၀၆	၄၆	-	-	၂	-	၅၈
ပြည်နယ်/တိုင်းဒေသကြီးတရားရေးဦးစီးမှူးများမှတစ်ဆင့် ပေးပို့သည့်စာ	၄၂	-	၁၉	၁၈	၂	-	၃
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ	-	-	-	-	-	-	-
ပြည်ထဲရေးဝန်ကြီးဌာန	၁	-	-	-	၁	-	-
စုစုပေါင်း	**၁၈၄**	**၆၄**	**၁၉**	**၁၉**	**၆**		**၇၆**

နောက်ဆက်တွဲ (စ-၂)

၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အတွင်း ရှေ့နေများအား ကြီးကြပ်ကွပ်ကဲ အရေးယူမှုအခြေပြဇယား

စဉ်	အရေးယူခံရသည့် အလုပ်သင် ရှေ့နေဦးရေ	အရေးယူခံရသည့် အထက်တန်းရှေ့နေဦးရေ	အရေးယူခံရသည့် တရားလွှတ်တော် ရှေ့နေဦးရေ	အရေးယူခံရ သည့် နိုတြီပဗ္ဗလစ် ဦးရေ
၁။	မရှိပါ။	(၂၀) ဦး	(၄၈) ဦး	(၁) ဦး

နောက်ဆက်တွဲ (စ-၃)

တိုင်ကြားစာနှင့် ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်မှု အစီရင်ခံစာများအရ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ ၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ

ရှေ့နေရှေ့ရပ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ် သိက္ခာဖောက်ဖျက်ခြင်း			အမှုသည်များနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ခြင်း			တရားရုံးများအပေါ် မထီမဲ့မြင် ပြုလုပ်ခြင်း			ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ် ချမှတ်ခံရခြင်း			စုစုပေါင်း
သတိပေး	ရပ်ဆိုင်း	ထုတ်ပယ်/ ထုတ်ပစ်/ ရပ်စဲ	သတိပေး	ရပ်ဆိုင်း	ထုတ်ပယ်/ ထုတ်ပစ်	သတိပေး	ရပ်ဆိုင်း	ထုတ်ပယ်/ ထုတ်ပစ်	သတိပေး	ရပ်ဆိုင်း	ထုတ်ပယ်/ ထုတ်ပစ်	
-	၇	၁ (နိုတြီ)	-	၆	-	-	၁	-	၁	၉	၄၄	၆၉

နောက်ဆက်တွဲ (ဆ)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ
၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ

စဉ်	ရက်စွဲ	အမည်	သွားရောက်/ online မှလက်ခံကျင်းပသည့်နိုင်ငံ	အစည်းအဝေး/ သင်တန်း/ ဆွေးနွေးပွဲ	မှတ်ချက်
၁။	၁၁-၁၀-၂၀၂၄ မှ ၁၃-၁၀-၂၀၂၄	ဦးသာဌေး ပြည်ထောင်စုတရားသူကြီးချုပ်	မလေးရှားနိုင်ငံ	(၁၉) ကြိမ်မြောက် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ	
	၁၈-၁၁-၂၀၂၄ မှ ၂၁-၁၁-၂၀၂၄		ဖိလစ်ပိုင်နိုင်ငံ	(၁၁) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး	

နောက်ဆက်တွဲ (၈)

တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ

၁-၁-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ထိ

စဉ်	ရက်စွဲ	အမည်	သွားရောက်/ online မှ လက်ခံ ကျင်းပသည့်နိုင်ငံ	အစည်းအဝေး/ သင်တန်း/ဆွေးနွေးပွဲ	မှတ်ချက်
၁။	၂၀-၁၁-၂၀၂၄ မှ ၂၄-၁၁-၂၀၂၄	ဒေါ်စုစုဝင်း စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး	အိန္ဒိယသမ္မတနိုင်ငံ	(၂၅) ကြိမ်မြောက် တရားသူကြီးချုပ်များ အပြည်ပြည်ဆိုင်ရာ ညီလာခံ	

နောက်ဆက်တွဲ (ဈ)

၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းလျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေပြဇယား

တိုင်းဒေသကြီး/ပြည်နယ်	အမှုပြီးပြတ်နှုန်း%			စစ်ဆေးဆဲအမှု သက်တမ်း %		အမှုရွှေ့ဆိုင်းနှုန်း%		ပျမ်းမျှရုံးချိန်း		စံသတ်မှတ်ကာလအတွင်းဆုံးဖြတ်နိုင်မှု%	
	ရှေ့ဇဝတ်	တရား	စုစုပေါင်း	၁၂ လ အထက် ရှေ့ဇဝတ်	၃၆ လ အထက် တရား	ရှေ့ဇဝတ်	တရား	ရှေ့ဇဝတ်	တရား	ရှေ့ဇဝတ်	တရား
ကချင်*	၁၀၈%	၈၈%	၉၈%	၅%	၄%	၄၃%	၃၇%	၁၂	၂၇	၈၀%	၆၈%
ကယား	၄၅%	၀%	၂၃%	၂၂%	၁%	၁၂%	၁%	၃	၀	၁၆%	၀%
ကရင်	၁၀၂%	၉၄%	၉၈%	၁၄%	၁၆%	၂၂%	၂၁%	၉	၁၉	၄၈%	၃၀%
ချင်း	၁၀၂%	၀%	၅၁%	၂၁%	၁၀၀%	၁၄%	၁၀၀%	၂၄	၇၀	၉၈%	၀%
စစ်ကိုင်း	၃၁%	၈၈%	၆၀%	၂၀%	၃၆%	၄၃%	၃၁%	၁၉	၂၈	၂၂%	၂၁%
တနင်္သာရီ	၁၁၄%	၁၄၁%	၁၂၈%	၂%	၁%	၂၉%	၂၄%	၁၂	၂၆	၈၃%	၆၀%
ပဲခူး	၁၀၆%	၁၅၃%	၁၂၉%	၈%	၆%	၂၀%	၃၂%	၁၃	၃၅	၈၀%	၆၅%
မကွေး	၁၀၂%	၁၁၁%	၁၀၇%	၁၄%	၈%	၃၂%	၃၀%	၃၉	၂၈	၉၄%	၆၃%
မန္တလေး	၁၀၉%	၁၂၆%	၁၁၈%	၁၃%	၆%	၃၃%	၃၂%	၁၅	၂၇	၇၈%	၆၈%
မွန်	၁၁၁%	၁၄၇%	၁၂၉%	၁၈%	၁၁%	၄၁%	၆၁%	၁၉	၃၆	၇၁%	၅၉%
ရခိုင်	၁၀၄%	၅၆၁%	၃၃၂%	၁၇%	၀%	၂၅%	၂၆%	၁၅	၂၃	၆၅%	၆၄%
ရန်ကုန်	၁၀၆%	၁၁၇%	၁၁၂%	၂၁%	၁၂%	၃၂%	၃၁%	၁၆	၃၁	၇၃%	၇၀%
ရှမ်း	၁၀၆%	၈၃%	၉၄%	၅%	၂%	၂၄%	၁၈%	၉	၂၂	၉၀%	၅၆%
ဧရာဝတီ	၁၀၁%	၁၃၁%	၁၁၆%	၄%	၂%	၂၉%	၃၂%	၁၃	၂၄	၇၄%	၇၃%
စုစုပေါင်း	၉၆%	၁၃၁%	၁၁၄%	၁၃%	၁၅%	၂၉%	၃၄%	၁၆	၂၈	၆၉%	၅၀%

* ကချင်ပြည်နယ်တွင် နယ်မြေဒေသ အခြေအနေများကြောင့် ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်၊ ဖားကန့်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်၊ ပူတာအိုမြို့နယ်၊ တနိုင်းမြို့နယ်တို့၏ စာရင်းများ ကောက်ယူနိုင်ခြင်းမရှိပါ။

တိုင်းဒေသကြီး / ပြည်နယ်အလိုက် (၁-၁-၂၀၂၄) မှ (၃၁-၁၂-၂၀၂၄) ကာလအတွင်း စွဲဆိုသော အရေးကြီးရာဇဝတ်မှုခင်း အခြေပြဇယား

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မုဒိမ်းမှု		လူသတ်မှု	မူးယစ်ဆေးဝါးမှု	လူကုန်ကူးမှု	ယာဉ်မတော်တဆမှုကြောင့် လူသေမှု	ကလေးသူငယ်မှုခင်းများ
		အရွယ်ရောက်	သက်ငယ်					
၁။	ကချင်ပြည်နယ်	၈	၁၃	၂၄	၂၈၇	၁	၃၈	၄၅
၂။	ကယားပြည်နယ်	၁	၀	၁	၁၃	၀	၀	၂
၃။	ကရင်ပြည်နယ်	၀	၆	၁၃	၂၃၅	၀	၃၄	၃၅
၄။	ချင်းပြည်နယ်	၀	၀	၀	၀	၀	၀	၁
၅။	စစ်ကိုင်းတိုင်းဒေသကြီး	၁၆	၁၁	၁၈	၂၃၆	၀	၁၀	၁၀၉
၆။	တနင်္သာရီတိုင်းဒေသကြီး	၀	၁၄	၃၈	၃၄၇	၂	၂၂	၅၇
၇။	ပဲခူးတိုင်းဒေသကြီး	၂၂	၄၉	၁၁၁	၃၆၂	၁	၁၇၃	၂၄၂
၈။	မကွေးတိုင်းဒေသကြီး	၇	၃၂	၅၆	၁၀၀	၀	၅၉	၁၆၄
၉။	မန္တလေးတိုင်းဒေသကြီး	၂၈	၅၈	၁၅၀	၈၈၀	၂၈	၂၀၀	၄၉၉
၁၀။	မွန်ပြည်နယ်	၄	၁၂	၃၂	၅၆၉	၀	၁၀၄	၁၂၃
၁၁။	ရခိုင်ပြည်နယ်	၀	၂	၂၁	၁၆	၁	၀	၇
၁၂။	ရန်ကုန်တိုင်းဒေသကြီး	၈၂	၁၂	၁၅၁	၄၅၀	၁၂	၆၅	၂၈၂
၁၃။	ရှမ်းပြည်နယ်	၁၁	၁၀	၅၈	၁၁၄၆	၆	၈၅	၁၀၂
၁၄။	ဧရာဝတီတိုင်းဒေသကြီး	၅၀	၁၁၄	၁၇၉	၂၅၆	၄	၂၂၃	၂၈၅
	စုစုပေါင်း	**၂၂၉**	**၃၃၃**	**၈၅၂**	**၄၈၉၇**	**၅၅**	**၁၀၁၃**	**၁၉၅၃**

(၁ - ၁ -၂၀၂၄) နေ့မှ (၃၁- ၁၂ -၂၀၂၄) နေ့အထိ ခရိုင်တရားရုံး / မြို့နယ်တရားရုံးအသီးသီးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ/လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးဥပဒေအရ စွဲဆိုမှုနှင့် ပြီးပြတ်မှု အခြေပြဇယား

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	တရားရုံး	စာရင်းဖွင့် လက် ကျန်	စွဲဆိုသည့် အမှု	ပြီးပြတ် သည့်အမှု	စာရင်းပိတ် လက်ကျန်	ချမှတ်သည့်ပြစ်ဒဏ်များ									
							ထောင်ဒဏ် တစ်သက်		ထောင်ဒဏ်နှစ် (၂၀)နှင့် နှစ်(၂၀)အထက်		ထောင်ဒဏ်(၁၀)နှစ် နှင့်(၁၀)နှစ်အထက် နှစ်(၂၀)အောက်		ထောင်ဒဏ်(၁၀) နှစ်အောက်		အခြား	
							ကျား	မ	ကျား	မ	ကျား	မ	ကျား	မ	ကျား	မ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇
၁	ကချင်	ခရိုင်တရားရုံး	-	၂	-	၂	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၂	ကယား	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၃	ကရင်	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၄	ချင်း	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၅	စစ်ကိုင်း	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၆	တနင်္သာရီ	ခရိုင်တရားရုံး	၃	၂	၅	-	-	-	-	-	၃	၈	-	-	-	-
		မြို့နယ်တရားရုံး	၁	-	၁	-	-	-	-	-	-	-	၁	-	-	-
၇	ပဲခူး	ခရိုင်တရားရုံး	-	၁	-	၁	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၈	မကွေး	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၉	မန္တလေး	ခရိုင်တရားရုံး	၃	၂၈	၂၂	၉	-	-	၁	၃	၅	၁၁	၁	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၁၀	မွန်	ခရိုင်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၁၁	ရခိုင်	ခရိုင်တရားရုံး	-	၁	-	၁	-	-	-	-	-	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၁၂	ရန်ကုန်	ခရိုင်တရားရုံး	-	၁၁	၂	၉	-	-	-	၁	-	၂	-	-	-	-
		မြို့နယ်တရားရုံး	-	၁	-	၁	-	-	-	-	-	-	-	-	-	-
၁၃	ရှမ်း	ခရိုင်တရားရုံး	၅	၆	၇	၄	-	-	-	-	၂	၇	-	-	၂	၁
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
၁၄	ဧရာဝတီ	ခရိုင်တရားရုံး	၁	၄	၁	၄	-	-	-	-	၂	-	-	-	-	-
		မြို့နယ်တရားရုံး	-	-	-	-	-	-	-	-	-	-	-	-	-	-
	စုစုပေါင်း		**၁၃**	**၅၆**	**၃၈**	**၃၁**	**-**	**-**	**၁**	**၄**	**၂၁**	**၂၈**	**၂**	**-**	**၂**	**၁**

မှတ်ချက်။ ။ အခြားအကွက်ရှိ ကျား (၂) ဦး နှင့် မ (၁) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁)အရ အပြီးအပြတ်လွှတ်သည်။

မဟာဗျူဟာစီမံကိန်း ဒုတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၄)
အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ရလဒ်များ

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၁)၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်

၁.၁ ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ် တည်ထောင်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေးအဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၁.၁.၁ နိုင်ငံတစ်ဝန်းတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး စနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း • ဥပဒေအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင် ဆက်လက်ကူညီခြင်း	ဦးစားပေးအဆင့် ၁	ဥပဒေအထောက်အကူပြုအဖွဲ့များအတွက် ခွင့်ပြုထားသော ဘတ်ဂျက်မှ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ ခွဲဝေချထားပေးခဲ့သည့်အပြင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ လုပ်ငန်းများ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။	အချိန်သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ခဲ့

၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေခြင်း

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ကောင်တာများနှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း	ဦးစားပေး အဆင့် ၁		
• အသစ်တည်ဆောက်မည့် တရားရုံးများတွင် သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများ တည်ထောင်ခြင်း		ဧရယျာသီရိခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဟိုပုံးမြို့နယ်တရားရုံး၊ ထန်းတပင်၊ ကြို့ပင်ကောက်၊ မုဒုံ၊ ငပုတော၊ အောင်လံမြို့နယ်တရားရုံးတို့တွင် သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများ ထည့်သွင်းခဲ့ပါသည်။	ရုံးသစ် အဆောက် အဦ (၇) ရုံး
• သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများကို ထိရောက်စွာ အသုံးချစေရေးအတွက် ကြီးကြပ်မှုပေးခြင်း		တိုင်းဒေသကြီး/ ပြည်နယ်များက ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။	ဆောင်ရွက် လျက်ရှိ
၁.၂.၂ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များတိုးမြှင့်လွှင့်တင်ခြင်း	ဦးစားပေး အဆင့် ၁		
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website အား အခြားစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website အား မူခင်းစီမံခန့်ခွဲမှုစနစ် (CMS) နှင့် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါသည်။	ဆောင်ရွက်ဆဲ
• တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ Website များတွင် သတင်းအချက်အလက်များ တိုးမြှင့် လွှင့်တင်ခြင်း		တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ Website များတွင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။	ဆောင်ရွက်ဆဲ
• ASEAN Judicial Portal (AJP) တွင် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း		AJP ၌ မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖော်ပြခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေးအဆင့်	၂၀၂၄ ခုနှစ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ	ရလဒ်တိုင်းတာခြင်း
၁.၂.၃ အများပြည်သူလက်လှမ်းမီသည့် တရားစီရင်ရေးဆိုင်ရာ နည်းပညာသုံး သတင်းအချက်အလက်စနစ်များ ဆောင်ရွက်ခြင်း	ဦးစားပေးအဆင့် ၁		
• ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို Online မှ လေ့လာဖတ်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း		ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုများ၏ စီရင်ချက် (၃၇) မှုကို တိုးမြှင့် လွှင့်တင်နိုင်ခဲ့ပြီး လက်ရှိအချိန်ထိcjs.usc.gov.mm တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုများ စုစုပေါင်း(၂၈၈)မှုအား လွှင့်တင်ဖော်ပြထားပြီးဖြစ်ပါသည်။	(၃၇) မှု တိုးမြှင့် လွှင့်တင်နိုင်ခဲ့
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အသီးသီး၌ တရားရုံး အသုံးပြုသူများအနေဖြင့် တရားစီရင်ရေးသတင်းအချက်အလက်များကို Touch Screen အသုံးပြု၍ ကိုယ်တိုင်ရှာဖွေနိုင်စေရန် Court Information Systemဆောင်ရွက်ခြင်း		တရားရုံးအသုံးပြုသူများအနေဖြင့် တရားစီရင်ရေး သတင်းအချက်အလက်များကို Touch Screen အသုံးပြု၍ ကိုယ်တိုင်ရှာဖွေနိုင်စေရန် Court Information System ကို ရေးသားဆောင်ရွက်ခဲ့ပါသည်။	ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော် (၃) ခု
• တရားလွှတ်တော်များ၌ Touch Screen Kiosk များတပ်ဆင်ခြင်း		မွန်ပြည်နယ်တရားလွှတ်တော်တွင် Touch Screen Kiosk (၁) လုံး တပ်ဆင်ခဲ့ပါသည်။	(၁) ခုတပ်ဆင်ခဲ့
• တရားစီရင်ထုံးအကြောင်းအရာ ရှာဖွေခြင်းစနစ်အား အများပြည်သူလက်လှမ်းမီနိုင်ရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တရားရုံးရှိ အများမြင်သာသော နေရာများ၌ QR Code များစီစဉ် ဆောင်ရွက်ပေးခြင်း		တရားစီရင်ထုံးအကြောင်းအရာ ရှာဖွေခြင်းစနစ်အား အများပြည်သူလက်လှမ်းမီနိုင်ရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း နှင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများ၌ အများမြင်သာသော နေရာများတွင် QR Code များ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။	လက်ကမ်းစာစောင် (၅) သောင်း

၁.၃ တရားရုံးသို့ လာရောက်သူများအား ယဉ်ကျေးလိုက်လဲ လေးစားစွာ ဆက်ဆံရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၁.၃.၁ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများအတွက် ဝန်ဆောင်မှု သင်တန်း ဆက်လက်ပေးခြင်း	ဦးစားပေး အဆင့် ၁		
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများနှင့် တရားရုံး ဝန်ထမ်းများအတွက် ဝန်ဆောင်မှု သင်တန်းများပေးခြင်း		ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။	--
• တိုင်းဒေသကြီး/ ပြည်နယ်များအတွက် တရားရုံးဝန်ဆောင်မှုသင်တန်းဆရာများ အား ဆရာဖြစ် လေ့ကျင့်သင်ကြား ပေးခြင်း		မကွေးတိုင်းဒေသကြီးတွင် တရားရုံး ဝန်ဆောင်မှုဆရာဖြစ်သင်တန်း (၁) ကြိမ် ကျင်း ပပြီး အရာရှိ (၅၉) ဦး၊ အခြားအဆင့် (၅၂) ဦး တက်ရောက်ခဲ့ပါသည်။	သင်တန်း (၁) ကြိမ်
• ခရိုင်တရားရုံးများနှင့်မြို့နယ်တရားရုံးများ တွင် တရားရုံးဝန်ဆောင်မှု ဆင့်ပွား သင်တန်းများ ပေးခြင်း		ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ အတွက် တရားရုံးဝန်ဆောင်မှုဆင့်ပွား သင်တန်းကို ကရင်ပြည်နယ်နှင့် ချင်းပြည်နယ် တို့ တွင် (၁)ကြိမ်စီ၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၂) ကြိမ် စီ၊ စုစုပေါင်း (၆) ကြိမ် ပို့ချနိုင်ခဲ့ပါသည်။	သင်တန်း (၆) ကြိမ်

၁.၄ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုတိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် အဆောက်အဦးများအား ပြုပြင်မွမ်းမံရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေးအဆင့်	၂၀၂၄ ခုနှစ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ	ရလဒ်တိုင်းတာခြင်း
၁.၄.၁ အခြေခံစံ သတ်မှတ်ထားသည့် ဒီဇိုင်းပုံစံများနှင့်အညီ တရားရုံး အဆောက်အဦ နှင့် ဝန်ထမ်းအိမ်ရာအသစ်များ တည်ဆောက်ခြင်း/အဆောက်အဦအဟောင်းများ ပြုပြင်မွမ်းမံခြင်း	ဦးစားပေးအဆင့် ၁		
• မြေနေရာရရှိမှုအပေါ်အခြေခံ၍ တရားရုံးအဆင့်ဆင့်ကို အခြေခံသတ်မှတ် ပုံစံများနှင့်အညီ တည်ဆောက်ခြင်း		ဧရယျာသီရိခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဟိုပုံးမြို့နယ်တရားရုံး၊ ထန်းတပင်မြို့နယ်တရားရုံး၊ ကြို့ပင်ကောက်မြို့နယ်တရားရုံး၊ မုဒုံမြို့နယ်တရားရုံး၊ ငပုတောမြို့နယ်တရားရုံး၊ အောင်လံမြို့နယ်တရားရုံးတို့ကို သတ်မှတ်ပုံစံများနှင့်အညီ ဆောက်လုပ်ခဲ့ပါသည်။	စုစုပေါင်း (၇) ရုံး
• ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တရားရုံးများ၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း		သဃ်နိုးကျွန်းမြို့နယ်တရားရုံးဝန်ထမ်း အိမ်ရာ (၁၁၀ × ၄၈) ပေ (၈) ခန်းတွဲ (၆) ထပ် ကို ဆောက်လုပ် ပြီးစီးခဲ့ပါသည်။	ဝန်ထမ်းအိမ်ရာ (၁) လုံး
၁.၄.၂ တရားရုံးတွင် ပြည့်စုံ လုံလောက်မှု နှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း	ဦးစားပေးအဆင့် ၁		
• ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ တရားရုံးများတွင် နည်းပညာဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း		တရားရုံးများအတွက် ကွန်ပျူတာ၊ ပရင်တာ နှင့် မိတ္တူကူးစက်များ ခွဲဝေပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိပါ။	ဆောင်ရွက်နိုင်မှု
• ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ တရားရုံးအဆောက်အဦအသစ်များတွင် တရားရုံး အင်္ဂါရုပ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ လိုအပ်သော အထောက်အပံ့များပံ့ပိုးခြင်း		လိုအပ်သည့် ပရိဘောဂများ ထောက်ပံ့ခဲ့ပါသည်။	နှစ်စဉ်

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၂)၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

၂.၁ သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၂.၁.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းပေးခြင်း • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်သောလုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် မီဒီယာဆက်ဆံရေးဘာသာရပ်အား သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း	ဦးစားပေး အဆင့် ၁	ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ်(၃၂)နှင့် (၃၃)တို့မှ သင်တန်းသား/သင်တန်းသူ (၁၆၁) ဦးကို မီဒီယာဆက်ဆံရေးဘာသာရပ်ကို သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ပို့ချခဲ့ပါသည်။	သင်တန်း (၂) ကြိမ်
• တရားလွှတ်တော်များတွင် မီဒီယာဆက်ဆံရေးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းများ ပေးခြင်း		တရားလွှတ်တော်များတွင် သင်တန်းသား (၄၇၅) ဦးအား မီဒီယာဆက်ဆံရေးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းများ ပို့ချခဲ့ပါသည်။	သင်တန်း (၁၁) ကြိမ်
၂.၁.၂ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်စေခြင်း • တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကိုမီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁	၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများတွင် သတင်းပြန်ကြားရေးအရာရှိများက သတင်းမီဒီယာများမှ သတင်းထောက်များနှင့် တွေ့ဆုံမေးမြန်းမှု (၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။	တွေ့ဆုံမှု (၅) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၂.၁.၃ အများပြည်သူဆိုင်ရာ သတင်း အချက်အလက်အစီအစဉ် တိုးချဲ့ ဆောင် ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• ဥပဒေရေးရာအသိပညာပေးအစီအစဉ် များအား တိုးချဲ့လွှင့်တင်ခြင်း		စဉ်ဆက်မပြတ် လွှင့်တင်လျက်ရှိပါသည်။	နှစ်စဉ်
• ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ချမှတ်သော အထူးအယူခံမှုစီရင်ချက် များ (ဒုတိယတွဲ) စာအုပ်ထုတ်ဝေခြင်း		ထုတ်ဝေနိုင်ရေး ဆက်လက် ဆောင်ရွက် လျက် ရှိပါသည်။	ထုတ်ဝေ နိုင်ခဲ့ခြင်းမရှိ
• တရားရေးဂျာနယ်၊ မြန်မာနိုင်ငံ တရား စီရင်ထုံးနှင့် အခြားဥပဒေဆိုင်ရာ စာ အုပ်များ ထုတ်ဝေခြင်း		တရားရေးဂျာနယ် အတွဲ (၄) အမှတ် (၂)၊ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး၊ ၂၀၂၃ ခုနှစ် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြား ချက်နှင့် အမှာစာများစာအုပ်၊ (၂၇) ကြိမ် မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းစာအုပ်တို့ကို ထုတ်ဝေခဲ့ပါသည်။	အချိန်မီ ထုတ်ဝေခဲ့
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ်တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးနှစ်စဉ်အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ထုတ်ဝေခဲ့ပါ သည်။	ထုတ်ဝေခဲ့
• တရားလွှတ်တော်များအလိုက်တရား ရုံးနှစ်စဉ် အစီရင်ခံစာများထုတ်ဝေခြင်း		တရားလွှတ်တော်များက နှစ်စဉ်အစီရင်ခံစာ ကို မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။	ထုတ်ဝေခဲ့
• ရှေ့နေရှေ့ရပ်ဆိုင်ရာ သတင်းအချက် အလက်များ ထုတ်ပြန်ခြင်း		ရှေ့နေရှေ့ရပ်ဆိုင်ရာ သတင်းအချက် အလက်များ ထုတ်ပြန်ခြင်းကို ပြည်ထောင် စု တရားလွှတ်တော်ချုပ် Website တွင် လွှင့်တင်ခဲ့ပါသည်။	လွှင့်တင်မှု (၂၄) ကြိမ်
• ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်း ဆိုင်ရာ ဥပဒေအရ ထိမ်းမြားပေးနိုင် ခွင့်လိုင်စင် ရရှိထားသူများစာရင်းကို Website တင်ခြင်း		ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိထားသူ (၂၃) ဦး စာရင်းတင်ထားရှိပါသည်။	လွှင့်တင်မှု (၇) ကြိမ်

၂.၂ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြု အစီအစဉ်များမြှင့်တင်ဆောင်ရွက်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၂.၂.၁ အများပြည်သူ အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ခြင်း • တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူ သိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိခြင်း	ဦးစားပေး အဆင့် ၁	တရားရုံးအသုံးပြုသူများက တရားရုံး နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိခြင်း တို့ကို တရားရုံးတိုင်းတွင် ဆောင်ရွက်ထား ရှိပါသည်။	ပုံမှန် ဆောင်ရွက် လျက်ရှိ
၂.၂.၂ တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း • တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာ စကားများဖြင့် ဆက်လက်ဖြန့်ဝေပေးခြင်း	ဦးစားပေး အဆင့် ၁	ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် နှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်များသို့ မြန်မာဘာသာဖြင့် သင့်အတွက် တရားရုံး ၅၀၀ စောင်၊ ရာဇဝတ် ၅၀၀ စောင်နှင့် တရားမ ၅၀၀ စောင်စီ စုစုပေါင်း (၄၅၀၀) စောင် ဖြန့်ဝေပေးခဲ့ပါသည်။ တိုင်းရင်းသားဘာသာစကားများဖြင့် ဆက်လက်ဖြန့်ဝေနိုင်ခြင်း မရှိပါ။	စာစောင်ပေါင်း (၄၅၀၀)

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၃)၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့် ဖော်ဆောင်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၁.၁ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း • တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၏လက်ရှိအနေအထားကိုဆန်းစစ်အကဲဖြတ်နိုင်ရန်တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ်သုတေသနပြုလုပ်ခြင်း	ဦးစားပေး အဆင့် ၁	တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုအပေါ် သုတေသနစာတမ်း ပြုစုခဲ့ပါသည်။	အချိန်မီဆောင်ရွက်ခဲ့
၃.၁.၂ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပြီး လွတ် လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ် ပေါ်စေရန် အခြားသော မဏ္ဍိုင်များ၊ အကျိုးသက်ဆိုင်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း • ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ (DNFPBs) အပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ တိုးတက်လာသော နည်းပညာရပ်များကို လေ့လာခြင်း	ဦးစားပေး အဆင့် ၁	(AML/ CFT) ဆိုင်ရာဆွေးနွေးပွဲများကို ပြည် ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတွင် (၁) ကြိမ်၊ ပျဉ်းမနားခရိုင်တရားရုံးတွင် (၁) ကြိမ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့ တွဲဖက်၍ In person/ Virtual စနစ်ဖြင့် (၁) ကြိမ်၊ မဟာအောင်မြေခရိုင်တရားရုံးတွင် (၁) ကြိမ် ကျင်းပခဲ့ပါသည်။	စုစုပေါင်း (၄) ကြိမ်
• မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ပရှေ့နေများနှင့် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်း		ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ပြင်ပရှေ့နေများပါဝင်သည့် မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ (၃) ကြိမ် ကျင်းပခဲ့ပါသည်။	ဆွေးနွေးပွဲ (၃) ကြိမ်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း • ဒေသတွင်း တရားစီရင်ရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁	အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော စားသုံးသူကာကွယ်ရေးဆိုင်ရာဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲနှင့် အာဆီယံတရားသူကြီးချုပ်များကောင်စီ တရားစီရင်ရေးဆိုင်ရာ သင်ကြားခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း လုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော အသိဉာဏ်ပစ္စည်းဆိုင်ရာ တရားမနှင့် ရာဇဝတ်မှုခင်းများစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် တရားစီရင်ရေးဆွေးနွေးပွဲ၊ မလေးရှားနိုင်ငံတွင် ကျင်းပသော အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ တရားမမှုများတွင် ဆင့်စာချအပ်မှုချောမွေ့ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု လုပ်ငန်းအဖွဲ့ အစည်းအဝေးများနှင့် တရားစီရင်ရေးမှုခင်းစီမံခန့်ခွဲမှု နယ်ပယ်အသစ်နှင့် အကောင်းဆုံးကျင့်စဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မလေးရှားနိုင်ငံတွင် ကျင်းပသော (၁၉) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ၊ စကော်ပူနိုင်ငံတွင် ကျင်းပသောအာဆီယံတရားသူကြီးချုပ်များ ကောင်စီ လေ့လာရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ အာဆီယံတရားစီရင်ရေးပေါ်တယ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဗီဒီယို	ပူးပေါင်းဆောင်ရွက်မှု (၇) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
		ကွန်ဖရင့်ဖြင့်ကြားနာခြင်း ဆောင်ရွက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး၊ အိန္ဒိယနိုင်ငံတွင် ကျင်းပသော (၂၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ တရားသူကြီးချုပ်များညီလာခံများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့်အပြင် စင်ကာပူနိုင်ငံ၊ တရားရုံးချုပ်မှ ကြီးမှူးကျင်းပသော Conversations with the Community Session 3 မှ 7 အထိ စုစုပေါင်း (၅) ကြိမ်သို့ တရားရေးအရာရှိ (၁၅) ဦးက Online ဖြင့် တက်ရောက်ခဲ့ပါသည်။	
• နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ ချုပ်ဆိုရန်နှင့် အကောင်အထည် ဖော်ရန် ဆောင်ရွက်ခြင်း		ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့ အကြား ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် “မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံတွင် လေ့ကျင့်သင်ကြားပေးရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ”အား နောက်ထပ် (၃) နှစ် သို့မဟုတ် စာချွန်လွှာတွင် သတ်မှတ်ထားသည့် သင်တန်းသားအရေအတွက် (၄၀၀) ပြည့်သည်အထိ သက်တမ်းတိုးမြှင့်ခဲ့ပါသည်။	နားလည်မှုစာချွန်လွှာ (၁) စောင် သက်တမ်းတိုးခြင်း

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များ ပေးခြင်း	ဦးစားပေး အဆင့် ၁		
• တရားရုံးများလက်စွဲ (ပထမတွဲ) ပြင်ဆင်ခြင်းအား ဆောင်ရွက်ခြင်း		တရားရုံးများလက်စွဲ (ပထမတွဲ) ပြင်ဆင်ခြင်းအား ဆောင်ရွက်ဆဲဖြစ်ပါသည်။	--
• ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ရှေ့နေရှေ့ရပ်များလိုက်နာရန် လိုအပ်သည့် ညွှန်ကြားချက်၊ ကြေညာချက်များ ရေးဆွဲထုတ်ပြန်ခြင်း		အွန်လိုင်း လိမ်လည်မှုများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုလားရာများ မဟာဗျူဟာခွဲခြမ်းစိတ်ဖြာမှုအစီရင်ခံစာကို တရားရုံးများသို့ ဖြန့်ဝေခြင်း၊ UNSCR ဆုံးဖြတ်ချက်အမှတ် ၁၆၂၇၊ ၁၇၁၈ တို့နှင့် သက်ဆိုင် သည့် Sanction List စာရင်းများ၏ မူရင်း Web page link ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ Website တွင် လွှင့်တင် ကြေညာခြင်း၊ အကြမ်းဖက်အုပ်စုပိုင် ပစ္စည်း များနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန်အမိန့် နှင့် တားမြစ်ချက်ထုတ်ပြန်ရေးကိစ္စအား ရှေ့နေရှေ့ရပ်များ လိုက်နာနိုင်ရန် ညွှန်ကြား စာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့

၃.၂ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့်အဆိုပြုရန်၊ ထောက်ခံတင်ပြရန် နှင့် စီမံခန့်ခွဲရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၂.၁ ဘတ်ဂျက်ဦးစားပေး အစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များကို သုံးသပ်ခြင်း	ဦးစားပေး အဆင့် ၁		
• မဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် နှစ်စဉ် ဘတ်ဂျက်ရေးဆွဲပြင်ဆင်ခြင်း နှင့် ဘတ်ဂျက်တောင်းခံလွှာ ရေးသားခြင်း		မဟာဗျူဟာစီမံကိန်းအရ ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအတွက် နှစ်အလိုက် ဘတ်ဂျက် တောင်းခံရန် လျာထားပြီး ဖြစ်ပါသည်။	နှစ်စဉ်
• မဟာဗျူဟာစီမံကိန်း အကောင်အထည် ဖော်ရေးအတွက် ဘတ်ဂျက်ကို ဦးစားပေး အစီအစဉ်အတိုင်း ခွဲဝေပေးခြင်း		ဦးစားပေးအစီအစဉ်အတိုင်း ဘတ်ဂျက်ကို ဦးစားပေးခွဲဝေပေးခဲ့ပါသည်။	နှစ်စဉ်
၃.၂.၂ တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ စွမ်းရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များက ဦးဆောင်၍ ငွေစာရင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်း		ကရင်၊ ချင်း၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၁) ကြိမ်စီ၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၃) ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂) ကြိမ်၊ စုစုပေါင်း (၉) ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။	သင်တန်း (၉) ကြိမ်
၃.၂.၃ လက်ရှိ မဟာဗျူဟာစီမံကိန်းအား နှစ်စဉ် ပြန်လည် အကဲဖြတ် သုံးသပ်ခြင်း	ဦးစားပေး အဆင့် ၁		
• ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄)ကို ပြန်လည်သုံးသပ်ခြင်း		ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ကို ပြန်လည် သုံးသပ်ခဲ့ပါသည်။	အချိန်မီဆောင်ရွက်ခဲ့
• တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ကို ရေးဆွဲခြင်း		တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။	အချိန်မီဆောင်ရွက်ခဲ့

နောက်ဆက်တွဲ (၄) အဆက်

၃.၃ တရားစီရင်ရေးအတွက်ထိရောက် အကျိုးရှိသည့်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၃.၁ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(CMP) အား နည်းပညာသုံး စီမံခန့်ခွဲမှုစနစ် (ACMS)အဖြစ် အဆင့်လိုက်မြှင့်တင် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) ကို နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) အဖြစ် ဆက်လက် အကောင်အထည်ဖော်ခြင်း		ပြစ်မှုနှင့် တရားမတရားစီရင်ရေးဌာနများသို့ နေ့စဉ် တင်သွင်းလျက်ရှိသည့် အမှုအချက်အလက်များကို နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် အတွင်းသို့ Up to Date ဖြည့်သွင်းလျက်ရှိပြီး တရားလွှတ်တော်များ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။	ဆောင်ရွက်ဆဲ
• နည်းပညာသုံးမှုခင်း စီမံခန့်ခွဲမှုစနစ်မှ အများပြည်သူအတွက် တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ရှာဖွေကြည့်ရှုနိုင်ရန် ဆောင်ရွက်ခြင်း		နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ်မှ အများပြည်သူအတွက် တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို Website မှတစ်ဆင့် ရှာဖွေကြည့်ရှုနိုင်ရန် အလို အလျောက် ချိတ်ဆက် နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။	စမ်းသပ် ဆောင်ရွက်ဆဲ
• နည်းပညာသုံးမှုခင်းသတင်းအချက်အလက်စနစ် (NCIS) ကို တရားလွှတ်တော်များက အသုံးပြုနိုင်ရေး စတင်ဆောင်ရွက်ခြင်း		တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် (၁၂) ခုတွင် စတင်အသုံးပြုလျက် ရှိပါသည်။	တရားလွှတ်တော် (၁၂) ခု

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၃.၂ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စာရွက်အသုံးပြုမှုလျော့ချနိုင်ရန် နည်းပညာအသုံး ပြုမှု တိုးမြှင့်ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကိုယ်ပိုင် e-mail စနစ်အား Upgrade ပြုလုပ်ခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကိုယ်ပိုင် e-mail စနစ်တွင် Mail Account (၆၅၀) ခုကို ဌာနအသီးသီးနှင့် နိုင်ငံတစ်ဝန်း ရှိ တရားရုံးအားလုံးက အသုံးပြုနိုင်ရန် စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။	Mail Account (၆၅၀)
• စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စာရွက်စာတမ်းများအသုံးပြုမှု လျော့ချ၍ Online ဖြင့်သာ အသုံးပြုနိုင်ရေး စီစဉ် ဆောင်ရွက်ခြင်း		စာရွက်စာတမ်းများအသုံးပြုမှုကို လျော့ချ နိုင်ရန် ရည်ရွယ်၍ ဌာနအသီးသီး၊ ရုံးခန်း အသီးသီးက ရုံးတွင်းစာများကို Offline ဖြင့် အသုံးပြုနိုင်ရေး၊ တရားရုံးအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် e-mail စနစ် အသုံးပြုနိုင်ရေးအတွက် ကနဦး ဆောင်ရွက် ခဲ့ပါသည်။	စမ်းသပ် ဆောင်ရွက် ဆဲ
• ဌာနများအချင်းချင်းကြား ရုံးတွင်းစာ များ အပြန်အလှန်ပေးပို့နိုင်ရေးအတွက် Office Management System တည် ဆောက်၍ ပြည်ထောင်စုတရားလွှတ် တော်ချုပ်၌ ကနဦး စတင်အသုံးပြုခြင်း		ဌာနအချင်းချင်းကြား ရုံးတွင်းစာများ အပြန် အလှန်ပေးပို့နိုင်ရေးအတွက် Office Management System ရေးဆွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ စမ်းသပ်အသုံးပြုနိုင်ရန် ဆောင်ရွက် လျက်ရှိပါသည်။	သတ်မှတ်ချိန် အတွင်း ဆောင်ရွက် ပြီး

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၃.၃ တရားစီရင်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများအား နည်းပညာသုံးစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• အမှုတွဲဟောင်းများ၊ အမှုစီရင်ချက်များနှင့် အရေးကြီးစာရွက်စာတမ်းများကို စုစည်း သိမ်းဆည်း၍ လွယ်ကူစွာ ရှာဖွေအသုံးပြုနိုင်ရန်အတွက် Document Management System ဆက်လက် ဆောင်ရွက်ခြင်း		၁၉၄၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကျင်းပ ပြုလုပ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးသို့ တင်ပြခဲ့သည့် အမှာစာများနှင့် မှတ်တမ်းများ၊ ဌာနအသီးသီး၏ အရေးကြီးစာရွက်စာတမ်းများ၊ အမှုတွဲများကို Document Management System စနစ်အတွင်းသို့ထည့်သွင်းခဲ့သည်။	စာမျက်နှာ (၅)သိန်းခန့်
• တရားသူကြီးများ၊ တရားရေးအရာထမ်းများနှင့်ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို လွယ်ကူလျင်မြန်စွာ စီမံခန့်ခွဲနိုင်စေရန် Human Resource Management စနစ် ဆောင်ရွက်ခြင်း		Update ထည့်သွင်းဆောင်ရွက်ပြီး ဖြစ်ပါသည်။	သတ်မှတ်ချိန် အတွင်း ဆောင်ရွက်ပြီး
• ရှေ့နေရှေ့ရပ်များဆိုင်ရာ အချက်အလက်များ Lawyer Database နှင့် စီမံခန့်ခွဲမှုစနစ် ဆက်လက် ဆောင်ရွက်ခြင်း		ရှေ့နေရှေ့ရပ်များ၏ အချက်အလက်များ အသေးစိတ်စစ်ဆေးခြင်းနှင့် ရှေ့နေရှေ့ရပ် လျှောက်လွှာများ Update ဖြည့်သွင်းခြင်းကို ဆောင်ရွက်လျက် ရှိပါသည်။	သတ်မှတ်ချိန် အတွင်း ဆောင်ရွက်ပြီး
• တရားရုံးများအတွက် Lawyer Management System Mobile Application အကောင်အထည်ဖော် ဆောင်ရွက်ခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ သက်ဆိုင်ရာဌာနနှင့်အမှုလက်ခံကောင်တာများတွင် အသုံးပြုလျက်ရှိပါသည်။	သတ်မှတ်ချိန် အတွင်း ဆောင်ရွက်ပြီး

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၃.၃.၄ တရားစီရင်ရေး/ ဥပဒေပညာရပ်ပိုင်း ဆိုင်ရာအတွက် Online စနစ်များ ဖော် ဆောင်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားစီရင်ထုံးအကြောင်းအရာ ရှာဖွေ ခြင်းစနစ် (RCMS) ကို တရားရုံးအသုံး ပြုသူများနှင့် အများပြည်သူများ၏ အကြံပြုချက်များ၊ Feedback များ ရယူ ၍ ပိုမိုကောင်းမွန်စေရေး ဆက်လက် ပြင်ဆင် ဆောင်ရွက်ခြင်း		ရရှိလာသည့် Feedback များအပေါ် မူတည်၍ ဆန်းစစ်ခြင်း၊ စနစ်အား ပြင်ဆင်ခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သည်။	ဆောင်ရွက် ပြီး
• Judicial College တွင် Touch Screen များ တပ်ဆင်ခြင်း		Judicial College စာသင်ဆောင်တွင် သတင်းအချက်အလက်များ ရှာဖွေကြည့်ရှု နိုင်ရန် Touch Screen (၁) ခု တပ်ဆင်ခဲ့ ပါသည်။	Touch Screen (၁) ခု
• Judicial College ၌ ဖွင့်လှစ်မည့် သင်တန်းများတွင် e-learning စနစ် စတင် အကောင်အထည်ဖော်ခြင်း		ဒုတိယမြို့နယ်တရားသူကြီးလုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၃၃) တွင် e-Learning စနစ် အသုံးပြုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ ပါသည်။	သတ်မှတ်ချိန် အတွင်း ဆောင်ရွက် ပြီး
၃.၃.၅ လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များ မြှင့်တင်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရုံးအရာ ထမ်း၊ အမှုထမ်းများခန့်အပ်နိုင်ရေး ဆောင်ရွက်ခြင်း		ဆောင်ရွက်ပြီး ဖြစ်ပါသည်။	ဆောင်ရွက် ပြီး
• တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရုံး အရာထမ်း၊ အမှုထမ်းများ၏ တာဝန် ဝတ္တရားများကို ပြင်ဆင် သတ်မှတ်ခြင်း		ဆောင်ရွက်ပြီး ဖြစ်ပါသည်။	ဆောင်ရွက် ပြီး

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄)၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန်

၄.၁ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှု မြင့်မားစေရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၁.၁ တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာတိုးတက်မှု အတွက် ပံ့ပိုးကူညီခြင်း	ဦးစားပေး အဆင့် ၁		
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် တရားသူကြီး ကျင့်ဝတ်ဘာသာရပ်အား သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း		ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၃၂) နှင့် (၃၃) တို့တွင် တရားစီရင်ရေးကျင့်ဝတ်ဘာသာရပ်အား စီမံရေးရာဌာနမှ ပို့ချခဲ့ပါသည်။	သင်တန်း (၂) ကြိမ်
• တရားရုံးဝန်ထမ်းများအရည်အသွေးမြှင့် သင်တန်းများတွင် ဝန်ထမ်းကျင့်ဝတ်၊ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်တို့အား သင်ရိုးညွှန်းတမ်းတွင်ထည့်သွင်းပို့ချခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ်(၂)တွင် ဝန်ထမ်းများအား လည်းကောင်း၊ ကရင်ပြည်နယ်တရားလွှတ်တော်တွင် တရားရေးအရာရှိများအား လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်ဘာသာရပ်ကို ပို့ချခဲ့ပါသည်။	သင်တန်း (၃) ကြိမ်
၄.၁.၂တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှု အတွက် ပံ့ပိုးကူညီခြင်း	ဦးစားပေး အဆင့် ၁		
• တရားစီရင်ရေးဂုဏ်သိက္ခာနှင့် ပညာရပ် ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များ၌ သင်တန်းများ၊ စွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း		ဧစ္စစပ်ဖြေရှင်းရေးဆင့်ပွားသင်တန်းအား မွန်ပြည်နယ်တရားလွှတ်တော်တွင် တရားရေးအရာရှိ (၃၇)ဦး၊ တရားရုံးဝန်ထမ်း (၆၀) ဦး၊ တနင်္သာရီတိုင်းဒေသကြီးတရား လွှတ်တော်တွင် တရားရေးအရာရှိ(၂၈)ဦး၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားရေးအရာရှိ(၇၁)ဦး၊ စုစုပေါင်း (၁၉၆) ဦးတို့အား သင်ကြားပို့ချခဲ့ပါသည်။	သင်တန်း (၃) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၁.၃ တရားသူကြီးများအတွက် သတင်းအချက်အလက်စနစ်မြှင့်တင်ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားရေးဆိုင်ရာ သတင်းအချက်အလက်များ တစ်စုတစ်စည်းတည်း ရယူ နိုင်ရန် Internal Portal ဆောင်ရွက်ခြင်း		တရားရေးဆိုင်ရာ သတင်းအချက်အလက်များကို portal.usc.gov.mm မှတစ်ဆင့် တစ်စုတစ်စည်းတည်း ရယူ ကြည့်ရှု အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။	စမ်းသပ် ဆောင်ရွက်ဆဲ
• နိုင်ငံတော်ပြန်တမ်းများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြန်တမ်းများကို e-library မှ လေ့လာဖတ်ရှုနိုင်ရန် ဆောင်ရွက်ခြင်း		အစီရင်ခံကာလအတွင်း နိုင်ငံတော်ပြန်တမ်း (၄၉) ခု၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ပြန်တမ်း (၃၅) ခုနှင့် နေ့စဉ်ထုတ် သတင်းစာများကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအသီးသီးက Online မှ လေ့လာဖတ်ရှုနိုင်ရန် Update လွှင့်တင်ဖော်ပြထားပါသည်။	အချိန်နှင့် တစ်ပြေးညီ ဆက်လက် ဆောင်ရွက်ဆဲ
• ၂၀၂၂ ခုနှစ်မတိုင်မီ ထုတ်ပြန်ခဲ့သည့် နိုင်ငံတော် ပြန်တမ်းများအား Digitized ပြုလုပ်၍ e-library စနစ်သို့ ဖြည့်သွင်းခြင်း		ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။	--

နောက်ဆက်တွဲ (၄) အဆက်

၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ အားကောင်းလာစေရန် ဆက်လက် ဆောင်ရွက်ခြင်း

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၂.၁ တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသန စွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Library စနစ်အား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း		e-library စနစ်အတွင်းရှိ စာကြည့်တိုက်တွင် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မှုများကို ဆောင်ရွက်ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
• တရားရေးဝန်ထမ်းများ၏ တရားစီရင်ရေးစွမ်းရည်၊ ဥပဒေရေးရာသုတေသန စွမ်းရည်များ မြင့်မားလာစေရန် ဥပဒေဆိုင်ရာသုတေသနစာတမ်း ဖတ်ပွဲများ ကျင်းပခြင်း		ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။	--
၄.၂.၂ တရားစီရင်ရေးဆောင်ရွက်မှု တိုးတက် ကောင်းမွန်ရေးကို အထောက်အကူပြုရန် အချက်အလက်စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း	ဦးစားပေး အဆင့် ၁		
• လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျား/မ အခြေပြုအကြမ်းဖက်မှုများတွင် အကျုံးဝင်သောတရားစွဲဆိုမှုများနှင့် စပ်လျဉ်းသည့်အချက်အလက်များ ကောက်ယူခြင်း		ပြစ်မှုတရားစီရင်ရေးဌာနမှ အချက်အလက်များ ကောက်ယူစုစည်းပြီး ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများအရ တရားစွဲဆိုမှုများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ကောက်ယူခြင်း		ပြစ်မှုတရားစီရင်ရေးဌာနမှ အချက်အလက်များ ကောက်ယူစုစည်းပြီး ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
• တရားစီရင်ရေးကဏ္ဍတွင် တာဝန်ထမ်း ဆောင်လျက်ရှိသော တရားသူကြီး/ တရားရေးအရာရှိ နှင့် အခြားအဆင့် ဝန်ထမ်းများ (ကျား/မ ၊ အသက် အလိုက်) အရေအတွက်ကောက်ယူခြင်း		စီမံရေးရာဌာနမှ အချက်အလက်များ ကောက်ယူစုစည်းပြီး ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
• တရားရုံးအဆင့်ဆင့်၏ ပြက္ခဒိန်နှစ် အလိုက် မှုခင်းပြီးပြတ်မှုစာရင်းများ၊ မူးယစ်ဆေးဝါးမှု၊ မုဒိမ်းမှု(အရွယ်ရောက်/ သက်ငယ်)၊လူကုန်ကူးမှု၊လူသတ်မှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ်ဥပဒေအရ စွဲဆိုမှု စာရင်း များ ကောက်ယူခြင်း		တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များမှ စာရင်းကောက်ယူခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်စေရန် သီးသန့်သင်တန်းများ ပေးခြင်း	ဦးစားပေး အဆင့် ၁		
• တရားသူကြီးများအတွက် မွမ်းမံသင်တန်းများနှင့် ဒုတိယမြို့နယ်တရားသူကြီးများအတွက် လုပ်ငန်းဝင်သင်တန်းများ ပေးခြင်း		တရားရေးအရာရှိကြီးများမွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၂၄ ၊ ၂/၂၀၂၄၊ ၃/၂၀၂၄ သင်တန်းများနှင့် ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂)နှင့်(၃၃)တို့အား ဖွင့်လှစ်ခဲ့ပါသည်။	သင်တန်း (၅) ကြိမ်
• အာဆီယံတရားသူကြီးချုပ်များကောင်စီ၊တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်းလုပ်ငန်းအဖွဲ့၏မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်အရလေ့ကျင့်သင်ကြားပေးခြင်း		အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာဒေသတွင်း အလုပ်ရုံ ဆွေးနွေးပွဲနှင့်အာဆီယံတရားသူကြီးချုပ်များကောင်စီ တရားစီရင်ရေးဆိုင်ရာ သင်ကြားခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တရားရေးအရာရှိ (၂) ဦး တက်ရောက်ခဲ့ပါသည်။	သင်တန်း (၅) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
• တရားရုံးသက်သေအထူးစစ်မေးခန်း အသုံးပြု၍ သက်သေစစ်မေးခြင်း လမ်းညွှန်” အား တရားရေးသင်တန်း များတွင် ထည့်သွင်းပို့ချခြင်း		ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ် (၃၂) နှင့် (၃၃) တို့တွင် ထည့်သွင်းပို့ချခဲ့ပါသည်။	သင်တန်း (၂) ကြိမ်
၄.၂.၄ တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်မှု နှင့် အများပြည်သူကျေနပ်မှု မြှင့်တင်ရန် သင်တန်းများ ဆက်လက်ပေးခြင်း • တရားရုံးဝန်ထမ်းများအတွက် တည်ဆဲ လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းကို ပြန် လည် သုံးသပ်ရေးဆွဲခြင်းနှင့် ယင်းသင်ရိုး ညွှန်းတမ်းနှင့်အညီ သင်တန်းများ ဆက်လက်ပေးခြင်း	ဦးစားပေး အဆင့် ၁	ဆောင်ရွက်နိုင်ခြင်း မရှိပါ။	--
၄.၂.၅ တရားစီရင်ရေးဆိုင်ရာ အသိပညာ ပေးမှု မြှင့်တင်ခြင်း • ဖွံ့ဖြိုးတိုးတက်လာသည့်ပညာရပ်ဆိုင် ရာနယ်ပယ်များ (CMP, Customer Service, IP အပါအဝင် Commercial Matters, Mediation, Fact-finding, etc.) တို့ကို ဒုတိယမြို့နယ်တရား သူကြီးများလုပ်ငန်းဝင်သင်တန်း၊ မြို့နယ် နှင့် ခရိုင်အဆင့်တရားသူကြီး များ မွမ်းမံ သင်တန်းတို့၏ သင်ရိုး ညွှန်းတမ်းတွင် ပေါင်းစည်းထည့်သွင်း ခြင်း	ဦးစားပေး အဆင့် ၁	CMP ၊ တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းခြင်းနှင့် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဒုတိယမြို့နယ်တရားသူ ကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၂) နှင့် (၃၃) တို့တွင် ထည့်သွင်းပို့ချခဲ့ ပါသည်။	သင်တန်း (၂) ကြိမ်
• တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင် ရာ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်း		တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရား ရုံးဝန်ထမ်း အရည်အသွေးမြှင့်သင်တန်း (၁၅) ကြိမ် နှင့် ကွန်ပျူတာကျွမ်းကျင်မှု သင်တန်း (၆) ကြိမ် ပို့ချခဲ့ပါသည်။	စုစုပေါင်း သင်တန်း (၂၁) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

၄.၃ တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၃.၁ တရားရုံးဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း • တရားရုံးများ၏ ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ အကဲဖြတ်မှုကို ဆက်လက် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁	ဘေးကင်းလုံခြုံရေးစီမံချက်နှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိကို စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။	နှစ်စဉ်
၄.၃.၂ တရားရုံးများ၏ ဘေးကင်းလုံခြုံမှု တိုးတက်စေခြင်း • တရားရုံးများတွင် ဘေးကင်းလုံခြုံရေး စီမံချက်များရေးဆွဲခြင်းနှင့် အသစ် ဆောက်လုပ်မည့် တရားရုံးများတွင် ဘေးကင်းလုံခြုံရေးအစီအမံများ ထည့်သွင်းဆောက်လုပ်ခြင်း	ဦးစားပေး အဆင့် ၁	ဧရာဝတီရိုခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ဟိုပုံးမြို့နယ်တရားရုံး၊ ထန်းတပင်၊ ကြို့ပင်ကောက်၊ မုဒုံ၊ ငပုတော၊ အောင်လံမြို့နယ်တရားရုံးတို့တွင် တရားရုံးအဝင်လုံခြုံရေးဂိတ်များ ထည့်သွင်း ဆောက်လုပ်ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
• Judicial College တွင် လုံခြုံရေး စောင့်ကြည့်စစ်ဆေးသည့် စနစ် (CCTV) တပ်ဆင်ခြင်း		Judicial College တွင် လုံခြုံရေး စောင့်ကြည့် စစ်ဆေးသည့် စနစ် CCTV Camera များ တပ်ဆင်ခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပရဝုဏ်သို့ ဝင်/ထွက်သွားလာမှု လုံခြုံရေးစနစ်ကို အဆင့် မြှင့်တင်ခြင်း		လုံခြုံရေးစနစ်များ အဆင့်မြှင့်တင်ထားရှိပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
၄.၃.၃ လုံလောက်သည့်ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးခြင်း • ၂၀၂၃-၂၀၂၄ ခုနှစ်တွင် သဃ်နံးကျွန်း မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ (၈)ခန်းတွဲ (၆) ထပ် အပြီးသတ် တည်ဆောက်ခြင်း	ဦးစားပေး အဆင့် ၁	ဆောက်လုပ်ပြီးစီးခဲ့ပါသည်။	ဆောက် လုပ်ပြီး

၄.၄ တရားရေးသင်တန်းကျောင်း အသစ်တည်ထောင်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၄.၁ တရားရေးသင်တန်းကျောင်းအတွက် ဘဏ္ဍာရေးရှာဖွေခြင်းနှင့် ဆက်လက် တည်ဆောက်ခြင်း • ၂၀၂၃-၂၀၂၄ ခုနှစ်တွင် Judicial College Building (2) တည်ဆောက်ခြင်း	ဦးစားပေး အဆင့် ၁	တည်ဆောက်ပြီးစီးခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့
၄.၄.၂ တရားရေးလေ့ကျင့်သင်တန်းကျောင်း စီမံကိန်းကို အကောင်အထည်ဖော်ခြင်း • ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ Judicial College အတွက် IT ပစ္စည်း များနှင့် ပရိဘောဂများ ထောက်ပံ့ ဖြည့်တင်းပေးခြင်း	ဦးစားပေး အဆင့် ၁	လိုအပ်သည့် IT ပစ္စည်းများနှင့် ပရိဘောဂ များ ဖြည့်တင်းပေးခဲ့ပါသည်။	အချိန်မီ ဆောင်ရွက်ခဲ့

၄.၅ တရားစီရင်ရေးအတွက် သတင်းအချက်အလက်နည်းပညာအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၄.၅.၁ တရားစီရင်ရေးဆိုင်ရာသတင်း အချက်အလက်နည်းပညာအခြေခံစံနှုန်း များ သတ်မှတ်ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• ICT Master Plan ရေးဆွဲနိုင်ရန် ကြိုတင် ပြင်ဆင် ဆောင်ရွက်ခြင်း		ICT Master Plan အတွက် ရှေ့ပြေးလုပ်ငန်းစဉ်ဖြစ်သည့် နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် (CMS) အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြခဲ့ပါသည်။	ဆက်လက် ဆောင်ရွက်ဆဲ
• Cyber Security ဆိုင်ရာ စံသတ်မှတ်ချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်း		မူကြမ်းရေးဆွဲထားပြီး၊ အဆင့်ဆင့်တင်ပြ၍ တရားဝင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။	ဆက်လက် ဆောင်ရွက်ဆဲ
• နည်းပညာနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ပြဋ္ဌာန်းခြင်း		မူကြမ်းရေးဆွဲထားပြီး၊ အဆင့်ဆင့်တင်ပြ၍ တရားဝင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။	ဆက်လက် ဆောင်ရွက်ဆဲ
• တရားရုံးအဆင့်အလိုက် လိုအပ်သည့် Network Infrastructure တည် ဆောက်နိုင်ရန် စံနှုန်းများ ရေးဆွဲ ပြဋ္ဌာန်းခြင်း		မူကြမ်းရေးဆွဲထားပြီး၊ အဆင့်ဆင့်တင်ပြ၍ တရားဝင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။	ဆက်လက် ဆောင်ရွက်ဆဲ
၄.၅.၂ စွမ်းဆောင်ရည်မြင့် နည်းပညာ ဆိုင်ရာ သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ တရားရေးအရာထမ်း၊ အမှုထမ်းများအား နည်းပညာဆိုင်ရာသင်တန်းများကို Online စနစ်ဖြင့် ပို့ချခြင်း		တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့အား မှုခင်းသတင်းအချက်အလက်စနစ် (CIS) အသုံးပြုနည်းနှင့် e-learning စနစ် အသုံးပြုနည်းရှင်းလင်းဆွေးနွေးပွဲများကို Online စနစ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။	Online ရှင်းလင်း ဆွေးနွေးပွဲ (၄) ကြိမ်

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
• ရုံးလုပ်ငန်းသုံး ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း		ပြည်ထောင်စုတရားလွှတ်ချုပ်ရှိ တရားရေးအရာထမ်း၊ အမှုထမ်း (၂၀) ဦးအား Microsoft Office Word အသုံးပြုနည်း သင်တန်းနှင့် အရာထမ်း၊ အမှုထမ်း (၁၉) ဦးအား Microsoft Office Excel and PowerPoint အသုံးပြုနည်းသင်တန်း တို့အား ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။	သင်တန်း (၂)ကြိမ်
• နည်းပညာအရာထမ်း/ အမှုထမ်းများအတွက် နည်းပညာသင်တန်းများ၊ နည်းပညာဆိုင်ရာ စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်းနှင့် စေလွှတ်ခြင်း		ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး၊ သင်တန်းကျောင်းမှ ဖွင့်လှစ် သော နည်းပညာဆိုင်ရာသင်တန်းများသို့ (၁၄) ဦး စေလွှတ်နိုင်ခဲ့ပါသည်။	ဝန်ထမ်း (၁၄)ဦး
• တရားရေးဆိုင်ရာ သင်တန်းများတွင် နည်းပညာဆိုင်ရာ သင်ခန်းစာများ ထည့်သွင်း သင်ကြားခြင်း		Judicial College ၌ ဖွင့်လှစ်သော ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်း ဝင်သင်တန်းအမှတ်စဉ် (၃၂) နှင့် အမှတ်စဉ် (၃၃) တို့၌ နည်းပညာဆိုင်ရာ ရှင်းလင်း ဆွေးနွေးခြင်းနှင့် ကွန်ပျူတာ အသုံးချ သင်တန်းများအား စီစဉ်ပို့ချနိုင်ခဲ့ပါသည်။	သင်တန်း (၂) ကြိမ်
၄.၅.၃ နည်းပညာဆိုင်ရာ အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• နည်းပညာဆိုင်ရာ ရှင်းလင်းပေးပြော ပွဲများကို Online/ Offline ဖြင့် ကျင်းပပြုလုပ်ခြင်း		တရားရုံးအဆင့်ဆင့်မှ တာဝန်ရှိသူများအား မှုခင်းသတင်းအချက်အလက်စနစ် (CIS) နှင့် e-Learning စနစ်အသုံးပြုနည်းတို့ကို ပို့ချခဲ့ပါသည်။	အွန်လိုင်းပို့ချမှု (၄)ကြိမ်
• နည်းပညာဆိုင်ရာစနစ်များ၏ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း		တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်း စနစ်အား အများပြည်သူ အသုံးပြုနိုင်ရေး အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တရားရုံးရှိ အများမြင်သာသော နေရာများ၌ QR Code များ စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။	လက်ကမ်းစာစောင် (၅)သောင်း၊ QR Code များ

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာ ခြင်း
၄.၅.၄ တရားရုံးအသီးသီးအတွက် လုံခြုံ စိတ်ချစွာ ဆက်သွယ်အသုံးပြုနိုင်သည့် ကွန်ရက်တစ်ခု တည်ဆောက်ရန်	ဦးစားပေး အဆင့် ၁		
• တိုင်းဒေသကြီး/ပြည်နယ်တရား လွှတ်တော် (၂) ခု ၌ Network Infrastructure များ တည်ဆောက် ခြင်း		မကွေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ရှမ်းပြည်နယ်တရားလွှတ်တော်တို့တွင် Network Infrastructure များ တည် ဆောက်ခဲ့ပါသည်။	သတ်မှတ် အချိန်အတွင်း ပြီးစီး
• တရားရေးကောလိပ်တွင် Network Infrastructure တည်ဆောက်ခြင်း နှင့် Cyber လုံခြုံရေးအတွက် စီစဉ် ဆောင်ရွက်ခြင်း		တရားရေးကောလိပ်တွင် Network Infrastructure လုံခြုံရေးအတွက် Fortigate License သက်တမ်းတိုးမြှင့်ခြင်း လုပ်ငန်း အား ဆောင်ရွက်ခဲ့ပါသည်။	သတ်မှတ် အချိန်အတွင်း ပြီးစီး
• ခရိုင်တရားရုံး၊ မြို့နယ်တရားရုံး စုစု ပေါင်း(၈၀)ရုံးတို့တွင် အင်တာနက် ရရှိရေး ဆောင်ရွက်ခြင်း		သီးခြား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။	--
• Mini Data Centre တွင် Power Redundancy Source တပ်ဆင် ဆောင်ရွက်ခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Mini Data Center ၌ Solar စနစ်ဖြင့် Power Redundancy Source တပ်ဆင်ခဲ့ပါသည်။	သတ်မှတ် အချိန်အတွင်း ပြီးစီး
• Network Security အတွက် Firewall Licence သက်တမ်းတိုး ခြင်းနှင့် Network Upgrade ဆောင်ရွက်ခြင်း		ပြည်ထောင်စုတရားလွှတ်တော်ချုပ် Mini Data Center ၌ တပ်ဆင်အသုံးပြုလျက်ရှိ သော Palto Firewall 820 အား License သက်တမ်းတိုးမြှင့်ခြင်း၊ Access Switch များ အင်တာနက် ပြတ်တောက်မှု လျော့ နည်းစေရန်အတွက် Internet Backup Line များ သွယ်တန်းခြင်း၊ အကောင်အထည် ဖော်ထားသောစနစ်များ၏ Performance မြှင့်တင်ရန်အတွက် Server Farm Switch တပ်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။	သတ်မှတ် အချိန်အတွင်း ပြီးစီး

နောက်ဆက်တွဲ (၄) အဆက်

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅)၊ ထိရောက်သော မူခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သည့် အထူးမူခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

၅.၁ နိုင်ငံတစ်ဝန်း မူခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP) အကောင်အထည်ဖော်မှု တိုးမြှင့် ဆောင်ရွက်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေးအဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၅.၁.၁ နိုင်ငံတစ်ဝန်း မူခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ် ဆောင်ရွက်ခြင်း • နိုင်ငံတစ်ဝန်း မူခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်မှု ကြီးကြပ်ခြင်း နှင့် အစီရင်ခံခြင်း	ဦးစားပေးအဆင့် ၁	ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။	--
• နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေ အား တရားရုံးနှစ်စဉ် အစီရင်ခံစာတွင် ထည့်သွင်း ထုတ်ပြန်ခြင်း		တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေရေး လုပ်ငန်းအဖွဲ့ထံသို့ သက်ဆိုင်ရာဌာနများ နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရား လွှတ်တော်များက စာရင်းများ ပေးပို့ ပါသည်။	နှစ်စဉ်
၅.၁.၂ CMP နှင့်စပ်လျဉ်း၍ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့် သင်ကြားသည့် အစီအစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား CMP နှင့် စပ်လျဉ်းသည့် ဘာသာရပ်ကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း	ဦးစားပေးအဆင့် ၁	ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ် (၃၂) နှင့် (၃၃) တို့တွင် CMP နှင့် စပ်လျဉ်းသည့် ဘာသာရပ်ကို ထည့်သွင်းပို့ချခဲ့ပါသည်။	သင်တန်း (၂) ကြိမ်

၅.၂ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များ သတ်မှတ်ခြင်း

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၅.၂.၁ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်း ကိစ္စရပ်များအတွက် နယ်ပယ်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင် ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားရုံးမှုပိုင်ခွင့်ဌာနခွဲအတွက် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာအခြေခံ အဆောက်အဦများ ထောက်ပံ့ပေးခြင်း		ထောက်ပံ့ပေးလျက်ရှိပါသည်။	အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့
• တိတွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း) ရေးဆွဲခြင်း		တိတွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၃.၆.၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၂၄)ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။	အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့
• တိတွင်မှုမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေး အဖြေများ စာအုပ် (QA) ရေးဆွဲခြင်း		ဆောင်ရွက်ဆဲ ဖြစ်ပါသည်။	--
• စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေ များ စာအုပ် (QA) ရေးဆွဲခြင်း		ဆောင်ရွက်ဆဲ ဖြစ်ပါသည်။	--
• စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေများ စာအုပ် (QA) ရေးဆွဲခြင်း		လုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်လျက် ရှိပါသည်။	--
• လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင် ရေးဆွဲခြင်း		ဆောင်ရွက်ဆဲ ဖြစ်ပါသည်။	--

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
• မူပိုင်ခွင့်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း	ဦးစားပေး အဆင့် ၁	မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)သို့ သင်တန်းဆရာ (၁) ဦးသွားရောက်ပို့ချခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ 'မူပိုင်ခွင့် မှုခင်းများ စွဲဆိုခြင်းဆိုင်ရာ အသိပညာဆွေးနွေးပွဲ' သို့ တရားသူကြီး၊ ရှေ့နေ၊ ဌာနဆိုင်ရာကိုယ်စားလှယ်ပေါင်း စုစုပေါင်း (၃၀၅) ဦး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ 'မူပိုင်ခွင့်ဥပဒေရေးရာ အသိအမြင်ဆွေးနွေး ပွဲ'သို့ တရားသူကြီးနှင့် ရှေ့နေ (၈၉) ဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပသည့် တရားသူကြီးများအတွက် မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တရားရေးအရာရှိ (၈၂၀) ဦး၊ တက်ရောက်ခဲ့ပါသည်။	အလုပ်ရုံဆွေးနွေးပွဲနှင့် အသိပညာပေး ဆွေးနွေးပွဲ (၆) ကြိမ်
၅.၂.၂ ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့် အုပ်စုများအတွက် အရင်းအမြစ်ကျသော တရားမျှတမှုတိုးမြှင့်ဆောင်ရွက်ခြင်း • ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သည့် လူကြီးသက်သေများအတွက် တရားရုံးသက်သေအထူးစစ်မေးခန်း/ သီးသန့်ရုံးခန်းတွင် စစ်မေးခြင်းနှင့် လိုအပ်သည့်အခါ သက်သေစကားပြန် စီစဉ်ဆောင်ရွက်ပေးခြင်း	ဦးစားပေး အဆင့် ၁	တရားရုံးများတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အထူးစစ်မေးခန်းများ/ သီးသန့်ရုံးခန်းတွင် စစ်မေးခြင်းများနှင့် လိုအပ်လျှင် စကားပြန် စီစဉ်ပေးခြင်းများ ဆောင်ရွက်ထားရှိပါသည်။	ပုံမှန် ဆောင်ရွက်လျက်ရှိ

နောက်ဆက်တွဲ (၄) အဆက်

၅.၃ တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသော စနစ်များကို သတ်မှတ်ဆောင်ရွက်ရန်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
၅.၃.၁ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း အားဘပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁		
• တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအား အများပြည်သူ လက်လှမ်းမီမှုရှိစေရေးအတွက် ဆောင်ရွက်ခြင်း		ဆောင်ရွက်ခြင်း မရှိပါ။	--
• တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်အား နယ်ပယ်အသီး သီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေး အစီအစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ခြင်း		ဆောင်ရွက်ခြင်း မရှိပါ။	--
• လိုအပ်သည့်သင်တန်းများအား ထိထိရောက်ရောက် ပို့ချပေးနိုင်ရန် ဆောင်ရွက်ခြင်း		အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စ ရပ်များဌာနသည် တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် သင်တန်း (၃) ကြိမ်ပို့ချရာ သင်တန်းသားစုစုပေါင်း (၁၃၅၅)ဦး၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၆) ကြိမ်ပို့ချခဲ့ရာ တရားသူကြီးနှင့် တရားရေးအရာရှိ (၅၂၂) ဦး နှင့် တရားရုံးဝန်ထမ်း (၅၁၅)ဦးတို့တက်ရောက်ခဲ့ကြသည်။	သင်တန်း (၉) ကြိမ်

မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ	ဦးစားပေး အဆင့်	၂၀၂၄ ခုနှစ် အကောင်အထည် ဖော်နိုင်မှုအခြေအနေ	ရလဒ် တိုင်းတာခြင်း
• လိုအပ်သည့်ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ဆောင်ရွက်ခြင်း	ဦးစားပေး အဆင့် ၁	စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များ ဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းအဝေး(၃)ကြိမ် ကျင်းပခဲ့ပါသည်။	လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃) ကြိမ်
• စေ့စပ်ဖြေရှင်းရေးလက်စွဲပါ အကြောင်းအရာများအား လိုအပ်လျှင် ပြင်ဆင်နိုင်ရေးဆောင်ရွက်ခြင်း		ဆောင်ရွက်ခြင်း မရှိပါ။	--
၅.၃.၂ အငြင်းပွားမှုများကို အခြားနည်းဖြင့် ဖြေရှင်းခြင်းစနစ် (ADR System) ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း • အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အငြင်းပွားမှုကို အခြားနည်းဖြင့် ဖြေရှင်းသည့် နည်းစနစ်များ အပေါ် လေ့လာဆန်းစစ်ခြင်း	ဦးစားပေး အဆင့် ၁	ဆောင်ရွက်ခြင်း မရှိပါ။	--
• အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း		ဆောင်ရွက်ခြင်း မရှိပါ။	--

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့



၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအတွက် ဆက်သွယ်ရန်

တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့

အီးမေးလ်: annualreport@usc.gov.mm

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ရုံးအမှတ် ၅၄၊ နေပြည်တော်



SCAN ME